

တော်လှန်ရေးကာလအတွင်းမှ လီနင်

## တော်လှန်ရေး၏ ပထမဆုံးနေ့

လီနင်၏ လက်တို့က တော်လှန်ရေး၏ အထွတ်အထိပ်ခံစားမှုကို ညွှန်ပြရန် လိုအပ်သည်။ စိန့်ပီတာနှင့် စိန့်ပေါခံတပ်တို့က ပုန်ကန်ထကြွဖို့ အမြောက်ပစ်ဖောက် အချက်ပေးလိုက်သည်။ မြို့တော်ခန်းမသို့ သွားရာလမ်းတို့က ပွင့်နေသည်။ တော်လှန်သူများ၊ တံတားကို ဖြတ်ကျော်တိုက်ခိုက်လို့ရပေပြီ။ တန့်ပြန်တော်လှန်ရေးတပ်များက ပိတ်ဆို့ထားခြင်း သို့မဟုတ် တိုးတက်သော အလုပ်သမား၊ လယ်သမား၊ စစ်သား ရေတပ်သားတို့ကို ဖယ်ရှားခြင်းပြုလုပ်နိုင်သည်။

မီးရထားဘူတာရုံများကို အလုပ်သမားတို့က သိမ်းပိုက်ထားလိုက်ကြသည်။ ကြေးနန်းရုံများလည်း ထိုအတိုင်းပင်။ တယ်လီဖုန်း အိပ်ချိန်းရုံများကတော့ 'စမိုလ်နီသိပွဲ' ၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။ ထိုနေရာက ဘော်လ်ရှီဗစ်ပါတီဌာနချုပ်လည်း ဖြစ်သည်။ အသံလွှင့်ရုံက လှိုင်းကို မီအောင်ဖမ်းရသည်။ အလုပ်သမားတွေက ဘဏ်တွေကို စောင့်ရှောက်ထားရသည်။

အောင်ပါပြီ။ ယာယီအစိုးရကို ခဏချင်း ဆောင်းရာသီနန်းတော်တွင် ဖမ်းဆီးခဲ့ပြီးနောက်ဖြစ်သည်။ ဆောင်းရာသီနန်းတော်၏ တံခါးပြတင်းများက တဖျပ်ဖျပ် တောက်ပြီး အလင်းရောင်တွေက ခန်းမထဲကို ယိမ်းထိုးနေသည်။ ဂီတသံတွေ မထွက်။ ဝင်ပေါက်မှာ ကြိုဆိုနှုတ်ဆက်မည့်သူတွေ မရှိ။ တိတ်ဆိတ်ခြင်းကသာ ကြီးစိုးနေပြီး အလုပ်သင် မိုလ်လေးတို့၏ ကင်းလှည့်ရင်း ဖိနပ်ခွာချင်းရိုက်သံတို့က တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။ ယာဉ်များက ဝင်ပေါက်ထဲသို့ လျင်မြန်စွာ သွားလာဝင်ထွက်

ကြသည်။ တပ်နီတို့က ရင်ပြင်ကို သိမ်းပိုက်ထားကြသည်။ ခေါင်းလောင်းသံက လေးလေးမှန်မှန် ထွက်ပေါ်လာသည်။ မြို့တော်ခန်းမတွင် စည်းဝေးနေသော အစည်းအဝေးက တော်လှန်ရေးကို ချေမှုန်းရန်ဖြစ်သည်။ သမိုင်းကို ပြန်လည် ပြင်ဆင်ရမည့်အချိန်ကို ရောက်လာခဲ့သည်။ ဝန်ကြီးများက ယခုလွတ်မြောက်အောင် မည်သို့လုပ်ရမည်နည်း ပြောဆိုရင်း ငြင်းခုံနေကြသည်။

အချက်ပြလိုက်သောအခါ ဒေါသထွက်နေသော အမြောက်ကျည်တို့က ရင်ပြင်ရှေ့သို့ ကျရောက်ပေါက်ကွဲသည်။ ဂိတ်တံခါးတို့ကို တစ်ခုပြီးတစ်ခု ဖွင့်ထားလိုက်ကြသည်။ လော်ရီကားများက ဖြတ်သန်းသွားကြသည်။ တပ်နီများ၊ ဆိုင်ကယ်စီးလာသော ပြည်သူစစ်များက အလုံးအရင်းနှင့်။

မှောင်မိုက်သော ပီထရိုဂရက်ဆောင်းရာသီနန်းတော်ကား မဲ့ကျည်နှစ်ခု ပစ်ဖောက်လိုက်သည်နှင့်တူသည်။ တစ်ခုက ထာဝရတည်မြဲမည်ဟုထင်သော အရာငြိမ်းသက်သွားပြီး တစ်ဖက်၌ အဆုံးမရှိသောအရာ ပေါက်ကွဲသွားပုံဖြစ်သည်။

ဆောင်းရာသီနန်းတော်တွင် ယာယီအစိုးရ၏ နောက်ဆုံးအစည်းအဝေးကို ကျင်းပနေသည်။ စမိုလ်နီတွင် တော်လှန်သော စစ်ကော်မတီ၏ ပထမဆုံး အလုပ်သမားလူတန်းစား နိုင်ငံတည်ဆောက်ရေးကို ပြောနေသည်။

မှန်တိုင်းက အထွတ်အထိပ်ကို ရောက်လေပြီ။ သို့သော် အားလုံးကား ထိန်းချုပ်မှုတစ်ခုအောက်တွင် ရှိကြသည်။ 'လီနင်'၏ တိုက်ရိုက်အမိန့်ပေးမှုအောက်မှ ဆန့်ကျင်ဘက်ဖြစ်မှာကို စိုးရိမ်ခြင်းက အများဆုံးပင်။

တော်လှန်ရေးက အနိုင်ရခဲ့သည်။

အောက်တိုဘာ ၂၅ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗလာဒီမီယာအိုင်ရစ်ချ်က ရုရှားနိုင်ငံသားများ သိစေရန် တိုတောင်းသော ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဆယ်စုနှစ်များစွာ ရှန်းကန်ခဲ့ရသည်ကို စာလုံးအနည်းငယ်နှင့်ပင် ရုပ်လုံးဖော်ခဲ့သည်။

*"ယာယီအစိုးရကို ဖယ်ရှားလိုက်ပြီ။ ယင်းမှာ ပြည်သူတို့အတွက် တိုက်ခိုက်ရခြင်းဖြစ်သည်။ ဒီမိုကရက်တစ်ငြိမ်းချမ်းရေးကို ချက်ချင်းပေးအပ်မည်။ မြေယာပိုင်ဆိုင်မှုကို ဖျက်သိမ်းသည်။ ထုတ်လုပ်မှုအပေါ် အလုပ်သမားတို့ကသာ ထိန်းချုပ်မည်။ ဆိုဗီယက်ပါဝါကို တည်ထောင်သည်။ ထိုအချက်တို့သည် အတည်ဖြစ်သည်။ အလုပ်သမား၊ တပ်မတော်သားနှင့် တောင်သူလယ်သမားတို့၏တော်လှန်ရေး အဓွန့်ရှည်ပါစေ"* ဟုဖြစ်သည်။

ယဉ်မျိုးစာအုပ်တိုက်

ဆိုဗီယက်ကွန်ဂရက် ဒုတိယအစည်းအဝေးကို ညနေတွင် ဆက်လက်ကျင်းပသည်။ မင်ရှီဗစ်ခေါ် ရုရှားဆိုရှယ်ဒီမိုကရက်လှုပ်ရှားမှုမှ ဆင်းသက်ခဲ့သူများနှင့် ဆိုရှယ်လစ်တော်လှန်ရေးသမားများခေါ် လက်ဝဲဒီမိုကရက်တစ်ပါတီတို့ဖြစ်သည်။ ယာယီအစိုးရအတွက် ကြားဝင်ဖြန်ဖြေပေးဖို့ဖြစ်သည်။ ဆောင်းရာသီနန်းတော်ကိုကား ပိတ်ဆို့ထားပေပြီ။ ကွန်ဂရက်မစခင် တစ်နာရီအလိုတွင် အော်ရိုရာစစ်သင်္ဘောက အမြောက်ပစ်ဖောက်လိုက်သည်။ နန်းတော်ကို သိမ်းပိုက်ဖို့ အချက်ပေးလိုက်ခြင်းပင်။

အချိန် ၁၅ မိနစ်ခြားတိုင်း လီနင်က အကြောင်းကြား အချက်ပေးလျက်ရှိသည်။ ကြားအချိန်၌လည်း လီနင်ထံသို့ ပြန်လည်အစီရင်ခံကြသည်။ နန်းတော်ကို တင်းကျပ်စွာ မည်သို့ ပိတ်ဆို့ထားကြောင်း၊ နောက်ဆုံး မည်သို့ စတင်ခဲ့သည့်အကြောင်း ဖြစ်သည်။ ဆောင်းရာသီနန်းတော်တွင် ယာယီအစိုးရအဖွဲ့ဝင်များသည် ကျောင်းဆင်းစ ကျောင်းသားများနှင့် အမျိုးသမီးတပ်ရင်းတစ်ခု၏ အကာအကွယ်အောက်၌ ရှိသည်။ တော်လှန်ရေးတပ်များက အောက်တိုဘာ ၂၅ ရက် ည ၂း၁၀ နာရီ ၂၆ ရက်နေ့ အရုဏ်မတက်မီ စတင်တိုက်ခိုက်သည်။ ဝန်ကြီးများကို ဖမ်းဆီးလိုက်သည်။ စိန့်ပီတာနှင့် စိန့်ပေါ်လ်တပ်တို့၌ပင် အကျဉ်းချထားသည်။ ယာယီအစိုးရအကြီးအကဲ ကာရင်စကီက လွတ်မြောက်သွားသည်။ တပ်နီတို့၏ မုန်တိုင်းသဖွယ် စစ်ဆင်ရေးစတင်ပြီးနောက် နန်းတော်ရှိ အခန်းတစ်ခုတွင် အမျိုးသမီးဟန် ရုပ်ဖျက်၍ မှောင်မိုက်သော လမ်းကျဉ်းမှ အသင့်စောင့်နေသော ကားတစ်စီးဖြင့် ကာရင်စကီ ထွက်ခွာသွားသည်။

*"နန်းတော်ကို တိုက်ခိုက်သိမ်းပိုက်တဲ့ မုန်တိုင်းစစ်ဆင်ရေးမှာ လူအဆုံးအရှုံး ဘယ်လောက်ရှိလဲ"*ဟု လီနင်က ကြေးနန်းဖြင့် မေးသည်။ *"ခြောက်ယောက်"* ဟုဖြေသည်။

ထိုခြောက်ဦး၏ အသက်က လူသန်းရာချီသော ဘဝတို့ကို ကယ်တင်လိုက်ခြင်းဖြစ်သည်။ တစ်ဦးကဆိုလျှင် ပုန်ကန်တကြွရန် အချိန်မရဘဲ အချက်မပြနိုင်ခဲ့လျှင် အစုအပြုံလိုက် သတ်ဖြတ်ခံရနိုင်သည်ဟု ထင်မိနေသည်။ ကာရင်စကီအစိုးရတပ်များက အလုပ်သမားလူတန်းစားကို ဆန့်ကျင်ပြီး တိုက်ရိုက်တိုက်ခိုက်ပေမည်။

ယင်းမှာ လူ့သမိုင်း၏ သွေးထွက်သံယိုအနည်းဆုံးတော်လှန်ရေးဟု ဆိုရမည်။ ကွန်ဂရက်မှ တိတ်တဆိတ် ထွက်ပြေးသွားရသော မင်ရှီဗစ်များနှင့် လက်ယာစွန်း ဆိုရှယ်လစ်တော်လှန်ရေးသမားများမှာ သူတို့ကို တပ်ပြေးများ၊ သစ္စာ ဖောက်များဟု စွဲထင်စေပြီးဖြစ်၍ ငိုကြွေးကြရပြီဖြစ်သည်။

**ယဉ်ပျိုးစာအုပ်တိုက်**

*"ရဲဘော်တွေ၊ အလုပ်သမားတွေနဲ့ လယ်သမားတွေရဲ့ တော်လှန်ရေး ဆော်လ်ရှီဗစ်တွေ မပြည့်စုံတဲ့အကြောင်း အမြဲပြောနေမှာဖြစ်ပေမဲ့အားလုံးပြီးသွားလိမ့်မယ်"*ဟု ဖင်လန်ကွန်မြူနစ်ပါတီကို တည်ထောင်ခဲ့သော နောင်တွင် တန်ပြန်တော်လှန်သူများ၏ သတ်ဖြတ်ခြင်းခံရသော အီနိုရာက လီနင်စကားကို မှတ်တမ်းတင်ခဲ့သည်။

သူလှမ်းကြည့်လိုက်တော့ လီနင်၏ ပြုံးရွှင်သောမျက်နှာနှင့် ငိုတော့မည့်ဟန်ကို တွေ့ရသည်။ *"ဒါကို ဘယ်သူတွေ ရွတ်ချနေမလဲ မသိဘူး။ ခင်ဗျား ဘယ်လောက်ကံကောင်းလဲ ရာ့ချ်၊ ဒီအချိန်လေးကို မြင်တွေ့ခွင့်ရတာကိုလေ'*။

ကွန်ဂရက်အစည်းအဝေးကား ပြီးဆုံးသွားပြီ။

ဆာဗားလော့က လီနင်၏လက်မောင်းကို ဖမ်းကိုင်ရင်း ပြောသည်။ *"ဗလာဒီမီယာအိုင်ရစ်ချ် သင် အနားယူသင့်ပါပြီ"*

"ဟုတ်ကဲ့၊ ကောင်းပါပြီ"ဟု လီနင်က သဘောတူလိုက်သော်လည်း သူ့မျက်နှာပေါ်တွင် ပင်ပန်းသည့် အရိပ်လက္ခဏာတို့ မရှိပါ။ *"ဘယ်ကိုသွားရမလဲ စမိုလ်နီအခန်းထဲက ပစ္စည်းတွေ သိမ်းရဦးမလား'* လီနင်က ပြန်မေးသည်။

*"အကောင်းဆုံးက ကျွန်တော့်အခန်းမှာ နားတာကောင်းပါတယ်"*ဟု ဘရူအိဗစ်ချ်က ပြောသည်။ သူက လီနင်၏ ပါတီရဲဘော်ဟောင်းဖြစ်သလို ပြည်ပမှ လာ၍ အခြေချသူဖြစ်သည်။ *"ခင်ဗျားမိန်းမလည်း အဲဒီက စောင့်နေတယ်'*ဟု သူက ဆက်ပြောသည်။

နေ့တာကုန်ဆုံးချိန်တွင် လီနင်လည်း စမိုလ်နီခေါ် ယခင် သူတို့၏ တော်လှန်ရေးတပ် ဌာနချုပ်မှ ထွက်ခွာလာသည်။ ထိုကျောင်း မြေအောက်ခန်းတွင် လီနင် ရက်ပေါင်း ၁၁၀ နေထိုင်ပြီး နောက်ဆုံးတိုက်ပွဲကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ထိုနေရာသည် သူ၏ဗိမာန်ဖြစ်သည်။ လက်ချောင်းများဖြင့် ဆံပင်ကို သေသပ်အောင်.လုပ်ရင်း လီနင်က ရယ်မောလိုက်သည်။

*"ရှင်းရှင်းလေးနဲ့ အံ့သြစရာပဲ"* ပြောရင်း သူ့ကက်ဦးထုပ်ကို ခေါင်းမှ ချွတ်လိုက်သည်။ စမိုလ်နီပတ်ဝန်းကျင်ရှိ လမ်းမများပေါ်တွင် လူအများဖြင့် ဖွေးဖွေးလှုပ်နေသည်။

"သတင်းစာမှာ ဘာတွေပါလဲ"ဟု လီနင်က မေးသည်။

*"မြို့ရှိကရက် သတင်းစာအားလုံး ပိတ်သွားပါပြီ။ ဒီနေ့ ဘာမှမထွက်ပါဘူး။ အယ်ဒီတာရုံးက လိုက်ရှာနေပါတယ်။ သတင်းစာရုံးကလူကို ခေါ်ခဲ့ပါ့မယ်"*

“အားလုံးမှားနေတာတွေ ပြီးသွားပြီ။ ဥပဒေကို ထိန်းသိမ်းထားတယ်။ အုပ်ချုပ်သူအသစ်ရဲ့ ဥပဒေဆိုတာ သိသလား”ဟု လီနင်က ပြောသည်။

“ဟုတ်ကဲ့၊ တော်လှန်ရေးကော်မတီရဲ့ အာမခံချက်နဲ့ ထောက်ပံ့ပြီး သတင်းစာထုတ်ဝေပါမယ်”ဟု ဘရူအီဗစ်ချ်က ပြောသည်။

လီနင်၏ မျက်နှာပေါ်၌ အရိပ်များ ဖြတ်သန်းသွားသည်။

“ဒါနဲ့ စကားမစပ် ဗလာဒီမီယာ ဒီပီမီထရီဗစ်ကော”ဟု လီနင်က ဘွန်ဘရူအီဗစ်ချ်ကို လှည့်မေးသည်။ “အစောင့်တစ်ယောက်ကို သတင်းစာထုတ်ဝေဖို့ ဂေါ်ကီဗယ်လန်တိုဗစ်ဆီကို ဒီနေ့ လွှတ်ပါမယ်”ဟု ဘရူအီဗစ်က ပြောသည်။

“ပလက်ခါနော့ ဆိုရင်ကော”ဟု လီနင်က မေးရာ ဘရူအီဗစ်ချ် အံ့အားသင့်သွားသည်။ ပလက်ခါနော့သည် ဆိုရှယ်ဒီမိုကရက်လှုပ်ရှားမှု၌ ပြည်တွင်းကော၊ ပြည်ပမှာပါ ကျော်ကြားသူဖြစ်သည်။ အစ္စကာရာသတင်းစာကို တည်ထောင်ခဲ့ပြီး နောက်ပိုင်း မင်ရှီဗစ်ခေါင်းဆောင် ဖြစ်လာသူပင်။ အောက်တိုဘာတော်လှန်ရေးကို အဆိုးမြင်သော်လည်း တန်ပြန်တော်လှန်ရေးတွင် ပါဝင်ခဲ့သူတော့ မဟုတ်ပေ။ ထိုကာလ၌ တော်လှန်ရေးကော်မတီသည် တော်လှန်ရေးနှင့် ပြည်တွင်းစစ်ကာလ ၁၉၁၈–၂၀ ၌ ဆိုဗီယက်ပါဝါကို ချုပ်ကိုင်ထားသူဖြစ်သည်။

“ဟုတ်တယ်၊ ဒါပေမဲ့ သူ ဒုက္ခဖြစ်နေပြီထင်တယ်။ ကျွန်တော်တို့လူတွေ သူ့ရဲ့ နိုင်ငံရေးအမြင်တွေကို ပြန်အမှတ်ရနေတာ သေချာတယ်။ တန်ပြန်တော်လှန်ရေးမှာပါရင် သူအဖမ်းခံရနိုင်တယ်”

“ကျွန်တော်လည်း ဒီလိုပဲထင်ပါတယ်”ဟု ဘရူအီဗစ်က လီနင်စကားကို ထောက်ခံရင်း ခေါင်းကို လှုပ်ယမ်းလျက် ဆက်ပြောလိုက်သည်။ “ဒါပေမဲ့ ပလက်ခါနော့ဟာ ပီထရိုဂရက် အလုပ်သမားကြေညာချက်ကို ရေးခဲ့တဲ့သူဆိုတာ ခင်ဗျား သိတယ်မဟုတ်လား”

“သူရေးတာလား” လီနင်က စိတ်ဝင်စားသွားသည်။ “ဒီအချိန်မှာ သူ့ကို ခေါ်ရင် ဘာဖြစ်မလဲ”

“သူပြောတဲ့ ပီထရိုဂရက်ကြေညာချက်က အလုပ်သမားတွေ သူတို့ကိုယ်ကိုင် အာဏာကို အပြည့်အဝယူတာ မှားတယ်။ အမျိုးမျိုးသော ဘေးဒုက္ခတွေ ဆိုးရွားတဲ့ ရလဒ်တွေနဲ့ ရင်ဆိုင်ရမယ်တဲ့”

“ကောင်းပြီ၊ သူ့ကို စိတ်ထဲမှာမရှိတော့ဘူး။ သို့သော်လည်း လူငယ်

*ပါတီဝင်တွေ သူ့ကိုတော့ လေ့လာသင့်တယ်။ သူရေးတဲ့ အတွေးအခေါ်တွေကို ဖတ်သင့်တယ်။ ကမ္ဘာပေါ်က မာ့က်စ်စာပေထဲမှာ သူက အကောင်းဆုံးပဲ။ ဒါတွေကို မသိဘဲ ကွန်မြူနစ်တစ်ယောက်လို့ သတ်မှတ်နိုင်လောက်တဲ့ လက်ခံယုံကြည်သူ တစ်ယောက် ဖြစ်မလာနိုင်ဘူး။ ကျွန်တော်တို့အပါအဝင် ပလက်ခါနော့ရဲ့ အတွေး အခေါ်တွေဖြစ်တဲ့ မဖြစ်မနေလုပ်ရမယ့် ကွန်မြူနစ်လက်စွဲစာအုပ်တွေ စီးရီးလိုက် ဖတ်ခဲ့ ရတယ်။ ဘယ်လိုတောက်ပတဲ့ နံနက်ခင်းမျိုးပါလိမ့်။ ကျွန်တော် အိပ်တောင် မအိပ်ချင် တော့ဘူး*''ဟု လီနင်ပြောသည်။

''*ဒါပေမဲ့ ခင်ဗျား အိပ်ရေးဝအောင် အကြာကြီးအိပ်ရပါမယ်*'' ဘရူအီဗစ် က ဆိုသည်။ ''*အိပ်လိုက်ပါဦး*'' နာဒက်ဇ်ဒါကွန်စတန်တီနိုဗာက တိုက်ခန်းအတွင်း နှုတ်ဆက်ရင်း ပြောလိုက်သည်။ နာဒက်ဇ်ဒါက လီနင်၏ဇနီးနှင့် ပါတီအလုပ်တို့၌လည်း လက်တွဲဖော်ဖြစ်သည်။ သူသည် အစွကာရာ၊ ဗီပါရော့၊ ပင့်သက်ထရီ၊ ဆိုရှယ်ဒီမို ကရက် စသော သတင်းစာတို့၌ အယ်ဒီတာဘုတ်အဖွဲ့ဝင်ဖြစ်သလို စာအုပ်များစွာ ရေးသားခဲ့သူပင်။

လီနင်အခန်းတွင်းသို့ ဝင်သွားသည်။ အိပ်ရာပေါ်မှ စောင်ကိုဆွဲယူလိုက် သည်။ သူ၏ လေးလံသော ရှူးဖိနပ်တို့ကိုချွတ်၍ ကြမ်းပြင်ပေါ် ချထားလိုက်သည်။ အလင်းရောင်ဘက်သို့ လှည့်၍ ခုတင်ပေါ်တွင် ထိုင်သည်။ တံခါးအောက်မှ ဝင်ရောက်နေ သော အလင်းရောင်တို့ကို စိုက်ကြည့်နေမိသည်။ အံ့ဩနေသော ဘရူအီဗစ်သည် လည်း နောက်ဆုံး အိပ်ရာဝင်ခဲ့သည်။

နောက်ထပ် စစ်ဆေးပြီးနောက် သူ၏ ခြောက်လုံးပြူးသေနတ်ကို ဖြုတ်၍ ခေါင်းအုံးအောက်သို့ ထိုးသွင်းသည်။

ထို့နောက် နှစ်ခြိုက်စွာ အိပ်မောကျသွားပြီး အသက်ရှူသံများက စာရေး စားပွဲကို ရိုက်ခတ်လာသည်။ စားပွဲပေါ်မှ မီးရောင်အောက်၌ သတင်းစာတစ်စောင်ကို အလင်းရောင်ပေးထားသလိုရှိသည်။ အားလုံး ငြိမ်သက်သွားပြီးနောက် ဗိုင်ထဲမှ သတင်း စာတစ်ရွက်ကို ဆွဲယူလိုက်သည်။ ကလောင်ကို မှင်ထဲသို့ သေသေချာချာ ကြည့်ပြီးမှ နှစ်လိုက်၏။ ထိုသို့ တို့ထိပြီး ရေးလိုက်သော အပြာရောင် စာလုံးတွေက မီးရောင် အောက်တွင်...

ထို့နောက် ရပ်နားလိုက်သည်။

''*ဒီခေါင်းစဉ် ဘယ်လိုနေလဲ*'' သူစဉ်းစား၏။ ''*ဒီခေါင်းစဉ် အရေးကြီးတယ်*''

ဟုလည်း စဉ်းစားနေဆဲ အဖြေက ချက်ချင်းလင်းလက်သွား၏။ ကလောင်ကို ယခင် ကထက် ပိုနက်အောင် နှစ်လိုက်သည်။ အဖြူရောင် စာရွက်ပေါ်မှ မီးပွင့်လေး တွေနှင့်တူ သော စာလုံးမှာ...

မြေယာ အမိန့်ပြန်တမ်း

*အစိုးရသစ်၏ ပထမဆုံးဥပဒေက အလုပ်သမားတို့နှင့် လယ်သမားတို့အတွက် ဖြစ်သည်။ ပြည်သူများက တော်လှန်ရေး တစ်ခု၏ အောင်ပွဲကို ရခဲ့သည်။ ထိုရလဒ်ကို သူတို့ ခံစားသင့် သည် မဟုတ်ပါလား။*

နောက်တစ်လိုင်းကို လီနင်က အလေးအနက် စဉ်းစားသည်။ တစ်ဆိုသော ဂဏန်းကိုရေးပြီး ကွင်းခတ်လိုက်သည်။

ထို့နောက် ရေးရင်းဖြင့် စဉ်းစားသည်။ *"မြေယာပိုင်ဆိုင်မှုကို ယခုချက်ချင်း ဖျက်သိမ်းသည်။ မည်သည့်လျော်ကြေးပေးမှုမှလည်း မရှိစေရ"*

ထို့နောက် အစက်တစ်ခု ချလိုက်သည်။ ရုတ်တရက် ပျော်ရွှင်မှုက လွှမ်းမိုး လာခဲ့သည်။ မျက်လုံးများကိုတော့ ပိတ်လိုက်သည်။

ရုရှား၏ သန်းနှင့်ချီသော လယ်သမားများသည် ကန့်သတ်ချက်တို့ မရှိတော့ပေ။ မနေ့ကအထိတော့ မြေပိုင်ရှင်တို့ထံ အခယူ၍လုပ်ရသော အလုပ်သမားအဖြစ် ဆင်းရဲဒုက္ခရောက်နေခဲ့ကြသည်။ မြေပေါ်မှ အဖာအထေးသဖွယ် မလုံလောက်သော မြေကွက်လပ်များ၊ မြေပိုင်ရှင်တို့၏ ကျယ်ပြန့်သော ခြံမြေများဘေးတစ်လျှောက်မြေများ တွင်သာ လက်ဗလာဖြင့် စိုက်ပျိုးခဲ့ရသည်။

ကာလရှည်ကြာစွာ လိုအပ်ချက်များစွာရှိသော သူတို့သည် ယင်းသို့ မလုပ်ခင် အချိန်အထိ ထောင်သွင်းအကျဉ်းချထားသလိုရှိမည်။ ကျေးလက်ပြည်သူ ပြည်သား အလုပ်သမားတို့သည် သူတို့ နိုးလာသော ယနေ့နံနက်တွင် လွတ်လပ်သော နိုင်ငံတစ်ခုမှ လွတ်လပ်သော နိုင်ငံသားများကဲ့သို့ ဖြစ်နေပေမည်။ သင်တို့၏ လယ်ယာမြေများအားလုံး လူတိုင်း လုပ်ကိုင်နိုင်သော ထိုမြေကြီးပေါ်မှ ရရှိသော အကျိုးအမြတ်တို့ကို ကိုယ်တိုင် ရိတ်သိမ်းနိုင်ကြပေလိမ့်မည်။

ရိုးရှင်းသော၊ ကြီးမားသော စကားရပ်များကား ရှင်းလင်းလှစွာ ပြေပြစ်စွာ

သတင်းစာစက္ကူပြူချပ်တို့ပေါ်၌ စာလုံးထွင်း၍ ပေါ်လာခဲ့သည်။

၁၉၁၇၊ အောက်တိုဘာ ၂၆ ရက် အရဏ်တက်ချိန်သည် ကြာမြင့်စွာ အိပ်မက်ခဲ့ရသော လယ်သမားတို့ခေတ်၊ လျို့ဝှက်ထားခဲ့ရသော ရဲဖန်ရံခါ မသိစိတ်မှသာ မျှော်လင့်ခဲ့ရသော အရာသည် ခက်ခဲစွာ ကြိုးပမ်းပြီး အကျဉ်းကျခံနေရမှုမှ လွတ်မြောက်ခဲ့သည်။ သူတို့၏ ပုန်ကန်ထကြွမှုမျိုးစေ့သည် စတီဖင်ရာဇင် (၁၆၃၀–၁၆၇၁) ခေါင်းဆောင်ခဲ့သော လယ်သမားစစ်ပွဲ၊ ထို့နောက် ယီမီလျာပူဂါချက် (၁၇၇၃–၁၇၇၅) ခေါင်းဆောင်သော လယ်သမားစစ်ပွဲတို့မှ ကြီးထွားတောက်လောင်ခဲ့ခြင်းပင်။ မြေပိုင်ရှင် အရှင်သခင်တို့ကို သူတို့က ပုန်ကန်ခဲ့ခြင်းဖြစ်သည်။ ရှည်ကြာသော အလုပ်သမားလူတန်းစား၏ တော်လှန်ရေးဟု နားလည်သဘောပေါက်ခဲ့ကြသည်။

ဤသို့ အိပ်မက်တစ်ခု ရှည်ကြာနေခြင်း အဆုံးသတ်ခဲ့ပြီးနောက် ခုခံကာကွယ်ရန် အစီအစဉ်တစ်ခု လိုအပ်လာသည်။ သို့သော် ပြည်သူများစွာ ဖြတ်သန်းခံစားခဲ့ရသော၊ အပြောင်းအလဲမရှိသော ဥပဒေများသည် ဘော်လရှီဗစ်တို့၏ လက်ထဲရောက်ခဲ့ပြီး ယခု ဥပဒေတို့သာ ထာဝရရှိရမည်။

လီနင်က စာရွက်ကို ဆွဲယူလိုက်ပြီး ထောင့်စွန်းမှစ၍ လေသံဖြင့် ဖတ်လိုက်သည်။ စစ်မှန်သော ပျော်ရွှင်မှု၏ အဓိပ္ပာယ်ကို ယခု သူကောင်းစွာသိလိုက်ပေပြီ။ ဆိုဗီယက်ကွန်ဂရက်သို့ ချက်ချင်းတင်၍ အတည်ပြု သဘောတူချက် လက်မှတ်ရေးထိုးပြီးနောက် ထောင်သောင်းချီသော မိတ္တူတို့ကို ရုရှားနိုင်ငံတစ်လွှားသို့ ဖြစ်နိုင်သမျှ အမြန်ဆုံး ဖြန့်ဝေလိုက်သည်။

စစ်ပွဲမှ ပြန်လာသူတို့သည် လက်ရှိပျံ့နှံ့နေသော ငြိမ်းချမ်းရေးသတင်းကို သိရှိပြီး မြေယာပြုပြင်ပြောင်းလဲရေးကို ကျေးလက်ဒေသတစ်လျှောက် ပြုလုပ်မည်ဖြစ်ကြောင်းကိုပါ သိရှိကြသည်။ သို့သော် ထိုစာရွက်တို့ကို ဆေးလိပ် လိပ်သောက်ကြမည်လား။ ထို့နောက် မရေရာမှုကြောင့် ရှင်းပြရဦးမလား။ ထိုအချက်ကို လက်ခံကြမည်လား။ လီနင်က စဉ်းစားရင်း စိတ်ပူနေသည်။

တစ်ဦးစီ သယ်ဆောင်သွားသော အမိန့်ထုတ်ပြန်ချက်တို့သည် စီးကရက်လိပ်သော စက္ကူထုပ်ဖြစ်သင့်သလား။ ပြက္ခဒိန်ဟောင်းများတွင် ဖော်ပြရန် အကြံကောင်း ရလိုက်သည်။ ယခုနှစ်ကတော့ ကုန်လုနေပြီ။ ထုတ်လုပ်သော ကုန်လှောင်ရုံတွင် ပြက္ခဒိန်များ အလိပ်လိုက်ရှိသေးသည်။ လိပ်ယူရန်လည်း လွယ်ကူသည်။ ထိုကိစ္စကို ဘွန်ဘရူအီဗစ်နှင့်ပြောရန် သွားသည်။

ယဉ်မိုးစာအုပ်တိုက်

လီနင်အဖို့ သူ၏ ပျော်ရွှင်မှုအားလုံးကို ထိန်းမထားနိုင်ပေ။ တံခါးကို သတိကြီးစွာ ဖွင့်၍ ဘွန်ဘရူအီပစ်အခန်းသို့သွားရန် ခြေသံမပြည်အောင် လျှောက်ပြီး ထမင်းစားခန်းသို့ သွားသည်။ သူ့ဇနီးကား အိပ်နေပြီထင်သည်။

တကယ်တော့ သူမ နိုးနေပါသည်။ ပြတင်းနားတွင် အသင့်ရှိနေသည်။ ပဝါကို ခြုံလိုက်သည်။ သူကလည်း လီနင် ယခုအထိ မအိပ်သေးတာ မအံ့ဩပါချေ။ ယခုလိုအချိန်တွင် တစ်ညလုံး မည်သို့ နှစ်ခြိုက်စွာ အိပ်နိုင်ပါမည်နည်း။

*"ဘာတွေစဉ်းစားနေလဲ"* လီနင်က မေးလိုက်သည်။

*"စဉ်းစားတာက အများကြီးပါပဲ"*

*"ငါလည်း ဒီလိုပဲ၊ အာဏာသစ်ရဲ့ စကားစုက ပထမဆုံး ဥပဒေကို ဘယ်လို စကားလုံးသုံးရင် ကောင်းမလဲ"*

*"ဥပဒေလား"* သူမ မျက်ခုံးပင့်သွားသည်။ *"တခြားစကားလုံး စဉ်းစားထားတာ ရှိလို့လား"*

*"ဟုတ်တယ်။ မှန်ပါတယ်။ တခြားစကားလုံးတွေပေးဖို့ အများကြီး စဉ်းစားခဲ့တယ်။ ဥပဒေဆိုတဲ့ စကားလုံးက ယူဆောင်လာတဲ့ အဓိပ္ပာယ်က ဇာဘုရင်ခေတ် ရုရှားမှာ ဥပဒေမရှိခဲ့တာကို ဖော်ပြတာပဲ။ လူတွေဟာ ဒါကြောင့် ဖျားနာပြီး သေတဲ့အထိဖြစ်တယ်။ ဒါကြောင့် ဥပဒေဒီကရီတစ်ခုလို့ ပြောခဲ့တာ"*

*"ဒီကရီ... ဒီကရီ၊ ဆုံးဖြတ်ချက်"* သူ၏ဇနီးက ထပ်ပြောရင်း *"ပြင်သစ်တော်လှန်ရေးကာလနဲ့ မတူဘူးလား။ ဒါကောင်းတယ်။ ဘယ်စကားလုံး ယူသုံးသင့်သလဲ၊ ဘယ်အကြောင်းပါလိမ့်"*

*"မြေယာငြိမ်းချမ်းရေးနှင့် ဆိုဗီယက်အာဏာ၏ ပထမဒီကရီ"*

လီနင်ထံမှ စက္ကူလိပ်ကို သူမက ဆွဲယူလိုက်သည်။ စာများကို တီးတိုးသံဖြင့် ဖတ်ရင်း ပြောသည်။ တဖြည်းဖြည်း ကျယ်သည်ထက် ကျယ်လာသည်။ စိတ်လည်း ကြည်နူးလာပြီး ပီတိကြောင့် မျက်ရည်များ မျက်လုံးအတွင်း၌ ဖုံးလွှမ်းပြီး စာကို ဆက်မဖတ်နိုင်တော့။

မြေယာအားလုံး၊ အားလုံး ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင်သည့်အရာ ဖြစ်လာတော့မည်။ သယံဇာတကြွယ်ဝမှုအားလုံး သတ္တုရိုင်း၊ ရေနံ၊ ကျောက်မီးသွေး အစရှိသည်တို့ နိုင်ငံအတွက် တန်ဖိုးရှိစွာ အသုံးပြုနိုင်လာမည်။ ထိုအချက်သည်ပင် ကြီးကျယ်ခမ်းနားလှသည်။

ယဉ်မျိုးစာအုပ်တိုက်

*"အလွန်အံ့ဩဖွယ်ရာ၊ ချီးမွမ်းဖွယ်ရာပါပေ"*

သူတို့ ကြည့်လိုက်သောအခါ ဘွန်ဘရူးအီဗစ်ချ်ကို တံခါးပေါက်ဝတွင် တွေ့ရသည်။ ဒီလိုညတွင် သူတို့ တစ်ညလုံးလောက် မည်သို့ အိပ်နိုင်ပါမလဲ။

*"ဂွတ်မောနင်း၊ ဆိုဗီယက်အာဏာရဲ့ ပထမဆုံးနေ့ကို ဂုဏ်ပြုပါတယ်"*

လီနင်က သူ့ကို လက်များဖြင့် ပွေ့ဖက်လိုက်သည်။ *"ကြည့်ပါဦး၊ ဘယ်လောက်ကျေနပ်စရာကောင်းတဲ့ နံနက်ခင်းလဲဗျာ"*ဟု ပြောရင်း လိုက်ကာကို ပြန်ဆွဲတင်လိုက်သည်။

နေရောင်ခြည် အစက်အပြောက်တို့သည် ကခုန်ရင်း ဆန်ကာကွက်ကြားတို့မှ တိုးဝင်လာကြသည်။ လမ်းမများပေါ်တွင် လော်ရီကားများ သွားလာနေသံ တုန်ခါမြည်ဟည်းလျက်ရှိသည်။ လူအများလည်း အလျင်စလို သွားလာနေကြသည်။ စိတ်လှုပ်ရှားသော အမူအရာနှင့် ဆန့်ကျင်ဘက် ကျယ်လောင်စွာပြောဆိုသံတို့ ထွက်ပေါ်လျက်ရှိသည်။

*"ဒီဥပဒေအကြောင်းကို စဉ်းစားရင်း ပြောနေခဲ့တာ သိပ်မကြာခင်ကအထိ"*

သူ၏ဇနီးက နာရီကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ၄၈ နာရီ ကုန်ဆုံးတော့မှာပါလား။

*"ဥပဒေတစ်ခုဖြစ်ရမယ်။ ဒါပေမဲ့ ဒီကရီ မချမှတ်နိုင်သေးဘူး"*

လီနင်က ပြန်ပြောရင်း ရယ်မောလိုက်သည်။

*"စမိုလ်နီကို ပြန်ဖို့တောင် အချိန်မရတော့ပါလား"*

The First Day By Zoya Voskresenkaya
Translated by Jan Butler



ကရင်မလင်ရှိ ရုံးခန်းစားပွဲမှ လီနင်
၁၉၁၈၊ အောက်တိုဘာ ၁၆

## လီနင်နှင့် တစ်ခဏ ကြုံဆုံမိခြင်း

မီးရထားဘူတာရုံမှ အင်ဒရီ ပီထရိုဂရက်စကာရာ စတိုရိုနာသို့ ဦးတည်ထွက်ခွာလာခဲ့သည်။ တဖြောက်ဖြောက် အသံထွက်နေသော ဓာတ်ရထားသည် ယိမ်းထိုးလှုပ်ခါရင်း အကျွမ်းတဝင်ရှိခဲ့သော လမ်းများကို ဖြတ်ကျော်နေသည်။ ကျောပိုးအိတ်ကို တင်းကျပ်စွာလွယ်ထားရင်း သူ့ဒူးမှာ အဖိုးကြီးမားသော ဝန်ကို ထိန်းထားရသည့်နှယ် ဖြစ်သည်။ ပြတင်းပေါက်မှ မတွေ့သည်မှာ နှစ်နှစ်ခန့်ကြာနေပြီဖြစ်သော မြို့ကို ငေးစိုက်ကြည့်နေသည်။ ထိုအချိန်၌ ပီထရိုဂရက်မြို့သည် များစွာဆိုးရွားနေပုံ လွှမ်းခြုံနေပြီး အိမ်များကို ကြည့်ရသည်ကပင် မျှော်လင့်ချက်မဲ့ခြင်း၊ မသန့်ရှင်းခြင်း၊ သာယာမှုကင်းမဲ့ခြင်းတို့ကို ဖော်ပြနေသည်။

ပထမဆုံး တာဝန်ထမ်းဆောင်ရန် ခေါ်ယူခံရသော စစ်မှုထမ်းတို့အဖြစ် ပါဝင်တိုက်ခိုက်ခဲ့ပုံကို သူတွေးနေသည်။ လွန်ခဲ့သော နှစ်နှစ်က သူရှေ့တန်းကို ထွက်ခွာခဲ့ရသည်။ များစွာသော သူတို့ထဲက သာမန်စစ်သားလေးတစ်ဦးအဖြစ်နှင့်ပင်။ ယခု လမ်းပေါ်တွင် ရှားရှားပါးပါး ယူနီဖောင်းဝတ်ထားသူတစ်ဦးနှင့် ဆုံသည်။ အင်ဒရီ ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားလိုက်သည်။

ထိုသူက အရာရှိတစ်ဦး ဖြစ်နေခဲ့လျှင် အလေးပြုပုံ စမတ်မကျသည့်အတွက် အပြစ်ပေးခံရမလားဟုပင်။

ယခုအချိန်၌ ကာကီရောင်သည် သြဇာကြီးမားသော အရောင်ဖြစ်သည်။ ဗိုလ်လောင်းများ၊ အရာရှိများသာမက တခြားလူတို့ကပါ လူအုပ်ကြားမှ လမ်းမများပေါ် များပြားစွာ ဝတ်ဆင်နေကြလျက်ရှိသည်။ *''တော်လှန်ရေးအတွင်း၌သာမဟုတ် ယခု*

*လည်း လမ်းလျှောက်ရင်း တစ်ချိန်လုံး အလေးပြုခံရအောင် စိတ်ချရသည့်အရာ ဖြစ်နေပြီ'*'ဟု အင်ဒရီ တွေးရင်း သွားပေါ်အောင် ပြုံးမိသည်။ အခြား ပုဂ္ဂလိကတစ်ဦးမှာလည်း ထိုအရာကြောင့် မည်သည့်နည်းနှင့်မှ စိတ်ဝင်စားခံရတော့မည် မဟုတ်ပေ။

ထိုသူ ခုတ်ရထား၌ သူနှင့်အတူ လိုက်ပါမည့် ခရီးသည်များကို တစ်ချက်ကြည့်လိုက်သည်။ ပန်းရောင်သမ်းသောမျက်နှာနှင့် လှပသော မိန်းကလေးတစ်ဦး တံခါးနားတွင် ရပ်နေသည်။ သူမ၏ ခြေများက သူ့ကျောပိုးအိတ်ကို တွန်းသလိုဖြစ်နေသည်။ သူမ ရုတ်တရက် ရှက်သွားပြီးနောက် မျက်နှာက ရဲခနဲဖြစ်သွားသည်ကို အင်ဒရီငေးစိုက်ကြည့်မိသည်။ နှုတ်ခမ်းထောင့်စွန်းမှာ အနည်းငယ် ပြုံးလိုက်သည်ကိုလည်း တွေ့လိုက်သည်။ အင်ဒရီလည်း လျင်မြန်စွာ ပြန်လှည့်ပြီး အဝေးသို့ကြည့်နေသည်။ ချက်ချင်း ထိုသူ့ဘေး၌ အစောင့်တစ်ဦး ပေါ်လာသည်။ ထို့နောက် မိန်းကလေးက မတ်တတ်ရပ်လိုက်သောအခါ ပိန်သွယ်ရှည်လျားသည့်ပုံ ပေါ်လာသည်။ ဝတ်ထားသော ဂျာကင်အင်္ကျီနှင့် တိုလွန်းသော အင်္ကျီလက်များက ရှည်လျားသော လက်ကို မဖုံးနိုင်ဘဲ စွန်းထွက်နေသည်။ လက်ချောင်းများကလည်း အတော်အတန် ညစ်ပတ်သည်။ ထိုသူ၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်လုံးများကို မယုံစားပေ။ အင်ဒရီသည် သူ့ကျောပိုးအိတ်ကို ပိုတင်းအောင်၊ လျှော့ရဲနေသည်ကို ပိုခိုင်မာအောင် ချည်နှောင် ပြုပြင်လိုက်သည်။ ပီထရိုဂရက်သို့ တပ်ရင်းမှ ပြန်လာကတည်းက မြို့တွင် သူခိုးများ များပြားစွာ သောင်းကျန်းနေကြောင်း ကြားထားပြီးဖြစ်သည်။

သူ၏ ကျောပိုးအိတ်သည် သူ၏ ကံကြမ္မာတစ်ခုလုံးဖြစ်သည်။ ပရာဗဒါ သတင်းစာ ထိုစဉ်က ထုတ်ဝေသော စောင်ရေအနည်းငယ်နှင့်ဆိုင်သော အကြောင်းလည်းဖြစ်သည်။ ကတုတ်ကျင်းများရှိ အလုပ်သမားများ၊ တပ်မတော်သားများ ပစ္စည်းထောက်ပံ့မှု အကူအညီလိုအပ်နေသည်ကို သတင်းစာ၌ တောင်းခံထားသည်။ ဘော်လ်ရှီဗစ် တပ်မက ထိုကိစ္စအတွက် အစည်းအဝေးခေါ်လိုက်ပြီးနောက် တညီတညွတ်တည်း သဘောတူညီမှုရလိုက်သည်။ လူတိုင်း လက်ဝယ်ရှိ စိန့်ဂျော့ခ်ရော့စ်နှင့် ဆုတံဆိပ်များကို သတင်းစာသို့ လှူဒါန်းရန်ဖြစ်သည်။ ထိုစိန့်ဂျော့ခ်ရော့စ်နှင့် ဆုတံဆိပ်တို့ကို ၁၇၆၉ ခုနှစ်က ဇိုလ်ချုပ်များ၊ အရာရှိများ၊ စစ်သားများကို စစ်ရေးအောင်မြင်မှုအတွက် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ပရာဗဒါ သတင်းစာကိုမူ နိုင်ငံရေးနေ့စဉ်သတင်းစာအဖြစ် ၁၉၁၂ ခု၊ မေ ၂၂ ရက်က ပထမဆုံး ထုတ်ဝေခဲ့သည်။ ယခု လီနင်ဂရက် ခေါ် ပီထရိုဂရက်မြို့မှ ထုတ်ဝေခြင်းဖြစ်၍ သတင်းစာကို တည်ထောင်သူနှင့် တည်းဖြတ်သူက ဗွီအိုင်လီနင်

ဖြစ်သည်။ ပါတီတိုင်းကော်မတီအသီးသီးမှ ရရှိသော စာရင်းကို ဖော်ပြထားသည်။ စုစုပေါင်း ခရော့စ်နှင့် ဆုတံဆိပ် ၉၃၀ အထိ ရရှိခဲ့ရာ ၁၀၀ ကျော်ခန့်က ရွှေဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။

နောက်တစ်နေ့နံနက် ပီထရိုဂရက်ရှိ ပါတီကော်မတီ စာဝင်စာထွက် ပေးပို့မှု လက်ခံရာသို့ အင်ဒရီ ရောက်နေသည်။ စိန့်ဂျော့ကြက်ခတ်နှင့် ဆုတံဆိပ်များ ပါဝင်သော သူ့ကျောပိုးအိတ်နှင့် အတူဖြစ်သည်။ ထိုအိတ်မှာ အတော်အတန်တော့ လေးသည်။ အင်ဒရီ ရထားပေါ်တွင် ကျောပိုးအိတ်ကို ခေါင်းအုံးပြီး အိပ်ခဲ့သည်။ ဆုတံဆိပ်များ သူ့ခေါင်းအောက်တွင်ပင် အုံး၍ အိပ်လာရသည်။ သူ၏ ကျောပိုးအိတ်ကို ခရီးဆောင် ဝန်စည်စလယ်တင်ရာစင်ပေါ် တင်လိုက်စဉ်ကလည်း သူစိုးရိမ်မှု မဖြစ်ခဲ့ပါ။ သူ့တာဝန်က အဖိုးတန်သော ထိုပစ္စည်းတို့ကို ပီထရိုဂရက်ပါတီကော်မတီထံ စိတ်ချခိုင်မာစွာ လွှဲပြောင်း ပေးရန် ဖြစ်သည်။

ဓာတ်ရထားသည် ထရောစကီတံတားကို အသံပေးရင်း ဖြတ်ကျော်သွားသည်။ အောက်၌ နီဗာမြစ်က သာယာငြိမ့်ညောင်းစွာ၊ ခံ့ညားစွာ စီးဆင်းနေသည်။ ကြီးမားသော တိမ်တောင်ဖြူတို့က ပီထရိုဂရက် စကာရာ စတိုရိုနာကောင်းကင်၌ တွဲလွဲခိုနေသည်။ ရထားက လမ်းကိုပွတ်တိုက်ပြီးနောက် ကွေ့နေသည်။ ထို့နောက် ရပ်တန့်သွားသည်။ အင်ဒရီလည်း အောက်သို့ဆင်းလိုက်သည်။ ကျောပိုးအိတ်က သူ့နောက်ကျောတွင်၊ ခြေလှမ်းများက မတ်သီလ်ဒါချက်ဆင်စကာခေါ် အိမ်ကြီးရှိရာသို့ ဦးတည်နေသည်။ *(၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးမတိုင်မီက ဘယ်လာရီနာချက်ဆင်စကာဆိုသူ ပိုင်ဆိုင်ခဲ့၍ နီကိုလပ် (၂) ဘုရင်၏ မျက်နှာသာပေးခံရသူဖြစ်သည်။ ၁၉၁၇ မတ်လမှ ဇူလိုင်တွင်း ရုရှားဆိုရှယ်ဒီမိုကရက်တစ်လှုပ်ရှားမှု RSDLP ၏ ပီတာစဘတ် ကော်မတီနှင့် ဗဟိုကော်မတီတို့ ရုံးစိုက်သည်။ ယခု အောက်တိုဘာ တော်လှန်ရေးပြတိုက်ဖြစ်သည်။)* အင်ဒရီသည် သူသွားမည့်လမ်းကို မေးစရာမလိုပါ။ ပီထရိုဂရက်၏ အဝင်နှင့် အထွက်လမ်းများကို သူကောင်းကောင်းသိသည်။ ခြေလှမ်း အနည်းငယ်တက် လာပြီးနောက် လှပသော အိမ်ကြီးက မြင်ကွင်းတွင်ပေါ်လာသည်။ ကျောက်ပြားခင်းထားသောလမ်း လမ်းတစ်ဖက်တွင် ညို့မှိုင်းသော သစ်ပင်စိမ်းများ။ အင်ဒရီ ရပ်တန့်ပြီးနောက် အချက်ပေးခေါင်းလောင်းကို နှိပ်လိုက်သည်။ အိမ်ရှေ့ တစ်လမ်းလုံးတွင် လူတွေအပြည့် ဖြစ်သည်။ ကြီးမားလှသော လူအုပ်ကြီးထံမှ များပြားလှသော အသံတို့က ဆူညံ နေသည်။ ထိုနေရာတွင် လူတစ်ယောက်၏ ဦးခေါင်းက

အခြားသူတို့ထက် ပေါ်လာသည်။ သူက လက်ကို ဝှေ့ယမ်းပြီး တစ်စုံတစ်ရာ အော်ပြောလိုက်သည်။ သို့သော် သူ့အသံက ဆူညံသံတို့အောက်၌ မကျော်နိုင်ခဲ့။

အင်ဒရီကတော့ လုံးဝ ရှုပ်ထွေးနေသည်။ ဒီနေရာမှာ ဘယ်သူမှတော့ ကြိုးပေးခံမထားရပါ။ သူ ကလေးဘဝက အဖြစ်တို့ကို အမှတ်ရမိသည်။ ထိုစဉ်က ဆုတံဆိပ်တွေ ချိတ်ထားသော ခပ်ထွားထွား ရဲတစ်ဦးက အိမ်ရှေ့တွင် အမြဲစောင့်နေသည်။ ဇာဘုရင်၏ အသက်အကြီးဆုံး မိဖုရားကို အစောင့်ချပေးထားခြင်းပင်။ ထိုလမ်းကြားအတွင်း ငှား၍လာသော မြင်းလှည်းများ မဝင်ရန် တားမြစ်ထားသည်။ လမ်းဖြတ်ကူးရန်နေရာတွင် ရပ်၍ လူသွားစင်္ကြံပေါ်မှ သွားရသည်။ ယခု ဘာဖြစ်နေသနည်း။ လူအုပ်ကြီး ဘာကြောင့် စုဝေးနေသနည်း။ ကြောက်မက်ဖွယ် တစ်စုံတစ်ရာ ဖြစ်ပွားခဲ့သလား။ စစ်ကျောင်းများ အရာရှိလောင်းများ သို့မဟုတ် အခြား တန်ပြန်တော်လှန်ရေး ဖောက်ပြန်ရေးအင်အားစုတို့ ထိုနေရာကို သိမ်းပိုက်ထားသလား။ ထိုသို့ဖြစ်နေလျှင် သူ အိမ်တွင်းသို့ ဝင်ရန် မကြိုးစားသင့်တော့။ သူတို့ သူ့ကို ဖမ်းဆီးမည်။ ရိုက်နှက်မည်။ အဆိုးဆုံးကား သူ့ထံမှ ဆုတံဆိပ်များကို လုယူသွားကြပေမည်။ ယင်းသို့တော့ မည်သည့်နည်းနှင့်မှ အဖြစ်မခံနိုင်။ အင်ဒရီ လမ်းလယ်ကောင်တွင်ရပ်ရင်း ဘာလုပ်ရင်ကောင်းမလဲ စူးစမ်းနေသည်။ ရိုင်ဖယ်သေနတ် လွယ်ထားသော်လည်း မည်သူဟု လွယ်ကူစွာ မခွဲခြားနိုင်သော အနီရောင်လက်ပတ်တွင် PPM ဟု စာတန်းရေးထားသော ရဲဘော်တစ်ဦး သူ့ထံရောက်လာသည်။ PPM ဆိုသည်က ပြည်သူ့စစ်ကင်းလှည့်တပ်ဖွဲ့ကို ဆိုလိုခြင်းဖြစ်သည်။ အင်ဒရီမျက်နှာကိုကြည့်ရင်း သူက သတိထားမေးမြန်းလိုက်သည်။

*"တစ်ယောက်ယောက်ကို ရှာနေတာလား ရဲဘော်"*

ထိုသူကိုမြင်၍ အင်ဒရီ ဖျတ်ခနဲ ကြည့်လိုက်သည်။ မဖြစ်နိုင်ပါ။ ထိုသူသည် ရန်သူဘက်တော်သား ကိုယ်စားလှယ်တစ်ဦး မဟုတ်နိုင်။

*"ဒီမှာ ဘာတွေစိတ်လှုပ်ရှားစရာအကြောင်း ဖြစ်နေလို့တုန်း"* သူက ပြန်မေးလိုက်သည်။

*"တစ်ယောက်ယောက်က ဖြတ်ပြေးသွားလို့လား။ ဒါမှမဟုတ် သူတို့ခါးပိုက်နှိုက်ကို မိသွားတာလား။ ဘာဖြစ်နေတာလဲ"*

ပြည်သူ့စစ်ရဲဘော်ကို အိမ်ကြီး တစ်ချက်ကြည့်ရင်း မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။

''ဒီအိမ်နဲ့ပတ်သက်ပြီး ပိုးတဝါး ဖြစ်မနေပါနဲ့ ရဲဘော်၊ ဘာကြောင့်လဲဆိုတော့ ဒီချက်ဆင်စကာ အိမ်တော်ကြီးဟာ ဘော်လ်ရှီဗစ်တွေအားလုံး လွှဲယူလိုက်ပါပြီ။ ဒါကြောင့် လူတွေ တစ်နေ့လုံး ပြည့်ကျပ်နေတာ၊ အရင်ကသိခဲ့တဲ့ ပြဿနာအများဆုံး ပူပန်စရာ အများဆုံး ဖြစ်ခဲ့တာတွေ မရှိတော့ပါဘူး''

အင်ဒရီ ပြုံးမိသည်။ အရာရာအားလုံး မှန်ကန်ဆဲပါလား။ ထို့နောက် သူ အထဲဝင်ရန်သာ ရှိတော့သည်။ အင်ဒရီ ပြည်သူ့စစ်ရဲဘော်ကို ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ် သူ့နောက်မှ ကားဟွန်းအဆက်မပြတ်တီးသံကို ဒုတိယအကြိမ် ထပ်ကြားရပြန်သည်။ သူ လျင်မြန်စွာ လှည့်ပြီးသွားသည်။ ကြီးမားတောက်ပြောင်သော မော်တော်ကား သစ်ကြီးတစ်စီး။ သူက ထိုရှေ့တွင် ရောက်နေသည်။ အရောင်လက်နေသော ကားက သူ့နားမှ အသံမကျယ်ဘဲ ဖြတ်သွားသည်။ ကားရှေ့ရေတိုင်ကီအထက်နားတွင် ရောင်စုံ အလံငယ်တစ်ခု တဖျပ်ဖျပ် လှုပ်ရှားနေသည်။ ကားအတွင်းရှိ ၄ ုင်ခုံပေါ်တွင် မိန်းမပျို လေးတစ်ဦးက ကြက်ခြေနီသူနာပြုဝတ်စုံ ဝတ်ထားသည်။ အသက်လတ်ပိုင်း အမျိုးသမီး တစ်ဦးနှင့် အရပ်ရှည်ရှည် လူကြီးတစ်ဦး ရုရှားမျက်နှာပေါက်မျိုးမဟုတ်။ ဖြူဖပ်ဖြူရော်ဖြင့် နွမ်းနယ်နေပုံပေါက်သည်။ မုတ်ဆိတ်မွေးပါးသိုင်းမွေးများဖြင့် ဦးထုပ်ပျော့ကို ခေါင်းတွင် ဆောင်းထားသည်။ ကားက ဖြည်းညင်းစွာ မောင်းသွားသည်။ ထိုပုဂ္ဂိုလ်က ဘယ်လာ ရီနာအိမ်တော်သို့ သွားနေသည့်လမ်းကြောင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်ကို အင်ဒရီ မြင်လိုက်ရသည်။ သူ့နှုတ်ခမ်းများက ပိုက်ဆံအိတ်ကို ဖွင့်နေသော မိန်းမပျိုကို တစ်စုံတစ်ခု လှမ်းပြောပုံရသည်။ မိန်းကလေးကိုပြောပုံက အာဃာတထားရှိသော အားနည်းပျောက်ကွယ်မှုကို အထင်သေးသော သဘောသို့ သိသာနေသည်။ မိန်းမပျို၏ မျက်လုံးများကမူ ပျင်းရိထိုင်းမှိုင်းနေပြီး နူးညံ့သည့်အသွင် ဆောင်ကာ ကြောက်စိတ်နှင့် ရောထွေးနေသည်။ မော်တော်ကား လိမ့်ထွက်သွားပြီးနောက် သူတို့နောက်တွင် ကျန်ရစ် ခဲ့သည်။ အင်ဒရီအတွက် ထိုမိသားစုသည် လူအုပ်ကို ထိတ်လန့်နေပြီး ထိုအိမ်သို့သွား သော သူများဖြစ်ကြောင်း သိသာနေသည်။

*'ဘူဇွာတွေအတွက် သေချာဖြေရှင်းရမယ့်အရာပေါ့''*

အင်ဒရီက ပြည်သူ့စစ်ရဲဘော်ကို ပျော်ရွှင်မြူးထူးစွာ ပြောလိုက်သည်။

*''မျက်နှာရှည်ရှည်နဲ့ လူတစ်ယောက်ကို သိသလား''*ဟုလည်း ဆက်မေး ကြည့်သည်။

*''သူ ဘာလာလုပ်တာပါလိမ့်''*

ပြည်သူ့စစ်ရဲဘော်လေးက ခံစားမှုမပါဘဲ ပြန်ပြောသည်။

*"သူ့ ဘာမှလုပ်စရာလည်း မရှိပါဘူး။ သူက ဗြိတိသျှသံအမတ်ကြီးပါ။ နေ့တိုင်း ကျွန်းတွေဘက်ကို ကားမောင်းသွားနေကျ သူပေါ့"*

အိမ်ရှေ့သို့ရောက်လာချိန်တွင် အင်ဒရီ လူအုပ်ထဲတွင် မြုပ်နေသည်။ သူ သွားရမည်ဖြစ်သော အိမ်ရှေ့တံခါးသို့ လမ်းကို တွန်းထိုး၍သွားသည်။ ဒေါသတကြီး စူးစူးဝါးဝါး တွန်းတိုက်ခံရသောသူများက အင်ဒရီကို ပြောကြသည်။ အင်ဒရီကလည်း ဖွဲကြီးစွာ ဆက်သွားသည်။ တံခါးဝရှေ့တွင် အရပ်ရှည်ရှည်လူကြီးတစ်ဦးကြောင့် သူ ရပ်တန့်သွားသည်။ အလုပ်သမားဝတ်စုံနှင့် ထိုသူကို ကြည့်မိသည်။ အင်ဒရီသည် ယခုအချိန်၌ သူ၏တာဝန်နှင့်အမိန့်အာဏာတို့ ရှိနေသည်။ ထိုသူက ဖတ်ကြည့်လိုက်ပြီး အင်ဒရီကို ရင်းနှီးစွာပြုံးရင်း ပြောလိုက်သည်။

*"အချိန်ကောင်းပဲပေါ့။ ဒါအကြောင်းကောင်းပဲ။ ခန်းမကို ရောက်အောင်ဝင်ကြစို့။ အဲဒီမှာ တစ်ယောက်ယောက်ကို မေးရင်ရလိမ့်မယ်"*

ပျာယာခတ်နေသော လူအုပ်ကြီးမှာ ခန်းမထဲ၌ အပြင်ကထက် ပိုဆိုးသည်ကို တွေ့ရသည်။ လူများ အတင်းတွန်းထိုးပြီး လှေကားကို အတက်အဆင်းပြုနေကြသည်။ သူတို့လက်ထဲ၌ သတင်းစာများ ကိုင်ထားကြသည်။ သူတို့ကိုလည်း တစ်ခုခုမေး၍ ရနိုင်မည်မဟုတ်။ အင်ဒရီ အဖြေမရရှိမီ သူတို့ အဝေးကို ထွက်သွားကြပြီး အခြားသူများ ပြေးလွှားရောက်ရှိလာသည်။ အိမ်ကြီးသည် လှုပ်ရှားမှုတို့ဖြင့် အလွန်ဒေါသထွက်နေရဟန်ဖြစ်သည်။ ဘူဇွာလူတန်းစားနှင့် ကြေးရတတ်များမှာ ထိုအိမ်ကြီး၏ ရက်စက်သော လုပ်ရပ်များကို ရှုံ့မုန်းကြသည်။ ပီထရိုဂရက်မှ အလုပ်သမားများနှင့် တပ်မတော်သား အားလုံးမှာမူ ယင်းတို့၏နှလုံးသားမှ လှိုက်လှဲစွာ မြတ်နိုးကြသည်။ ယခင်ကဆိုလျှင် အိမ်ကြီးကို လမ်းလျှောက်ရင်း ကျော်လွန်သွားချိန်၌ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ယင်းတို့၏ အသိုက်အမြုကို ဖျက်ဆီးနိုင်မည့် အချိန်အခါရောက်လာဦးမည်ဟု ကြုံးဝါးခဲ့ကြသည်။ နောက်ပိုင်းတွင်လည်း ထိုနေရာသည် သူတို့၏ကိုယ်ပိုင်အိမ် ဖြစ်လာခဲ့သည်။ ယင်းတို့၏စောင့်ရှောက်မှု၊ ဝမ်းနည်းမှု၊ ယင်းတို့ကို တော်လှန်ရေးမတိုင်မီက ပဟေဠိသဖွယ်ဖြစ်နေသော မေးခွန်းတို့ကို အဖြေရှာရန် ကြိုးပမ်းမှုတို့ပြုရာ ဖြစ်လာသည်။ ဗာဆီလီယက်စတီးကျွန်း၊ ဗိုင်းဘိုစကာရာစတိုရိုနာတို့ရှိ စက်ရုံများမှ လူများစွာ ထိုနေရာသို့လာသည်။ အော့ဗောနီတူးမြောင်း၊ လီကော့ဗကာ၊ ဗိုလ်ကော့ ဂိုလိုဒိုင် စသော ဆိပ်ကမ်းမြို့တို့မှလည်း လာသည်။ ထိုနေရာတို့သည် ပီထရိုဂရက်ဝန်းကျင်အလုပ်သမား

လူတန်းစားနှင့် ဆိုင်ရာဒေသတို့ဖြစ်သည်။ သံချပ်ကာတပ်မနှင့် လက်နက်ကိုင်တပ်ရင်း စစ်တန်းလျားတို့မှ တပ်မတော်သားများ၊ ဘော်လ်တစ်ပင်လယ်ရေတပ်မှ တပ်မတော်သားတို့လည်း ပါသည်။ သူတို့သည် မဲခွဲဆုံးဖြတ်ချက်များ တောင်းဆိုချက်များကို ယူဆောင်လာကြသည်။ သူတို့ရောက်လာပြီးနောက် ကိစ္စတို့ ထိုအတိုင်း ဖြစ်လာသည်။ ထိုအခန်းများသည် အလွန်အလုပ်ရှုပ်နေကြပြီး ယင်းတို့၏မုန်တိုင်းမတိုက်မီ လေပြည်အနံ့တို့ ခံစားရနိုင်သည်။ ထိုနေရာသို့ လီနင်သည် ဖင်လန်စကီ ဘူတာရုံမှ သံချပ်ကာကားဖြင့်လည်း ရောက်လာတတ်သည်။ ထိုနေရာမှ လီနင် တိုက်ပွဲ စစ်မြေပြင်ထဲသို့ တိုက်ရိုက်သွားရောက်တတ်သည်။ ပြတင်းပေါက်မှ အလင်းရောင်များ ညဘက်ရောက်လျှင် မီးရောင်များထွက်လာသည်ကို စိန့်ပီတာနှင့် စိန့်ပေါ ခံတပ်တို့နောက်မှ လှမ်းမြင်ရသည်။ ထိုနေရာသို့ရောက်လာသော အမည်မဖော်သော စာများကလည်း ကြောက်ရွံ့မှု ရွံ့ရှာမုန်းတီးမှုတို့ကို တုံ့ဆိုင်းခြင်းမရှိ ဖော်ပြနေသည်။ အလုပ်သ ားး လူတန်းစားဆိုင်ရာ အထွေထွေသောဝန်ထမ်းများ သူတို့၏အကြီးမားဆုံး စစ်ပွဲအတွက် လုပ်ငန်းများ ဆောင်ရွက်ရာနေရာနှင့် သူတို့၏ဌာနချုပ်လည်း ဖြစ်ပေသည်။

အင်ဒရီ သူ့တာဝန်အရ အဖြူရောင်ခန်းမသို့ ရောက်အောင်သွားရမည်။ မှန်များကာရံထားသော နံရံနှင့် ဆောင်းရာသီ ပန်းခြံတို့မှာ နောက်တွင်ကျန်ခဲ့ပြီ။ ခန်းမအတွင်း၌ လူအုပ်က နည်းပါးသည်။ လူစုနည်းပါးသော်လည်း လှုပ်ရှားမှု များပြားသည်က အတူတူဖြစ်သည်။ စားပွဲတချို့ အခန်းအတွင်း၌ ချထားပြီး စားပွဲပတ်လည်၌ လူများ တံတိုင်းကဲ့သို့ ဝန်းရံ၍ မေးခွန်းများ မေးနေကြသည်။ ထိုဆူညံသံများက သူ့ကို နှေးကွေးလျော့ရဲသွားအောင် ထိုခဏ၌ မလုပ်နိုင်ခဲ့ပေ။ အင်ဒရီသည် သူ့ကို စိတ်ရှုပ်စေသော အကြောင်းများကို စူးစိုက်ရင်း ရပ်နေသည်။ ဘယ်နေရာကို သူသွားရမည်၊ ဘယ်သူကို မေးရမည်ဆိုတာ မသိသေး။ ထိုခဏ၌ မီးခိုးရောင်ဝတ်စုံဝတ်ထားသော အရပ်ပြတ်ပြတ် လူတစ်ယောက် လက်တွင်း၌ သတင်းစာကိုကိုင်ရင်း ဘေးတံခါးမှ ဖြတ်ဝင်လာသည်။ သူ့ပုံစံက အခြားသူများလို ကမူးရှူးထိုး ဖြစ်မနေပေ။ လျှောက်လာရင်း သတင်းစာကို ဖတ်လာချိန်၌ နှုတ်ခမ်းထက်မှ နှုတ်ခမ်းမွေးတို့ လှုပ်ရှားနေသည်ကိုလည်း မြင်ရသည်။ သူ့မျက်နှာကို ထူးဆန်းစွာ ရင်းနှီးနေသည်။ အင်ဒရီနှင့် လက်တစ်ကမ်းအကွာ၌ ထိုသူ ရပ်သွားသည်။ ခေါင်းကိုမော့ရင်း ပျာယာခတ်နေသော အခန်းတွင်းကို ကြည့်လိုက်သည်။ အင်ဒရီကလည်း မေးရန် ပေါ်လာသောအခွင့်အရေးကို အမိအရယူလိုက်သည်။

*"ရဲဘော် တစ်ခုပြောပါရစေ၊ ဘယ်သူ့ဆီ သွားရမလဲဆိုတာ မသိလို့ပါ။ အခု တပ်မရွှေတန်းက လာခဲ့တာ၊ ဆိုလ်ဒတ်စကာရာ ပရာဗဒါ သတင်းစာ ငွေစု သေတ္တာအခန်းက ဆုတံဆိပ်တွေအတွက်ပါ၊ လူတိုင်းက ဒီမှာ ကပျာကယာဖြစ်နေတယ်။ ဘယ်သူ့ကို ဒီအကြောင်း ပြောရမှန်း မသိဘူး ဖြစ်နေတယ်"*

ထိုသူက ပြုံးလိုက်သည်။ အင်ဒရီကို သေချာစွာ ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

*"ဆုတံဆိပ်က ဘယ်လောက်ရှိလဲ"* ဟုမေးရင်း ဗလုံးဗထွေး ထစ်သွားသည်။

ကျောပိုးအိတ်ကို ကြမ်းပြင်သို့ချရင်း အင်ဒရီ တချွင်ချွင်မြည်သံကြားမှ ထိတ်လန့်ဖွယ် အဖြေပေးလိုက်သည်။

*"၉၀၀ ကျော်မယ်၊ ကျော်ရင် နည်းနည်းပဲ"*

*"သိပ်ကောင်းတယ်"*

မီးခိုးရောင်ဝတ်စုံနှင့်လူက ရယ်မောရင်းပြောသည်။

*"ကျောပိုးအိတ်က ဘဏ်တစ်ခုလုံးလိုပါလား။ လာ သွားမယ်"*

အင်ဒရီကို သူက လက်ဖြင့်ခေါ်ဆောင်သွားသည်။ လူသွားစင်္ကြံဘက်သို့ ဦးဆောင်သွားရာ မှန်နံရံများ ကာရံထားသော ဆောင်းရာသီ ပန်းခြံရှေ့သို့ရောက်လာသည်။ စားပွဲတစ်လုံးနောက်တွင် ချထားသည်။ ခပ်ဝဝလူတစ်ဦး ထိုနေရာတွင် ထိုင်နေသည်။ ကြင်နာတတ်သော မီးခိုးရောင်မျက်လုံးပိုင်ရှင် ထိုသူမှာ နွမ်းနယ်နေသည်။

*"မီးခေးဗာဆီယက်ဗစ်"*

မီးခိုးရောင်ဝတ်စုံနှင့်လူက ထိုဝဝလူကို နှုတ်ဆက်လိုက်သည်။

*"ကျေးဇူးပြုပြီး ဒီရဲဘော်ကို လက်ခံပေးပါ၊ ရှေ့တန်းကလာတာ ဆိုဒတ်စကာရာပရာဗဒါ သတင်းစာအတွက် သူ့ရဲဘော်တွေ လှူဒါန်းလိုက်တဲ့ ကြက်ခြေတံဆိပ်တွေ သူယူလာတယ်။ အိတ်ထဲမှာ အပြည့်ပဲ။ သူ့ဆီက လက်ခံပြီး ရှေ့တန်းက အဲဒီအကြောင်းတွေ မေးကြည့်ပါဦး"*

မီးခေးဗာဆီယက်ဗစ်ခေါ် ထိုပုဂ္ဂိုလ်က အင်ဒရီကို မည်သည့်တပ်မှလာသည်၊ ပီထရိုဂရက်ကို ဘယ်အချိန်က ရောက်သည်တို့ကို မေးမြန်းသည်။ ကျောပိုးအိတ် အလေးချိန်ကိုပြောတော့ ထိုသူ အံ့အားသင့်သွားသည်။ အင်ဒရီက ပြတင်းပေါက်နားချပြလိုက်သည်။

*"မပျောက်မှာ အခိုးမခံရမှာ သေချာပါတယ်နော်"* ဟု အင်ဒရီကမေးသည်။

*"မဖြစ်ပါဘူး။ ဒီမှာ ကျွန်တော် ရှိပါတယ်"*

မိဒေးဗာဆီယက်ဗစ်က ရယ်မောရင်း ပြန်ဖြေပြီးနောက် မေးခွန်းများဆက်မေးသည်။ အင်ဒရီကလည်း တည်ငြိမ်တိကျစွာ ပြန်ဖြေသည်။ မိဒေးဗာဆီယက်ဗစ်က အဖြေများကို စာရေးကတ်ပေါ် ချရေးသည်။ နောက်ဆုံးက ပီထရိုဂရက်တွင် ဘယ်လောက်ကြာအောင် နေရန် ရည်ရွယ်ထားသလဲ။ ထို့နောက် မေးမြန်းခြင်း ပြီးသွားပြီးနောက် သူ့ကို လက်ဆွဲနှုတ်ဆက်သည်။

*"မသွားခင် ဒီမှာ လက်မှတ်ထိုးလိုက်ဦး"*

*"စာအုပ်တချို့ ပြန်ရင် ထည့်ပေးလိုက်ချင်တယ်"* ဟု သူက ပြောသည်။

အင်ဒရီ တစ်မိနစ်လောက် ဘာဆုံးဖြတ်ရမှန်းမသိ ဖြစ်နေသည်။ ထို့နောက် လွှတ်ခနဲ ပြောလိုက်သည်။

*"ဘယ်လိုကြောင့်လဲ ရဲဘော် လီနင်ကို တွေ့ဖို့ အခွင့်အရေး မရတော့ဘူးလား"*

မိဒေးဗာဆီယက်ဗစ်မှာ ထိုသို့မေးလိုက်သော အင်ဒရီကို အံ့အားသင့်ပြီး ကြည့်နေသည်။

*"ခင်ဗျား ခုလေးတင် သူနဲ့တွေ့လိုက်တယ်လေ ရဲဘော်"*

*"ဘယ်မှာလဲ"*

အင်ဒရီက ပြန်မေးရင်း စဉ်းစားနေသည်။

*"ဘယ်လိုကြောင့်လဲ၊ ခင်ဗျားကို ကျွန်တော့်ဆီခေါ်လာတာ သူပဲလေ၊ ရဲဘော်လီနင်က ကျွန်တော်တို့ကို မိတ်ဆက်ပေးခဲ့တာ"*

အင်ဒရီ ဆိုးဆိုးရွားရွား မှားခဲ့ပြီဟု ခံစားရသည်။ အသက်ကို ခဲယဉ်းစွာရှူရင်း မိဒေးဗာဆီယက်ဗစ်ကို စိတ်ဆိုးစွာ ပြောလိုက်သည်။

*"ဘာဖြစ်လို့ ခင်ဗျား ကျွန်တော့်ကို စောစောက မပြောတာလဲ"*

ပထမတော့ မိဆေးဗာဆီယက်ဗစ် စော်ကားသလို ခံစားမိသေးသည်။ သို့သော် လုံးလုံးလျားလျား စိတ်ပျက်လက်ပျက်ဖြစ်နေသော အင်ဒရီမျက်နှာကိုကြည့်ပြီး မထိန်းနိုင်ဘဲ ရယ်မောလိုက်သည်။

*"ခင်ဗျားက ရယ်စရာပဲ၊ ကျွန်တော် ဘယ်လိုသိမှာတုန်း။ ကျွန်တော်က ခင်ဗျားတို့ သူငယ်ချင်းတွေလားတောင် တွေးမိခဲ့သေးတယ်။ အခန်းကိုဖြတ်လျှောက်လာတော့ လက်ချင်းဆွဲလာကြတယ်လေ။ ခုလိုဖြစ်တာ ဘယ်လိုမှ စိတ်ထဲမထားပါနဲ့။ ဒီညနေမှာ ဗလာဒီမီယာအိုင်းရစ် (ဗွီအိုင်) ဒီကို ပြန်လာဦးမှာပါ။ ခုဗယ်လက်ကိုနီကို မိန့်ခွန်းပြောဖို့ သွားတယ်။ ပြီးရင် ခင်ဗျား တွေ့နိုင်ပါတယ်"*

**ယဉ်မိုးစာအုပ်တိုက်**

ဟု ဗာဆီယက်ဗစ် ရှည်လျားစွာ ပြောပြသည်။

တာဝန်ပြီးသွားပြီဖြစ်သော အင်ဒရီ အခန်းထဲမှ ထွက်သွားရန်သာရှိသည်။ လီနင်ကို နောက်တစ်ကြိမ် သေချာစွာ ကြည့်လိုသေးသည်။ သို့သော် လီနင်ကား အခန်းတွင်း၌ မရှိတော့။ စိတ်ပျက်စွာဖြင့်ပင် အိမ်ပြန်ရင် ကောင်းမလား အင်ဒရီ စဉ်းစားနေသည်။ ယခု တစ်ခုခုတော့ သွားစားဦးမည်။ ပြီးမှ သူပြန်လာသည်အထိ ဒီနေရာတွင် တစ်ညလုံးဖြစ်စေ စောင့်မည်။ လီနင်စကားပြောတာကို သူ ကြားချင်နေသေးသည်။

An Encounter With Lenin by Boris Lavrenev

Translated by Olga Shartse

ယဉ်မျိုးစာအုပ်တိုက်

## သေးငယ်သော အဖြစ်တစ်ခု

ပီထရိုဂရက်၌ ဆိုဗီယက်အာဏာရှင်းကန်မှု အမြင့်ဆုံးရောက်ချိန်၌ အလွန်သေးငယ်သော မတော်တဆဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ များစွာသော သမိုင်းဝင်အဖြစ်အပျက်တို့ ဖြစ်နေချိန်ကြောင့် ကြားမှ ထိုအဖြစ်အပျက်ကလေးကို သတိမထားမိလိုက်ကြ။ ပြန်စဉ်းစားကြည့်လျှင် တန်ဖိုးရှိဆဲ။ အကြီးဆုံး အဖြစ်အပျက်တို့ထဲ မပါဝင်သလို အလွန်သေးဖွဲ့သောဖြစ်ရပ်လည်း မဟုတ်ပြန်ချေ။ ဟော်လှန်ရေးကို ကြီးမားစွာပုံဖော်ထားသော အရေးပါမှုကို ရှင်းပြနေသော ကာလလည်းဖြစ်သည်။

ဘာဖြစ်ခဲ့သော အရာနည်း။ ယာယီအစိုးရ ပြုတ်ကျသွားပြီးနောက် နှစ်ရက်သို့မဟုတ် သုံးရက်ခန့်ကဖြစ်သည်။ နာဗာခရိုင်မှ အလုပ်သမားတစ်ယောက် စမိုလ်နီသို့ရောက်လာသည်။ ဆိုဗီယက်အစိုးရနေရာတစ်ခုအတွက် ဖြစ်သည်။ သူသည် ရေနံဆီပုလင်းကို ထည့်ယူလာသည်။ အသိဉာဏ်လည်း နည်းဟန်တူသည်။ ဂိတ်ဝတွင် အစောင့်စစ်သားများက မေးမြန်းသည်။ ထိုအလုပ်သမား၏ အမည်မှာ ဆာဂျီယက်ဖြစ်သည်။ သူက စစ်သားများကို

*"ပူတီလောစက်ရုံက ကျွန်တော် လာတာပါ။ ကျွန်တော်တို့ဆီက အိမ်တွေမှာ မီးအလင်းရောင်မရှိတာ ကြာပါပြီ။ ကျွန်တော်တို့မှာ အခုထိ ရေနံဆီ မရှိသေးဘူး။ ပြည်သူ့အာဏာ အခုရကတည်းက ကျွန်တော့်ရဲဘော်တွေက လီနင်ထံ လွှတ်လိုက်တဲ့အခါ ရေနံဆီပါ တောင်းပေးဖို့ ထည့်ပေးလိုက်တယ်"*

*"ခင်ဗျား ယူသွားမလို့လား"*

ယဉ်မိုးစာအုပ်တိုက်

အစောင့်စစ်သားက မေးမြန်းလိုက်သည်။

*"ရဲဘော်လီနင်မှာ ခင်ဗျားရဲ့ ရေနံဆီကိစ္စထက် စိုးရိမ်စရာတွေ များနေတယ်။ ကမ္ဘာ့အတိုင်းအတာ တော်လှန်ရေးကို သူစဉ်းစားနေပါတယ်။ ခင်ဗျား ဒီကိုရောက်လာတဲ့အတွက် သူ့ကို စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့"*

သို့သော် အလုပ်သမား ဆာဂျီယက်ကို သူ၏ရဲဘော်များက ရွေးချယ်ပြီး သူတို့၏ကိုယ်စား သံတမန်ကဲ့သို့ စေလွှတ်ခဲ့သူဖြစ်သည်။

*"ကျွန်တော့်မိတ်ဆွေတွေကို ဒီလိုပြန်ပြောလိုက်ပါမယ်"*

သူက တုံ့ပြန်သည်။

*"ဒါပေမဲ့ ဒါကို ဘယ်လိုလုပ်မလဲ။ မုန်တိုင်းကာလ မှောင်မိုက်တဲ့ ကျွန်တော်တို့ ညနေခင်းတွေမှာ သုံးသင့်တယ်။ သူတို့က ဆောင်းရာသီနန်းတော်ထိယူသွားဖို့ ဒါကို ပေးလိုက်တာ။ ကျွန်တော့်ရဲဘော်တွေကို ပုလင်းအလွတ် ပြန်မပေးလိုဘူး။ ခင်ဗျား ဘယ်လိုပြောမလဲ။ လီနင်နဲ့ကျွန်တော် တွေ့သင့်တယ်"*

*"ကောင်းပါပြီ"*

သူတို့က ပြန်ပြောကြသည်။

*"သွားပြီး သူ့ကိုရှာပါ။ သူ စောင့်ချင်စောင့်နေမှာပါ"*

ထို့ကြောင့် သူ စမိုလ်နီအတွင်းသို့ လျှောက်ဝင်သွားသည်။ လီနင်ကို ဘယ်နေရာမှာ တွေ့နိုင်ကြောင်း စတင်မေးမြန်းသည်။ လီနင် အခန်း ၆ တွင်ရှိကြောင်း သူ့ကို ပြောပြကြသည်။

ဆာဂျီယက် အခန်း ၆ ထဲသို့ ဝင်သွားသည်။ အခန်းထဲ၌ လူအပြည့်တွေ့ရသည်။ တချို့က စားပွဲအစွန်း၌ ထိုင်နေကြသည်။ တချို့က နံရံဘေးရှိ ခုံများပေါ်တွင် တံခါးဝ၌လည်း လူစုအနည်းငယ်ခန့်ရှိသည်။

ကမ္ဘာ့အတိုင်းအတာ တော်လှန်ရေးတစ်ရပ်အကြောင်းကို သူတို့ဆွေးနွေးနေခြင်းဖြစ်ကြောင်း သူနားနှင့်ဆတ်ဆတ်ကြားနေရသည်။ ကိုင်ဇာဝီလျံအကြောင်း၊ ဂျာမနီနှင့် ဟီဒင်ဘတ်အကြောင်း၊ ကမ္ဘာတစ်ဝန်းမှ အလုပ်သမားများ၏ သွေးစည်းညီညွတ်မှုအကြောင်းတို့ ပါဝင်သည်။ ကိုင်ဇာဝီလျံ ၂ သည် ဂျာမနီနှင့် ပရပ်ရှားအင်ပါယာကို ၁၈၈၈–၁၉၁၈ အထိ အုပ်စိုးခဲ့သူဖြစ်သည်။ ဟီဒင်ဘတ်မှာ ပထမကမ္ဘာစစ်၌ ဂျာမနီ ကာကွယ်ရေးဦးစီးချုပ်၊ ၁၉၂၅ တွင် ဂျာမနီသမ္မတနှင့် ၁၉၃၃ ကျမှ ဟစ်တလာနှင့် ဖက်ဆစ်ပါတီကို အာဏာလွှဲပေးခဲ့ရသူဖြစ်သည်။

သူပြောရမည့်အကြောင်း ပြန်တွေးကြည့်တော့ အနည်းငယ်ရှက်ပြီး တိတ်ဆိတ်နေမိသည်။ စားပွဲတွင်ဝိုင်းထိုင်နေသော သူများထဲမှ တစ်ဦးက . . . .

*"ဘာအကြောင်းရှိလဲ ရဲဘော်"*ဟု သူ့ကို မေးလိုက်သည်။

ဆာဂျီယက် ပြောထွက်ရန် မနည်းကြိုးစားပြီးနောက် တစ်ပိုင်းတစ်စ ပြောလိုက်မိသည်။

*"ရဲဘော် လီနင်နဲ့ ခဏလောက် တွေ့ချင်ပါတယ်"*

ထိုသူက တစ်နေရာကို လှမ်းကြည့်သည်။ ထိုစားပွဲ၌ရှိသော လီနင်ကို ဖြစ်သည်။ ထိုသူသည် ဆာဂျီယက်ကို စူးစမ်းသလို ကြည့်လိုက်သည်။

*"ဘာလိုချင်သလဲ ရဲဘော်"*

*"ကောင်းပါပြီ။ ဒါကို ကြိုက်မလားတော့ မသိဘူး"*

ဆာဂျီယက် ပြောသည်။

*"ပူတီလော့ အလုပ်သမားတွေက ကျွန်တော့်ရဲဘော်တွေပါ။ ကျွန်တော်တို့ လုပ်သားနိုင်ငံရဲ့ ခေါင်းဆောင်ထံကို ကျွန်တော့်ကို စေလွှတ်လိုက်တာ ဖြစ်ပါတယ်။ ရေနံဆီတွေရဖို့ မေးနိုင်းရန်အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နာဗာခရိုင်ကအိမ်တွေမှာ မီးမရှိပါဘူး။ ညနေတိုင်းမှာ လုံးဝ မှောင်မိုက်နေပါတယ်"*

လီနင် တစ်ခဏမျှ တွေးလိုက်သည်။ ဘေးစားပွဲမှ သူများကို ကြည့်လိုက်ရင်း

*"ကျွန်တော်တို့ဆီမှာ သူထင်သလို ရေနံဆီ မရှိဘူးဆိုရင် ဘာလုပ်ကြမလဲ"*

မေးသည်။ ထိုခဏ၌ လူတစ်ဦးက ထိုင်ခုံမှ ထရပ်လိုက်သည်။ သူ့ခေါင်းက ပြောင်နေသည်။ စိတ်လှုပ်ရှားစွာ သူ့လက်တို့ကို ဝှေ့ယမ်းရင်း ပြောလိုက်သည်။

*"ဗလာဒီမီယာအိုင်းရစ်ချ် ကျွန်တော်တို့ ဒီနေရာမှာတော့ မထားပါဘူး။ အစဉ်အလာအရ ရွှေ့တန်းမှာပဲ သုံးတာပါ။ ကမ္ဘာ့ကြမ္မာက အရေးကြီးနေတဲ့ အခုလိုအခါ ရေနံဆီ ပြဿနာကို စဉ်းစားမလို့လား။ ရှင်းရှင်းပြောရရင် ကျွန်တော် နားမလည်ဘူး"*

ဆာဂျီယက် စိတ်ပျက်သွားသည်။ သို့သော် အခြေအနေတော့ကောင်းသည်ဟု သူ ခံစားမိသည်။ လီနင်အဖို့မူ ထိုအကြောင်းက လုံးဝလျစ်လျူရှုထားသော အရာ ဖြစ်နေသည်။ အလုပ်များစွာ ရေးသားခဲ့ရသည်မှာ၊ အလင်းရောင်လိုသည် မဟုတ်လား။ ဆာဂျီယက်ကို ဦးတည်၍ စာရွက်ကမ်းပေးရင်း လှမ်းပြောလိုက်သည်။

*"ဒါကို လိုက်မှတ်ပါ ရဲဘော်၊ ပီထရော့ကို ရှာပါ။ သင့်ကို ရေနံဆီတွေ သူ*

*ထောက်ပံ့နိုင်ပါတယ်''*

ဆာဂျီယက် လီနင်ကို ကျေးဇူးတင်သွားသည်။ လီနင်က တက်ကြွစွာ ကျိုးကြောင်းရှင်းပြသည်။ သူ၏ရဲဘော်များက ထို့ကြောင့် လီနင်ကို ယုံကြည်ကြခြင်း ဖြစ်သည်။ လီနင်ထံမှ သူ အချိန်ယူခဲ့မိကြောင်းလည်း ဆာဂျီယက် နားလည်သွားသည်။ ကျေးဇူးတင်စကားဆိုကာ စာရွက်ကိုယူရင်း တံခါးပေါက်သို့သွားသည်။

အခန်းသည် တိတ်ဆိတ်နေသည်။ တံခါးဝမှပင် ကြားနိုင်အောင် လီနင် စကားပြောနေရာ ရှေ့ကပြောခဲ့သော ခေါင်းပြောင်နှင့်လူကို ဦးတည်ခြင်း ဖြစ်နိုင်သည်။

*''သမိုင်းမှာ ပိုအရေးကြီးတဲ့ အကြောင်းတွေအတွက် ကျွန်တော်တို့ ဒီနေရာမှာ တွေ့နေကြတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ရေနံဆီကလည်း ကျွန်တော်တို့နဲ့ ပတ်သက်ဆက်နွှယ်နေတာ အတူတူပါပဲ။ နောက်ပြီး အရေးကြီးကိစ္စဖြစ်တယ်။ သာမန်အလုပ်သမားတစ်ယောက်ရဲ့ မျှော်လင့်ချက်တစ်ခုလို မမြင်သင့်ဘူး။ တစ်ဦးချင်း လိုအပ်ချက်ကို မထောက်ပံ့ဘဲကျန်ခဲ့ရင် သေးငယ်တာ မှန်ပေမဲ့ လျစ်လျူရှုသလိုဖြစ်မယ်''*

ဆာဂျီယက်လည်း ထိုစကားလုံးများကို ကြားနေရသည်။ သူ့ကိုယ်သူလည်း တွေးနေသည်။ ကြည့်ပါဦး။ ရေနံဆီတစ်ပုလင်းထက် ပိုအရေးပါတယ်လို့မြင်သွားကြပြီ။

စတိုခန်းမှ ရေနံဆီ သူရခဲ့ပါသည်။ လက်ဗလာဖြင့် သူ မပြန်ခဲ့ရပါ။ ဂိတ်ဝမှ အစောင့်စစ်သားများ အပါအဝင် လူတိုင်း ထိုအသေးအဖွဲကိစ္စလေးကို ဖြေရှင်းနိုင်ခဲ့၍ ကျေနပ်မှုဖြင့် ပျော်ရွှင်ခဲ့ရသည်။

A Small Incident by Nikolai Zhdanov

Translated by Raissa Bobrova



စင်မြင့်ပေါ်မှ လူထုကြီးအား မိန့်ခွန်းပြောနေသော လီနင်

## ပထမဆုံး တော်လှန်ရေး နှစ်ပတ်လည်နေ့

မော်စကိုရှိ ပိုလီနည်းပညာပြတိုက် ဆင်ဝင်အောက်မှ စကြံတွင် လှေကား ငယ်တစ်ခုရှိသည်။ အဆိုပါ သိပ္ပံနှင့်နည်းပညာပြတိုက်မှာ ၁၈၇၂ က တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုနေရာသို့ လူငယ်များ အစုလိုက် လာရောက်လေ့ရှိပြီး ရောက်ရှိလာသော မိန့်ခွန်းဟောပြောသူ ခေါင်းဆောင်များ၊ နာမည်ကြီး သရုပ်ဆောင်များ၊ ယင်းတို့နှစ်သက် သည့် ကဗျာဆရာများကို တွေ့နိုင်ရန် ယင်းတို့ထဲမှ အော်တိုလက်မှတ်များ ရယူကြရာ အလွန်လူသိများသော အဖြစ်တစ်ခုလည်း အပါအဝင်ဖြစ်သည်။

၁၉၁၈ ခုနှစ် နွေဦးကာလ တစ်ရက်ဖြစ်သည်။ ၁၅ နှစ်ကျော်ဟု ထင်ရသော လူငယ်တစ်ဦး စိတ်လှုပ်ရှားမှုတို့ကို မထိန်းချုပ်နိုင်ဟန်ဖြင့် ထိုနေရာ၌ တွေ့ရသည်။ လှေကားအောက်ခြေအဆင့်တွင် ရပ်ရင်း သူ စောင့်ဆိုင်းနေသည်။ တစ်စုံတစ်ဦးရောက် အလာကို စောင့်နေခြင်းဖြစ်သည်။ ထိုသူလာလျှင် သူ့ကို အဝေးမှ ကျော်သွားဖို့ မဖြစ်နိုင်။ နံရံ၏ ဆန့်ကျင်ဘက်တစ်ဖက်၌ ဖိလစ်ပရိုက်စ်ဆိုသူ ရပ်နေသည်။ သူက ဗြိတိသျှသတင်းစာမှ သတင်းထောက်ဖြစ်သည်။ သူကလည်း ထိုလူငယ်ကို အာရုံစိုက် မိရင်း ရပ်တန့်စောင့်ကြည့်နေသည်။ အလုပ်သမားလူတန်းစား နိုင်ငံ၏ မြို့တော်သည် မော်စကိုသို့ ရွှေ့ပြောင်းသွားပြီဖြစ်သည်။ အစိုးရအဖွဲ့သည်ပင် ပြောင်းရွှေ့သွားသည်မှာ မကြာသေး။ မော်စကိုရှိ ဟိုတယ်ခန်းများပါ အဆင်ပြေအောင် ပေးထားရသည်။ လီနင်ပင် ကရင်မလင်ရှိ တိုက်ခန်းတွင် မနေသေး။ ဆိုဗီယက်နံ့ပါတ်ဝမ်း အိမ်တော်ခေါ် နေရှင်နယ်ဟိုတယ်မှ အခန်းတစ်ခန်းတွင်နေသည်။ ထိုကာလ မော်စကိုရှိ အိမ်တော် ငါးခုထဲက တစ်ခုဟု ပြောရမည်။

ယဉ်မျိုးစာအုပ်တိုက်

ထိုတစ်နေ့ကား အာဏာရှင်စနစ်ကို ဖြုတ်ချခဲ့သော ပထမဆုံးနှစ်ပတ်လည်နေ့ဖြစ်သည်။ ထိုနေ့၌ လီနင်သည် ပိုလီသိပ္ပံနှင့်နည်းပညာပြတိုက်သို့ မော်စကို ဆိုဗီယက်အစည်းအဝေးတစ်ခု တက်ရောက်ရန် လာရောက်မည်။ မော်စကိုသို့ရောက်ရှိပြီး ပထမဆုံး လူထုရှေ့ ထွက်ပေါ်လာခြင်းဖြစ်သည်။

လီနင် စင်မြင့်ဆီသို့ လျှောက်လာသည်။ ဂင်တိုတို အရပ်ပုပုလူတစ်ယောက်နှင့်အတူဖြစ်သည်။ ဆံပင်ပါးပါး၊ မျက်နှာနီနီ၊ အရပ်ရှည်၍ နဖူးက ပြောင်ရှင်းပြီး စိတ်အားထက်သန်ပုံရသည်။ စဉ်းစားတတ်ဟန်တူသော မျက်လုံးများနှင့် တွေ့သမျှအရာရာတိုင်းကို ခေတ္တမျှ လှမ်းကြည့်တတ်သည်။

သူ့ဘေးမှ တွဲလျှောက်နေသူက အရပ်ပုပြတ်ပြတ် မာကျောဟန်ရှိသည်။ သေးသွယ်သောခန္ဓာကိုယ် မျက်လုံးအနက်နှင့် အနက်ရောင် သားရေဂျာကင်ကို ဝတ်ထားသည်။ သူ့ကိုကြည့်ရသည်မှာ သမားရိုးကျ ပညာရှင်တစ်ဦးလိုဖြစ်သည်။

လီနင်နှင့် ဆဗာလော့တို့ပင်။ ဆဗာလော့သည် ရုရှားဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် ပြည်သူ့အုပ်ချုပ်မှုကောင်စီ ဥက္ကဋ္ဌဖြစ်သည်။ ပထမဆုံး ဆိုဗီယက်အစိုးရ၏ ခေါင်းဆောင်နှစ်ဦးပင်။ သူတို့နှစ်ဦး ယခင်က တစ်ဦးကိုတစ်ဦး ကြာရှည်စွာ သိကျွမ်းခဲ့သူများမဟုတ်။ ပြည်ပြေးဘဝဖြင့် နိုင်ငံခြားတွင် နှစ်ပေါင်းများစွာ နေခဲ့ရာမှ သူပြန်လာပြီးနောက် ပီထရိုဂရက်တွင် ပထမဆုံး ဆဗာလော့နှင့် ဆုံခြင်းဖြစ်သည်။ လူများက ဆဗာလော့သည် အမြဲတမ်း ရုရှားတွင် နေထိုင်သူဖြစ်၍ နိုင်ငံရေးအကျဉ်းသားလည်း ဖြစ်ခဲ့သည်ကို သဘောကျသည်။ ဘော်လ်ရှီဗစ်ပါတီ၏ မြေအောက်လုပ်ငန်းတွင် ဆဗာလော့ ပါဝင်ခဲ့သည်ကို အဖွဲ့ဝင်တိုင်း သိကြသည်။

ယခု ဤနေရာတွင် ထိုလူနှစ်ဦးကို တွေ့ကြရပြီ။ လီနင်က ကမ္ဘာပေါ်တွင် အများဆုံး တော်လှန်ခဲ့သော ပါတီတစ်ခုကို တည်ထောင်သူဖြစ်ပြီး ဆဗာလော့က လက်တွေ့တော်လှန်ရေးသမားတစ်ဦးဖြစ်သည်။

ဖေဖော်ဝါရီ တော်လှန်ရေး၏ ပထမဆုံး နှစ်ပတ်လည်နေ့ဖြစ်သည်။ ကမ္ဘာ့အင်ပါယာ နယ်ချဲ့ဝါဒကို ရင်ဆိုင်နေရသော၊ လက်နက်မကိုင်သော၊ သီးခြားဖြစ်နေသော၊ ငယ်ရွယ်သော အလုပ်သမားလူတန်းစားနိုင်ငံတစ်ခုဖြစ်သည့် ရုရှားသည် ဂျာမန်စစ်ဘက်၏ အဂျပ်ကိုင်မှုကြောင့် လက်ခံခဲ့ရသော ဘရက်ငြိမ်းချမ်းရေးစာချုပ်ကလည်း အရှက်စရာဖြစ်ခဲ့သည်။ ရုရှားအတွက် ခက်ခဲပင်ပန်းစရာဖြစ်ခဲ့သော ထိုစာချုပ်က ရုရှားကို ပထမကမ္ဘာစစ်မှကင်းလွတ်အောင် အခွင့်အရေးပေးခဲ့ပြီး ငြိမ်းချမ်းညီညွတ်

သော ဆိုဗီယက်နိုင်ငံကိုလည်း ထူထောင်နိုင်ခဲ့သည်။ ဘရက်စာချုပ်ကို ဆိုဗီယက်အစိုးရက ၁၉၁၈ နိုဝင်ဘာ ၁၃ တွင် ပယ်ဖျက်ခဲ့သည်။ လီနင်အဖို့ မော်စကိုတွင် ပထမဆုံး စကားပြောမည်ဖြစ်ပြီး တော်လှန်ရေးသည် ရင်ဆိုင်နေရသော အခက်အခဲအားလုံးကို ကျော်လွှားနိုင်ရန် သေချာကြောင်း ကြိုတင်ပြောဆိုပြီး အဆိုးမြင်ဝါဒနှင့် အခြားသော တွေဝေခြင်းများအတွက် နေရာမရှိကြောင်းတို့ဖြစ်သည်။

လီနင်နှင့် ဆဗာလော့ ဆွေးနွေးမှုပြီးသွားပြီးနောက် စင်မြင့်မှထွက်လာပြီး လှေကားငယ်အတိုင်း ဆင်းလာသည်။ အောက်ဆုံးအထစ်တွင် အရပ်ရှည်ရှည် လူငယ်ရပ်နေသည်။ ကျောင်းဝတ်အပေါ်အင်္ကျီ စစ်သုံး သိုးသားရေဦးထုပ်ဆောင်း ၍ဖြစ်သည်။ မျက်နှာက စိတ်လှုပ်ရှားဟန် ပေါ်လွင်နေသည်။ ရဲရင့်စွာပင် လီနင်ကို ပြောသည်။

*"ရဲဘော် လီနင် သင့်ရဲ့မိန့်ခွန်းကို ကျွန်တော် ချရေးထားပါတယ်၊ ကျွန်တော် အခု ပြန်ဖတ်ပြပါမယ်၊ ဒီမှာပါ"*

ထို့နောက် သူ၏မှတ်စုကို အသံမြှင့်၍ စဖတ်သည်။

*"မင်းက ဘယ်သူလဲ"*

လီနင်က သူ စာဖတ်နေခြင်းကို ကြားဖြတ်မေးလိုက်သည်။

*"ညနေ သတင်းစာက သတင်းထောက်ပါ"*

*"လက်ရေးတို ရေးတတ်သလား'*

*"ကျွန်တော့်အတွက် မလိုပါဘူး"*

*"ဒါဆို မိန့်ခွန်းကို ဘယ်လို လိုက်ရေးခဲ့တာတုန်း၊ လက်ရေးတို မပါရင် မခက်ဘူးလား"*

*"သိပ်မခက်ပါဘူး၊ ကျွန်တော် အားလုံးရေးနိုင်ပါတယ်၊ တစ်ခုတော့ ရှိတယ်"*

ဆို၍ ပြောမထွက်ဘဲရှိသည်။

*''အစပိုင်းကို မရတာတစ်ခုပဲ ရှိပါတယ်"*

*"ဘာကြောင့် အဲဒီလိုဖြစ်တာလဲ"*

*"လွဲသွားတာပါ"*

*"ရောက်တာနောက်ကျသွားလို့လား"*

*"မဟုတ်ပါဘူး ရဲဘော်လီနင်၊ ဒီနေရာကို ဘယ်သူမှ ရောက်မလာခင်ကတည်းက ရောက်နေတာ၊ လူတွေအားလုံး ဝင်ခွင့်မပြုခင်ကတည်းကဆိုပါတော့၊ သင့်ကိုတွေ့ဖူးတာ ဒါ ပထမဆုံးဖြစ်လို့ အံ့အားသင့်နေပါတယ်၊ ကျွန်တော် ဆွဲဖူးတဲ့*

*ပုံနဲ့လည်း တော်တော်လေး လွဲနေတယ်၊ သင် စကားစပြောတဲ့အချိန်မှာပဲ စရေးပေမဲ့ မေ့ခဲ့တာ၊ စတာ နောက်ကျလို့ မေ့ခဲ့တာ၊ ကျွန်တော်ရဲ့ ဒီအစီရင်ခံစာကိုရေးပြီး ဒီနေ့ သတင်းစာကို ပို့ရမှာပါ''*

ဆဗာလေ့ာက မထိန်းနိုင်ဘဲ ရယ်လိုက်သံထွက်လာသည်။ အသက်ရှူသံနှင့် ချောင်းဆိုးသံပါ ကြားရသည်။

လူငယ်သတင်းထောက်မှာ စကားမပြောနိုင်ဘဲရှိသည်။ ဆက်၍တော့ ခေါင်းမာနေသေးသည်။

*''ရဲဘော်လီနင် ကျွန်တော် ဖတ်ပြတာ ဘာလိုလဲ ပြောပါဦး၊ အစပိုင်းမှာ ဘာလွဲခဲ့လဲ ဆိုတာကို''*

*''မင်းရေးတဲ့နည်းကို ပြနိုင်မလား''*

လီနင်က ပြောရင်း လူငယ်ထံမှ ရေးသော ကတ်၊ ၇ိ လှမ်းယူရင်း စာမျက်နှာ ထိပ်ဆုံးကို တစ်ချက်ကြည့်သည်။

*''လက်ရေးက ဘယ်လိုဖြစ်တာလဲ၊ တစ်ခုက ဘာမှမရှိပါလား၊ ဘာဖြစ်လို့ အရေးသော့တာလဲ''*

လီနင် ပြောရင်း လူငယ်ကို တစ်ချက်ကျော်ပြီး ကြည့်သည်။ ခေါင်းပေါ်က စစ်ဦးထုပ် ပြီးတော့ ကျောင်းဝတ်စုံ။

*''မင်း ကျောင်းနေသေးလား''*

*''ဂိုမိုနီဆော့ သဒ္ဒါကျောင်းမှာ ငါးတန်းအထိ တက်ခဲ့ပါတယ်၊ ဒါပေမဲ့ ကျောင်းက ထွက်ခဲ့ရပါတယ်၊ ထပ်ပြီး မတက်နိုင်တော့လို့ပါ''*

*''ဘာကြောင့်လဲ၊ ဘာကြောင့် ကျောင်းကထွက်ရတာလဲ''*

*''ကျွန်တော် တော်လှန်ရေးလုပ်ချင်လို့ပါ''*

*''အိုး... ဟုတ်ပြီ၊ အဲဒါကို ဘယ်လိုလုပ်မှာတုန်း''*

လီနင်က ဆဗာလေ့ာနှင့် အကြည့်ချင်းဖလှယ်လိုက်သည်။ သူကလည်း စိတ်အားထက်သန်စွာ လေ့လာနေသည်။ စိတ်အားထက်သန်လွန်းသော လူငယ်အပေါ် လေးစားမှုက ဖုံးကွယ်မထားနိုင်။

*''အလုပ်သမား လူငယ်အဖွဲ့ရဲ့ ဒေသခွဲမှာ ကျွန်တော် အတွင်းရေးမှူးပါ''*

*''အဖွဲ့ဝင် ဘယ်လောက်ရှိသလဲ''*

လီနင် စိတ်ဝင်စားမှု လျှင်မြန်စွာဖြင့် ပြန်မေးသည်။

''နှစ်သောင်လောက် ရှိပါတယ်''

လူငယ်က ဂုဏ်ယူစွာ ပြန်ဖြေသည်။

''ကျွန်တော်ရဲ့ အဲဒီစာရင်းကို ကျွန်တော်ပဲ မှတ်တာ''

''ဘယ်လိုမှတ်တာတုန်း''

''အမှန်ခြစ်နဲ့ ဆန့်ကျင်ဘက် နာမည်တွေက ဒီဘက်မှာပါ၊ အဖွဲ့ဝင်အားလုံးရဲ့ စာရင်းကို ထိန်းသိမ်းထားပါတယ်၊ ဘယ်သူမှ ကျန်ခဲ့တာမရှိအောင် သူ့နာမည်နဲ့ ဒီဘက်မှာ အမှတ်မှတ်ထားပါတယ်၊ မှတ်ရတာများလာတော့ နာမည်တွေလည်း ဘေးမှာ ပိုများ လာတယ်''

''သူတို့ထဲမှာ ဘာတွေဖြစ်သေးတုန်း''

''၃၀၀ လောက်က ကရင်မလင် လက်နက်ကိုင်တပ်ရင်းထဲကို ဝင်သွားတယ်''

''သိပြီ လူ ၃၀၀ နောက်ပြီးတော့ကော''

''ကျွန်တော်တို့မှာ တက္ကသိုလ်ကျောင်းသားတွေလည်းရှိတယ်၊ သူတို့လည်း ကျောင်းတွေမှာ သချ်ာသွားသင်ကြတယ်၊ ဆရာတွေ မရှိတော့လို့ပါ''

''ဒါဟာ အံ့ဩစရာပဲ''

လီနင်က ရုတ်တရက် ပြောလိုက်သည်။

''သိပ်မဆိုးသေးဘူး၊ ယာကော့မီခေးလိုဗစ် လူငယ်အဖွဲ့အစည်းက ကျောင်းသားတွေ ပျက်စီးသွားတဲ့ ကျောင်းတွေမှာ စာသွားသင်ပေးကြတယ်၊ သချ်ာကို သင်ပေးကြတယ်၊ အဲဒါကတော့ ဘယ်နှစ်ဦးလောက်ရှိလဲ''

''နှစ်ဆယ်ပါ''

''သူတို့ပြီးရင် မင်းပေါ့၊ ကျုပ်ရဲ့လူငယ်ရဲဘော် အသက် ဘယ်လောက်ရှိသလဲ''

လီနင်က လူငယ်၏အသက်ကို မေး၏။

''ကျွန်တော် ၁၆ နှစ် ပြည့်ပြီးပါပြီ''

''ပြီးတော့ သင်ဟာ အလုပ်သမားလူငယ်အဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင် တစ်ယောက် ဖြစ်နေပြီမဟုတ်လား''

''မဟုတ်ပါဘူး၊ ခေါင်းဆောင် မဟုတ်ပါဘူး၊ ခေါင်းဆောင်က ခုနစ်တန်း ကျောင်းသားပါ၊ ကျွန်တော်က ဒေသခွဲက အတွင်းရေးမှူးပါ''

''တစ်နည်းပြောရရင် အလုပ်သမားလူငယ်တွေကို လမ်းညွှန်ပေးနေတဲ့ ကျောင်းသားလူငယ်တွေပေါ့၊ စာသင်ကျောင်းသားလူငယ်တွေလား''

လီနင်က စိတ်အားထက်သန်စွာဖြင့် မေးသည်။

*''ဒီမတိုင်ခင်က ကျွန်တော့်တို့ အလုပ်လုပ်ခဲ့တဲ့ အလုပ်သမားတွေ ပါဝင်ပါတယ်၊ ဇင်ဒယ်က ရိုဂါဖစ်ချာယက်ဆိုရင် အဲဒီထဲက တစ်ယောက်ပါ၊ အဲဒီ စက်ရုံဟာ ဆိုရင် ကြီးမားတဲ့ အထည်စက်ရုံကြီးတစ်ခုပါ ရဲဘော်လီနင်''*

*''ဇင်ဒယ်ကို သိတယ်၊ အဲဒီအကြောင်း ကြားဖူးတယ်''*

လီနင်က ပြုံးသည်။

''နောက်ပြီး ကျွန်တော်တို့ဆီက ပိုပေါ်နဲ့ လာပင်တို့လည်း အတူတူပဲ။ လာပင်က အလက်ဇန္ဒြားကျောင်းအတွက် တိုက်ပွဲဝင်ခဲ့တယ်။ အာဘတ်ရင်ပြင်မှာရှိပါတယ်၊ ဂိုရှ်ကလည်း အောက်တိုဘာရက်ထဲက တိုက်ပွဲတွေမှာ ပါခဲ့တယ်၊ ဗိုလ်လောင်းတွေကို ကျောင်းကထုတ်လိုက်ပြီးတဲ့နောက် လာပင်လည်း ဒဏ်ရာရတဲ့အထိ တိုက်ခဲ့တယ်၊ အဲဒီနောက်မှာ သူဟာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ဖြစ်ခဲ့တယ်၊ ကျွန်တော်တို့ ဒေသခွဲမှာ အလုပ်သမားလူငယ်များစွာ ကြီးမားတာ သင်လည်း သိပါတယ်။ သူတို့တွေ စက်ရုံတွေမှာ အလုပ်လုပ်နေတာ ၂ နှစ်လောက်ရှိနေပြီ၊ ကျွန်တော်တို့ အလုပ်သမား လူတန်းစား အကျိုးစီးပွားကို ကာကွယ်ပေးရမယ်၊ ကျွန်တော်တို့ မလုပ်ပေးနိုင်ရင် ဘယ်လိုဖြစ်မလဲ၊ သို့သော်' ကျွန်တော်တို့မှာ အချိန်ပြည့်လုပ်နိုင်တဲ့ အတွင်းရေးမှူးတွေ မရှိဘူး၊ ဥက္ကဋ္ဌကလည်း အချိန်ပြည့် မလုပ်နိုင်ဘူး၊ ဒါကြောင့် ကျွန်တော်တို့မှာ ကျွန်တော်တို့ရဲ့အလုပ်တွေအပြင် အားလုံး ထည့်လုပ်နေကြတာပါ''

*''ဒါဆို မင်းရဲ့သတင်းစာအလုပ်က မင်းရဲ့ အသက်မွေးဝမ်းကျောင်းပေါ့''*

လီနင်က မေးလိုက်သည်။ နိုင်ငံအတွင်းမှ လူငယ်တို့အရေးအရာများကို သူ ပိုသိချင်သည်။

*''ဟုတ်ပါတယ်၊ အချိန်ပိုတွေအားလုံးကို လူငယ်အဖွဲ့အစည်းအတွက် လုပ်ပါတယ်၊ သတင်းစာက အလုပ်လုပ်နေတဲ့ လူငယ် အလုပ်သမားတွေရဲ့အကျိုးစီးပွားကို ကျွန်တော်တို့ ကာကွယ်ပေးနိုင်တယ်''*

*''မှန်သင့်သလောက် မှန်ပါတယ်''*

ဟု လီနင် ပြောသည်။

*''တစ်ဦးက တကယ် သတင်းထောက်ဖြစ်လာခဲ့ရင် အဲဒီတစ် ယောက်က အများကြီး ဆက်ဆံရမယ်ဆိုတာ သိလာမယ်၊ ဒီမှာ ကျုပ်တွေ့ရတာက စာလုံးပေါင်း အမှားတွေများတာ တွေ့ရတယ်''*

လီနင်က လက်ဖြင့် ကတ်ပေါ်ထောက်ပြရင်း . . .

*"မင်း လေ့လာစရာတွေ အများကြီးရှိသေးတယ်"*

*"ရဲဘော်လီနင် ကျွန်တော်တို့ တော်လှန်ရေးပြီးတဲ့အခါကျရင် ကျောင်းပြန်တက်မှာပါ"*

*"ဒါဆို တော်လှန်ရေးက ဘယ်တော့လောက် ပြီးမှာတုန်း၊ နောက်တစ်ပတ်အတွင်းလား၊ ဘယ်လိုထင်လဲ"*

လီနင်က စဉ်းစားနိုင်အောင် မေးမြန်းခဲ့ရာ လူငယ်သည် တိတ်ဆိတ်နေ၏။

*"မှတ်ပါ ယာကော့မီဒေးလိုဗစ် ကျုပ်တို့ရဲ့ဂျာနယ်လစ်တွေ ဒါကိုမြင်နိုင်ရမယ်၊ ကျွန်ုပ်တို့ဟာ ကလေးဆိုဒ်ဖိနပ်တွေဝတ်ထားဆဲပဲ ရှိသေးတယ်"*

လူငယ်က သူ၏ဖိနပ်ကို အလိုအလျောက် ငုံ့ကြည့်သည်။

*"မဟုတ်ဘူး၊ ဒါ မင်းရဲ့ဖိနပ်တွေကိုပြောတဲ့ အဓိပ္ပာယ်မဟုတ်ဘူး"*

လီနင် ပြောရင်း စိတ်မကောင်းဖြစ်သွားသည်။ ဆဗားလော့ဘက်သို့လှည့်၍

*"ယာကော့မီဒေးလိုဗစ်ကို စောင့်ရှောက်ပါ၊ ကျွန်ုပ်တို့လူငယ်အဖွဲ့အစည်းအတွက် ငွေကြေးတွေရှာပေးရမယ်၊ သူတို့ အချိန်ပြည့် အတွင်းရေးမှူးတစ်ယောက်ရှိလာမယ်၊ ကျေးဇူးပြုပြီး အဲဒီကိစ္စကို သင် လုပ်ပေးပါ"*

*"လုပ်ပါ့မယ်"*

ဆဗာလော့က နက်ရှိုင်းသော အသံနှင့်ပြောလိုက်သည်။ လီနင် တွေးတောနေသည်ကို သူ့အာရုံက သိရှိ၍ အံ့ဩသွားပြီးနောက် လီနင်၏အကျဉ်းချုပ် လမ်းညွှန်မှုတို့ကို ကြိုတင်ပြီး သေချာပေါက် ပြီးအောင်လုပ်မည်။ အာမခံလိုက်သည်။

ဆဗာလော့၏ ကျော်ကြားသောမှတ်စုစာအုပ်မှ ပါတီအတွင်းရေးမှူးဆိုင်ရာ အချက်များ၊ ပါတီဝန်ထမ်းဌာနနှင့်ပတ်သက်သည်တို့ပါဝင်ပြီး အတွေ့အကြုံ နုနယ်သည့် ထိုလူငယ်လေးနှင့် နာမည်အပြည့်အစုံကို ချရေးလိုက်သည်။ ထည့်သွင်းနေကျ အင်္ကျီအိတ်အတွင်းမှ သားရေဂျာကင် ရှေ့အိတ်ထဲသို့ ပြောင်းထည့်လိုက်သည်။

*"သင်ရဲ့မှတ်စုကို ကျွန်ုပ်ယူသွားမယ် လူငယ်ရဲဘော်"*

လီနင်က လူငယ်ကို ပြောသည်။

*"ဒီကနေ နာရီအနည်းငယ်သွားရင်ရောက်မယ့် နေရှင်နယ်ဟိုတယ်ကို လှမ်းပြောလို့ရတယ်၊ အဖွင့်ဝါကျကိုပြီးအောင် ပြင်ပေးလိုက်မယ်၊ ကောင်းသောနေ့ပါ"*

လူငယ်သည် ချက်ချင်း ထွက်သွားသည်။ ဖိလစ်ပရိုက်က လူငယ် ဝေးကွာ

သွားသော အချိန်အထိ မြင်ကွင်းကို ကြည့်နေသည်။ ကတ်ကိုကြည့်နေသော လီနင်က သတိမပြုမိ။ ဆဗာလော့ရော လူငယ်ပါ စစ်ဦးထုပ်များ ဆောင်းထားသည်။

လီနင်သည် ဆဗာလော့နှင့် တံခါးသို့လျှောက်သွားရင်း သူ့ဦးခေါင်းကို လှုပ်၍ ပြောနေသည်။

*"ကလေးဆိုဒ် ဖိနပ်တွေစီးပြီး ကျုပ်တို့လျှောက်နေရဆဲဆိုတာ တွေးမိလား၊ နောက်ပြီး ခရီးရှည်တစ်ခုကို သွားနိုင်ရမယ်"*

ရုတ်တရက် ဆဗာလော့ လူငယ်ကို ထပ်မံ လှမ်းကြည့်မိသည်။ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားနေသော လူငယ်က သတိမထားမိတော့။

*"ကောင်းပြီ ဗလာဒီမီယာအိုင်းရစ်ချ် လူငယ်လိုပဲ တစ်ယောက်ယောက်က ခရီးရှည် သွားရတော့မယ်ဆိုတာ ထင်ရှားနေပါရဲ့၊ သူတို့ဟာ ကလေးဆိုဒ်ဖိနပ်တွေပဲ ဝတ်ထားမယ်ဆိုရင်ကော"*

*"သူတို့လို လူမျိုးတွေဟာ ရပ်တန့်နိုင်မှာ မဟုတ်ဘူး"*

ဟု လီနင်က တက်ကြွစွာ ပြောလိုက်သည်။

ဟုတ်ပါသည်။ တော်လှန်ရေးကား နုနယ်လွန်းသည်။ ယင်းပေါ်တွင် လျှောက်လှမ်းနေကြသူတို့က ကလေးဝတ် ဖိနပ်များနှင့်။ သူတို့ ဆက်သွားနိုင်အောင် ဆိုဒ်ပိုကြီးသော ဖိနပ်သို့ ပြောင်းလဲရပေမည်။

**On the First Anniversary By Safia Vinogradskaya**

**Translated by Olga Shartse**



လီနင်မိန့်ခွန်းပြောစဉ်
(ဗယ်လန်တီဆာရော့ ရေးဆွဲသော ပန်းချီ)



ရုရှားပြည်လုံးဆိုင်ရာ ဒုတိယမြောက် ဆိုဗီယက်ကွန်ဂရက်တွင်

# လီနင်ကို ပုံတူဆွဲမိခြင်း

နွေလည်နေ့ခင်း တစ်နာရီသာသာဖြစ်သည်။ လူငယ် အနုပညာရှင် ရှုမီလင်သည် သူ အလုပ်လုပ်ရာ သတင်းစာတိုက်မှ အလုပ်လုပ်ရန် ရုံးသို့ ချက်ချင်း လာနိုင်မလာနိုင် မေးမြန်းခြင်းကို လက်ခံရရှိသည်။ ခေါင်းကိုဖြီး၊ လက်များကို ဆေးကြော၊ ခဲတံတစ်ချောင်းကို အမြန်ချွန်၊ ကတ်ပြားကို အိတ်ထဲထည့်ပြီး အလျင်အမြန် ထွက်သွားသည်။

ဆိုင်ပြတင်းပေါက်များတွင် လီနင်၏ဓာတ်ပုံများကို အနီရောင်အောက်ခံအဝတ်ဘောင်နှင့်တွေ့ရသည်။ နေရာတိုင်း၌တွေ့ရသော စာသား *'တတိယမြောက်ကွန်မြူနစ်နိုင်ငံတကာလှုပ်ရှားမှုအစွန့်ရှည်ပါစေ'*ဟု ဖြစ်သည်။ ပြတင်းပေါက်ထဲသို့ ရှုမီလင်ကြည့်ရင်း တွေးမိသည်။ ဓာတ်ပုံများသည် လီနင်နှင့် အလွန်တူသော ပုံများဖြစ်သည်။ အနုပညာရှင်တစ်ယောက်အတွက်မူ သူ၏ထူးခြားသော ကြန်အင်လက္ခဏာကို လုပ်ပေးနိုင်သည်။ ကြီးမားသော မသိမသာ ပြုလုပ်ပေးမှုဖြစ်၍ လီနင်၏ သဘာဝအတိုင်း ပုံကိုဆွဲရန် အခွင့်အရေး တစ်နေ့နေ့တွင် ရပါစေဟု ရှုမီလင် ဆုတောင်းမိသည်။

*''မင်းကို အလုပ်တာဝန်တစ်ခု ကျွန်ုပ်တို့ ပေးဖို့ရှိတယ်''*

သတင်းစာတိုက်ရုံးက ရှုမီလင်ကို တန်းပြောသည်။

*''ကိုမင်တန် ကွန်ဂရက်အတွက် နိုင်ငံခြားကိုယ်စားလှယ်တွေ အလုပ်သမားရုံးကို အစည်းအဝေးအတွက် ဒီနေ့ ရောက်လာမယ်၊ မင်းကို အဲဒီကိုသွားစေချင်တယ်၊ သူတို့ ပုံကြမ်းတွေလိုချင်တယ်၊ လုပ်နိုင်တယ် မဟုတ်လား''*

*''ရတယ်။ လုပ်ပေးနိုင်တယ်''*

*''မနက်ဖြန် ကွန်ဂရက်ဖွင့်ပွဲအတွက် ဝင်ခွင့်တစ်စောင် ငါတို့ပေးလိုက်မယ်၊ မင်းကြိုက်တဲ့ ဘယ်ကိုယ်စားလှယ်ကိုမဆို ပုံကြမ်းဆွဲနိုင်တယ်၊ လီနင်လည်း အတူတူပဲ၊ အဲ... သူ့ကိုကော သိရဲ့လား''*

*''လီနင် ပုံကြမ်းလား''*

မကြာမီ အခိုက်အတန့်က တွေးလိုက်သောအတွေး လာမည့်အချိန်၌ တကယ် ဖြစ်လာတော့မည်ကို စဉ်းစားရန် ရှုမီလင် ပြုံးမိသည်။

*''ဟုတ်တယ်၊ မင်းအတွက် အခွင့်အရေးတစ်ခု ဖြစ်နိုင်တယ်၊ ငါတို့အတွက် ဆွဲပေးမယ့် လီနင်ရဲ့ပုံကြမ်းတစ်ခုဟာ . . .''*

*''ဟုတ်ကဲ့ ကျွန်တော် ကောင်းကောင်းဆွဲနိုင်ပါတယ်''*

ရှုမီလင် ထပ်ပြောသည်။

အလုပ်သမားရုံးသို့ ခရီးရထားဖြင့်သွားနေသော ရှုမီလင် စိတ်လှုပ်ရှားမှု ဖြင့် ပျော်ရွှင်နေသည်။ လီနင်၏ခတ်ပုံတစ်ခုခုက ဘယ်နေရာမဆို သူ တွေ့ခဲ့ဖူးပြီး ဖြစ်သည်။ ယခုလို ပုံဆွဲရန် တွေ့ရမည်ဆိုသော ကံကြမ္မာကို ထပ်မံ၍ အံ့သြရသည်။ ယခုအထိ တွေ့ခဲ့သမျှ ပုံတို့က အတော်တော့ ရှင်းလင်းသည်။ ပုံမှန် အစီအစဉ်တကျ မဟုတ်သောအခါ မည်သို့ရှိမည်နည်း။ ရှင်းလင်းပါ့မလား၊ သူ ဆွဲသော လီနင်ပုံသည် သက်ဝင်လှုပ်ရှားမှု ရှိပါ့မလား။

ဘယ်ခဲတံကို ယူသွားရမည်ကို ရှုမီလင် ဆုံးဖြတ်ခဲ့သည်။ ကြီးမားသောပုံတူ ဖြစ်မည်။ ထိုပုံကြမ်းဆွဲပြီးနောက် ဆေးရောင်ခြယ်သနိုင်မည်ဟု သူ တွေးနေသည်။

အလုပ်သမားဌာနချုပ်သည် ပျာယာခတ်နေသော လှုပ်ရှားမှုများ ကြီးမား သော ဆူညံသံများဖြင့် ဒေါသထွက်နေဟန်ရှိသည်။ လှေကားပေါ်တက်သော စင်္ကြန်များ ထဲသို့ ဝင်၍သွားသောအခါ နိုင်ငံခြားသားဘေးတွင် ပိုင်းစုပြုံနေသော လူအုပ်ကို ရှာတွေ့သည်။ ထိုသူတို့က ကိုယ်စားလှယ်များဖြစ်၍ အိမ်ရှင်များကပြောသော ဆိုဗီယက် သမ္မတနိုင်ငံ၏ဘဝကို နားထောင်နေကြသည်။

တတိယမြောက် ကွန်မြူနစ် နိုင်ငံတကာလှုပ်ရှားမှုသည် ၁၉၁၉ မှ ၁၉၄၃ အထိ ကာလဖြစ်ပြီး နိုင်ငံများစွာမှ ကွန်မြူနစ်ပါတီများက နိုင်ငံတကာ တော်လှန် သော အလုပ်သမားအဖွဲ့ချုပ်အဖြစ် ထူထောင်ထားခြင်းဖြစ်သည်။ ကိုမင်တန် ကွန်ဂရက် က ဒုတိယမြောက်ဖြစ်ပြီး မော်စကိုတွင် ၁၉၂၀ ဇူလိုင် ၁၉ မှ ဩဂုတ် ၁၇ ရက်အထိ ကျင်းပခြင်းဖြစ်သည်။ ထိုကာလက ပိုလန်နှင့် စစ်ပွဲကလည်း ဆက်လက် ဖြစ်ပွားနေ

သည်။ ပိုလန်၌ ဘူဇ္ဇာဂိုဏ်းက အုပ်စိုးဆဲဖြစ်သည်။ နောက်ဆုံး တပ်နီတို့က ပိုလန်တပ်များကို ရှုံးနိမ့်သည်အထိ တိုက်ခိုက်လိုက်သည်။ တန်ပြန်တော်လှန်ရေးကို အဓိက ဦးဆောင်သူဖြစ်သော တပ်ဖြူခေါင်းဆောင် ဝါရန်ဂယ်လည်း ခရိုင်းမီးယားတွင် တိုက်ခိုက်နေပြီးနောက် တိုက်ပွဲတစ်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ ငြိမ်းချမ်းရေးသို့ သွားရမည့် ခရီးက ရှည်လျားသည်။ ရန်သူများက နုနယ်သော ဆိုဗီယက်နိုင်ငံကို လက်လွတ်ဆုံးရှုံးသွားအောင် ပိတ်ဆို့ဟန့်တားဆဲဖြစ်သည်။ ပီထရိုဂရက်သို့ နိုင်ငံခြားမှ ဝင်ထွက်နိုင်ရန်လည်း ခက်ခဲဆဲဖြစ်သည်။ ကွန်ဂရက်သို့တက်မည့် နိုင်ငံခြားကိုယ်စားလှယ်များမှာ ရှည်လျားသော ရေကြောင်းခရီးဖြင့် စကင်ဒီနေဗီးယားဘက်မှ ပတ်၍လာရသည်။ ဆိုဗီယက်နိုင်ငံအဖြစ် အင်အားတောင့်တင်းအောင် မည်သို့ ထူထောင်နေကြသည်ကို သူတို့ မြင်တွေ့လိုသော ဆန္ဒရှိကြသည်။ ကမ္ဘာအရပ်ရပ်မှ ကိုယ်စားလှယ်များသည် ထိုလမ်းခရီး၌ တွေ့နိုင်သော အနှောင့်အယှက် အခက်အခဲများကို ကျော်လွှားနိုင်ရန် စွန့်စားမှုနှင့်လာရသော ခရီးဖြစ်သည်။

ရှမီလင်သည် ဂျာမန်ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးနှင့် စတင်တွေ့သည်။ ခန့်ငြားပြီး လမ်းလျှောက်ရာတွင် ဖြည်းဖြည်းလျှောက်သူဖြစ်သည်။ တစ်ချိန်က စက်ချုပ်သမားဖြစ်၍ ဂျာမန်တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။ ၁၉၁၈ နိုဝင်ဘာလ၌ ဖြစ်ခဲ့သော တော်လှန်ရေးဖြစ်သည်။ ဂျာမန်ဆိုရှယ်ဒီမိုကရက်တို့ သစ္စာဖောက်ပြီး ဖြုတ်ချမခံရမီ ခေတ္တမျှ လွတ်လပ်သော ဂျာမန်ရီပတ်ဘလစ်၌ သမ္မတဖြစ်ခဲ့သည်။

သူက ရှမီလင်ကို ပုံဆွဲခွင့်ပေးရန် သဘောတူသည်။ ဆိုဗီယက်အစိုးရအကြောင်း အသေးစိတ်များကိုလည်း သူက မေးသည်။ ဘာကြောင့် ဘယ်လိုဆိုသည်များကို နားလည်အောင်ကြိုးစားသည်။ စားသုံးသူတို့အတွက် ကုန်ပစ္စည်းများ ဖြန့်ဝေသည့်စနစ် စတင် အသုံးပြုနေပြီး ပုဂ္ဂလိက ရောင်းဝယ်မှုကို ခွင့်မပြုဘဲ ရပ်ထားသည်ကို သူ နားမလည်။

လေသာဆောင်တွင် သူတို့ရပ်ကြသည်။ အောက်သို့ကြည့်လိုက်လျှင် ရှုံးရှေ့တွင် ရိုးရှင်းသော ရင်ပြင်ကိုတွေ့ရသည်။ ထိုနေရာမှ ဗိုလ်ချုပ်ယူဒီနစ်၏တပ်များကို ပီထရိုဂရက်မြို့သားတို့ ခုခံခဲ့ကြသည်။ ယူဒီနစ်မှာ တန်ပြန်တော်လှန်ရေးကို အဓိက ဦးဆောင်သူဖြစ်ပြီး ပီထရိုဂရက်ကို တိုက်ခိုက်ပြီးနောက်ပိုင်း အရေးနိမ့်သွားခဲ့သည်။ ကတုတ်ကျင်းများ အလျင်အမြန်တူးပြီး ခုခံခဲ့ရခြင်းဖြစ်၍ သစ်တုံးများ၊ သဲအိတ်များစသော လက်ရာအစအနများ ကြွင်းကျန်နေသေးသည်။

နှစ်လိုဖွယ်အသွင်မျိုးနှင့်ဖြစ်သည်။ သူတို့ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတွဲပြီး နီးကပ်စွာ လျှောက်လာသည့်အတွက်ကြောင့် တစ်ခဲနက် အားပေးသံများ ပုံပြီး ဆူညံလာကာ လူအများအပြား သူတို့ကို ဝိုဝို ဝိုင်းအုံလာသည်။

*"ဒါ မီကာတပ်စ်ကာကာရာပဲ"*

ဟု တစ်စုံတစ်ဦး၏ပြောသံကို ရှုမီလင် ကြားသည်။

*"သူက ဂျော်ဂျီယာ ကွန်မြူနစ်တစ်ဦးပဲ၊ လီနင်နဲ့ ဆွစ်ဇာလန်မှာ နေခဲ့တာ"*

လီနင်က သူ့ရဲဘော်၏လက်ကို လှုပ်ရမ်းသည်။ ထို့နောက် လူအများက သူတို့ကို နံရံသဖွယ် ဝန်းရံထားကြသည်။ ခန်းမထဲ၌ ရှုမီလင် နောက်တစ်ကြိမ် ထိုင်ချလိုက်သည်။ စိတ်အနှောင့်အယှက်ပေးနေသော ဆူညံသံများကို သူရပ်တန့်လိုက်ချင်သည်။

ရှုမီလင်၏ မြင်ကွင်း၌ လီနင်မှာ တစ်မိနစ်ခန့် ပျောက်ကွယ်သွားပြီး ဗဟို ကော်မတီဝင်များနေရာသို့ လျှောက်သွား၍ သူ၏ အိတ်အတွင်းမှ သတင်းစာတချို့ ဆွဲထုတ်ပြီး ထိုင်ချလိုက်သည်ကို လှမ်းမြင်ရသည်။ လီနင်သည် လုပ်ကိုင်ရာတွင် အလွန်ရိုးသားသည်။ အမှတ်မထင် လျင်မြန်စွာ လုပ်တတ်သည်။ ယခုလို လူသွားစင်္ကြံ လှေကားထစ်များပေါ်တွင် ထိုင်လိုက်ပုံမှာ မျှော်လင့်၍မရသော မြင်ကွင်းဖြစ်သည်။ အခြား အနုပညာရှင်များလည်း စတင် အလုပ်များနေသည်ကို ရှုမီလင် အလိုအလျောက် သိမြင်လိုက်သည်။

လီနင်၏ ဦးခေါင်းကို သူ ကောင်းကောင်းလှမ်းမြင်နေရသည်။ ကြီးမားသော ဦးခေါင်းမှာ ထင်ရှားသော လက္ခဏာဖြစ်သည်။ လီနင်သည် ဒူးခေါင်းပေါ်တွင် သတင်းစာကို ဖြန့်ရင်း စာဖတ်နေသည်။ ထိုကိုယ်နေဟန်ထားအရ သူ၏ နဖူးလိုင်းတွန့်များက ဦးခေါင်းပေါ်က သရဖူလို ဖြစ်လျက်ရှိသည်။ ကုပ်ပိုးတစ်လျှောက် ဝန်းရံနေသော ဆံပင်များက အင်္ကျီကော်လာကို ထိ၍နေသည်။ ပို၍ထင်ရှားသော လက္ခဏာလည်း ဖြစ်သည်။ ရှုမီလင် ရှေးခေတ်ပောင်း သို့မဟုတ် ခေတ်သစ်သမိုင်းမှ ပုံရိပ်သွင်များနှင့် လီနင်ကို နှိုင်းယှဉ်ကြည့်ချင်သည်။ သို့သော် တခြားသူတို့နှင့်မတူနိုင်။ သူ၏ အရာရာ တိုင်းက ထူးခြားနေသည်။

နောက်ဆုံး ရှုမီလင် ပုံကို စတင်ဆွဲသည်။ တစ်ချက်ချင်း သိမ်မွေ့စွာ လီနင်၏ ဦးခေါင်း ကောက်ကြောင်းပုံကို စုတ်ချက်များဖြင့် ပုံတူရေးသည်။ လီနင်၏ မျက်လုံးများ သတင်းစာမှ ခွါလိုက်သော်လည်း သိပ်မကြာပေ။

လီနင်က ဂရိတ်ဗြိတိန်သည် ပိုလန်ကိုကယ်တင်ရန် ဆောင်ရွက်ရတော့မည် ဖြစ်ကြောင်း၊ တပ်မြူပိုလ်ချုပ် ဝါရန်ဂယ်မှာ လုံးဝ ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ပြောသည်။ ထို့နောက် ရုတ်ချည်းပင် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးရန် ပြောင်းလှည့်သွားပြီး ဆိုဗီယက် ရီပတ်ဘလစ်နှင့် ယင်းတို့အကြား၌ ဖြန်ဖြေပေးရန် ကမ်းလှမ်းသည်။ ကမ္ဘာတစ်ခုလုံး သူတို့ကို ဘာကြောင့် စိုးရိမ်နေသနည်းဟု လီနင်က မေးမြန်းသည်။ ဂရိတ်ဗြိတိန်၏ ဘူဇွာအစိုးရဟု သိမ်မွေ့စွာပင် ခေါ်ဝေါ်သည်။ ဂရိတ်ဗြိတိန်အတွက် ထိုစိုးရိမ်မှုမှာ သေချာဖြေရှင်းရမည်ဖြစ်ပြီး ယင်းကို ဖော်ပြနေပုံကလည်း ကိုးရိုးကားယားဖြစ်နေသည်။ သူ၏ ပေါ်လစီတို့အကြောင်းကို ထိုထွေငေါ့မှုတို့ဖြင့် တိုးမြှင့်သည့်အဓိပ္ပာယ် ဖြစ်နေသည်ဟု ဆိုခဲ့သည်။

သို့သော် လီနင်သည် အမည်နာမ ကိန်းဂဏန်းများနှင့်ပတ်သက်ပြီး မှတ်စုစာအုပ်ကို မကြာခဏ ပြန်ကြည့်သည်။ တစ်မိနစ်လောက်တော့ ပိုမကြာ။ သူ၏ပြောဟောနေသော စကားလုံးများသည်လည်း ပြတ်တောင်းမသွား၊ အသံအမြင့်ဆုံးရောက်ချိန်တွင်လည်း အားလျော့ခြင်း၊ ကုန်ခြင်းမရှိ။ စကားလုံးများကိုလည်း ပြော၍ကောင်းအောင် ရိုးရှင်းစွာ ရွေးချယ်သည်။ သူ၏အသံထွက်ကလည်း နူးညံ့သည်။ လည်ချောင်းသံ အင်္ဂလိပ်အက္ခရာ R သံကလည်း လူသားပိုဆန်သည့်သဘောမျိုးဖြစ်သည်။

ရှူမီလင် စဆွဲပြန်သည်။ လီနင် ဘာပြောလိုက်သည်ဆိုသည်ကိုလည်း မလွတ်အောင် နားထောင်သည်။ သူ ရေးဆွဲနေသော လီနင်၏ ပုံကြမ်းမှာ သေးသွယ်ပြီး ဦးခေါင်းက ပေါ်ထွက်နေသည်။ ပြန့်ကားသော လက်များ၊ ကြံ့ခိုင်သော နောက်ကျော၊ ရှေ့ကို တိုးထွက်နေသော ရင်အုံတို့ ပါဝင်နေသည်။ တစ်ရွက်ဆွဲပြီး မကြိုက်လျှင် နောက်တစ်ရွက်၌ ဆွဲသည်။ ရံဖန်ရံခါ မျက်နှာ၊ လက်၊ သို့မဟုတ် ခန္ဓာကိုယ်တို့ မမှန်သောအခါ၌ဖြစ်သည်။ တစ်မျက်နှာပြီးတစ်မျက်နှာသုံး၍ အသေးစိတ်များ မလွဲအောင် ကြိုးစားမှတ်သွားသည်။ နောက်ဆုံးမှ အမှားကို သဘောပေါက်သည်။ ဦးခေါင်းတစ်ခုလုံးပုံကို အပြည့်မဆွဲနိုင်သေးခြင်းပင်။ သူ၏ ဆရာများကို လှမ်းကြည့်လိုက်တော့ တစ်ဦးက ကျနစွာ သေချာဖျက်လိုက် ဆွဲလိုက် လုပ်နေသည်။ သူတို့ ဘာတွေဆွဲနေသည်မသိ။ ပြောင်နေသော သူ့ခေါင်းကြောင့် ထင်ရှားသော အစက်တစ်ခုလို ဖြစ်ပြီး ခရမ်းရောင်သန်းနေသည်။ အရင်က ယခုလို လှည့်လိုက်လျှင် အနီရောင်ဖြစ်သည်။ ယခု ဒေါသမကြီးတော့၍လားဟု ရှူမီလင် စဉ်းစားနေသည်။ နောက်ဆရာတစ်ဦးက ဝင်း၏ ဘယ်ဘက်ထောင့်မှာ ရှာတွေ့သော ခုံတစ်လုံးပေါ်မှာထိုင်ရင်း လီနင်

သည်။ သူ၏ ကုတ်အင်္ကျီကို ကြယ်သီးမတပ်၊ လက်များကို နောက်ကျောတွင် ချိတ်လျှင်ချိတ် သို့မဟုတ် ဘောင်းဘီအိတ်ထဲ ထည့်ထားသည်။ လမ်းမပေါ်မှ လူအများကြားလျှောက်နေသည်နှင့်မတူဘဲ ကိုယ်ပိုင်အိမ်အတွင်း လျှောက်နေသောနှုန်းနှင့် လျှောက်နေသလိုသာ ခန့်ညားသော အဆောက်အအုံများကြား၌ လျှောက်နေသည်။ ပတ်ဝန်း ကျင်၌ ဝန်းရံထားသော ကြီးမားသော လူအုပ်ထဲ၌လည်း သာမန်ထက် ပိုလွန်းခြင်း မတွေ့ရ။ သူ့ကို အနှောင့်အယှက်ဖြစ်အောင် မလုပ်ကြ။ လူတိုင်းစိတ်ထဲကမူ သူ့ကို ပင်ပန်းစေမှာကို အလွန် စိုးရိမ်နေကြသော်လည်း သူ့အမူအရာက လုံးဝ လွတ်ကင်း အေးဆေးစွာ ဖြစ်သည်။

ရှုမီလင်သည်လည်း သူတို့နှင့် အတော်အတန်နီးသည်။ ရုတ်တရက် ရင်းနှီးသော မျက်နှာတစ်ခုကို ရှုမီလင် သတိပြုမိသည်။ ထူထပ်သော လူတန်းကို ဖြက်ကျော်ပြီး လီနင်ကို မိသည်ထိအောင် လိုက်စဉ်၌ဖြစ်သည်။ တခြားသူမဟုတ် ဂျာမန်ကိုယ်စားလှယ် ဘရန်းစဝစ်ဖြစ်သည်။ လီနင်နှင့် သူ့ကိုယ်သူ ကိန်းခန်းကြီးစွာ မိတ်ဆက်ပြီးနောက် လက်ဆွဲနှုတ်ဆက်သည်။ စီတန်းလမ်းလျှောက်ရာ၌မူ ပြောင်းလဲခြင်းကို သူက ပြစ်တင်ရင်း ထင်ရှားသိသာစွာ ရှေ့ကို တိုးထွက်နိုင်ရန် ပြင်ဆင်ထားသည်။

လီနင်ကလည်း ထိုသူ ပြောသည်ကို ကောင်းကောင်းကြားသည်။ ဂျာမန်သည် လေးနက်စွာပင် ကြေညာချက်တို့အပေါ် စဉ်းစဉ်းစားစား ပြောသည်။ သူ၏ညာလက်ကလည်း ပြောသော စကားတို့နှင့်အတူ လှုပ်ရှားနေသည်။ သူ၏ ကိုယ်ပိုင်စကားလုံးတို့ လက်တွင် ချိတ်ဆွဲနေသလား မှတ်ထင်ရသည်။ ပထမဆုံး လီနင်ကိုကြည့်လိုက်သည့်အခါ လေးနက်စွာ တွေ့ရသည်။ ထို့နောက် စတင်ပြီး ပြုံးလာသည်။ ထိုအခါ မျက်နှာပေါ်မှ အရေးအကြောင်းများ တက်လာသည်။ ခေါင်းညိတ်ပုံက ပြောင်လှောင်ဟန်မျိုးဖြစ်သည်။ ထို့နောက် ပြုလုပ်ရန် နောက်တွန့်သည့်ပုံမျိုး ပြောနေသည်ကို စိတ်ထဲမှ ဖယ်ထုတ်သည့် ကိုယ်အမူအရာကို တွေ့ရသည်။ သူ၏ ငြင်းဆိုမှုကို ဂျာမန်ကလည်း ကိုယ်ဟန်အမူအရာဖြင့် စွဲမြဲစွာ ခုခံပြောဆိုနေသည်။ လီနင်က တံတောင်ဖြင့်တွက်ရင်း. တစ်စုံတစ်ရာ ပြောလိုက်သည်။ ပြောဆိုမှုအား သေချာနိုင်လုံသော အဆုံးသတ်သို့ မရောက်သေးမီ နှစ်ကြိမ်သုံးကြိမ်ခန့် တိုတောင်းစွာ ပြောကြသည်။ ဂျာမန်ဖြစ်သူသည် ကန့်ကွက်ရင်း ဒေါသထွက်နေသည်။ လီနင်က သူ့ပခုံးကို လက်ဝါးဖြင့်ပုတ်သည်။ ဖိလိုက်သော လက်အောက်တွင် တစ်ကိုယ်လုံး၏ အားပါသည့်နှယ်ဖြစ်သည်။ ထို့နောက် ရယ်မောသံ ပွင့်ထွက်လာသည်။ လမ်းလျှောက်ရင်းပင်

လက်ခုပ်သံများ အပေါ်ထပ် ပွဲကြည့်စင်မှ စထွက်ပေါ်လာသည်။ ထို့နောက် တစ်ညီတစ်ညာတည်း စုစည်းမိသွားပြီးနောက် အဆက်မပြတ်ဖြင့် ကျယ်လောင်လာသည်။ ရှမ်လင်လည်း စင်ပေါ်တွင် ဘာဖြစ်နေသည်ကို မြင်ရရန် ထပြီးကြည့်လိုက်သည်။ သို့သော် တစ်ဦးမှ ထွက်ပေါ်လာသည်ကို မတွေ့ရပေ။ ထို့နောက် ခန်းမတွင်းသို့ ကြည့်လိုက်ပြီး သူလည်း လက်ခုပ်တီးလိုက်ရာ လက်တွင်းမှ မှတ်စုစာအုပ်က ချော်ပြီး ကျသွားသည်။

လီနင်သည် ခန်းမ၏ မင်းလမ်းအတိုင်း လျှောက်ဝင်လာသည်။ နိုင်ငံတကာမှ ကိုယ်စားလှယ်များကလည်း နောက်မှ အုပ်လိုက် လိုက်ပါလျက်ဖြစ်သည်။ သူက လျှောက်လှမ်းရင်း လှေကားထစ်ပေါ် လျင်မြန်စွာတက်သည်။ ဦးခေါင်းကို သူ တစ်ချက်စောင်းငဲ့သည်။ လေနှင့်အတူ ရောက်ရှိလာသလို လူအုပ်ကို ဖြတ်ကျော်ပြီး မြင်ကွင်းတွင် ပေါ်ထွက်လာရန် ကြိုးစားနေရာ လက်ခုပ်သံများ ရပ်ဆိုင်းသွားစေရန်ဖြစ်သည်။ လူသွားစကြံလှေကားပေါ် သူ တက်ကြည့်သည်။ တစ်ခဲနက် ထောက်ခံ အားပေးနေသော လူအုပ်မြင်ကွင်းကို ကျော်လွန်နိုင်ရန်ဖြစ်သည်။

ထိုသို့ တက်လိုက်သောခဏတွင် တံခါးများအားလုံး ပွင့်သွားပြီး ကြီးမားသော ခြင်းများဖြင့် ထည့်၍ ဇော်မွှားပန်းအနီတို့ကို ယူဆောင်လာသည်။ ပန်းတို့ကို ထိုင်ခုံတန်းများထဲသို့ အဆက်မပြတ် ချပေးသည်။ ပွဲကြည့်စင်မှ ကိုယ်စားလှယ်များကလည်း ရင်ဘတ်တွင် ထိုးထားကြသည်။ အနီရောင် နပူးစည်းစာတန်းများ၊ အခြားဆင်ယင်မှုများဖြင့် စင်မြင့်သို့သွားရာတစ်လျှောက် လုပသော ပန်းကုံးတို့သဖွယ် ဆင်ယင်ထားသည်။ ရှမ်လင်းထိုပုံကို အရယူလိုက်သည်။ အသက်ကြီးကြီး အနုပညာရှင်နှစ်ဦးကိုလည်း သူ'သတိပြုမိသည်။ နှစ်ဦးလုံး သူ၏ ယခင်က ဆရာများဖြစ်ပြီး အလုပ်တွင် အခြေကျနေသည်မှာ မကြာသေး။ ရှမ်လင်ကမူ ရပ်၍ ငေးစိုက်ကြည့်ဆဲရှိသည်။ ထို့နောက် လျင်မြန်စွာ ထိုင်ချပြီး ခဲတံဖြင့် စတင်ရေးဆွဲသည်။

ရုတ်တရက် လီနင်သည် မင်းလမ်းအတိုင်း ခန်းမမှ နောက်သို့ ပြန်လျှောက်လာသည်။ လူအများက အစတွင် သတိမပြုမိ၊ နောက်မှ ပြန်မြင်ပြီး လက်ခုပ်သံများ မင်းလမ်းအတွင်းသို့ လောင်းထည့်သကဲ့သို့ရှိသည်။ လီနင်သည် လုံးဝ ပြေးလုနီးပါး ဖြစ်သည်။ သူ့နောက်သို့ လိုက်လာနေသူတစ်ဦးကို တွေ့ရသည်။ ရပ်လိုက်ပြီး လက်ဆွဲနှုတ်ဆက်ပြီး အပြုံးများ အတူပေါင်းမိသွားသည်။ ထိုသူသည် အရပ်ရှည်ပြီး လီနင်ကို နွေးထွေးစွာ နှုတ်ဆက်သည်။ ထိန်းချုပ်ဟန် အပြုံး၊ တည်ငြိမ်သော ဣန္ဒြေရှိသော

ရယ်နေသည်။ မြန်သည်ထက်မြန်အောင် လျှောက်သည်။ နောက်ကို ပြန်မကြည့်တော့သော ပုံမျိုးဖြင့်ပင်။ ဂျာမန်ဘရန်းစဝစ်က လီနင်ကို ရွှင်လန်းစွာ ရယ်မောနိုင်အောင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ဘရန်းစဝစ်က လီနင်ကို စိန်ခေါ်ငြင်းခုံနေခြင်းပြုခဲ့လျှင် ရှုမိလင်အဖို့ အံ့သြဖွယ်ရာဖြစ်သည်။ တကယ်လည်း ဖြစ်နိုင်သည်ဟုတွေးရင်း သူ ပြုံးမိချိန် ဂျာမန်ဖြစ်သူလည်း လူအုပ်ထဲ၌ ပျောက်ကွယ်သွားသည်။ ပန်းချီဆရာတစ်ဦးအတွက် စိတ်လှုပ်ရှားဖွယ် မြင်ကွင်းဖြစ်သည်။ လီနင်၏ စရိုက်လက္ခဏာသို့ သူ၏ ချဉ်းကပ်မှုသည် ပုံစံတကျမရှိဘဲ စိတ်ခံစားမှုတို့ဖြင့် ထိုလက္ခဏာကို လှုပ်ရှားမှုအဖြစ် အပြည့်အဝ ပုံပေါ်လာအောင် လေ့လာရေးဆွဲခြင်းပင်။ လီနင် ရွှင်လန်းစွာ ရယ်မောသည်ကို သူ မြင်ဖူးသည်။ ငြင်းခုံသော အမူအရာကိုလည်း စောင့်ကြည့်ဖူးသည်။ သူ'မျက်နှာ၏ဖော်ပြချက် လျင်မြန်စွာ ပြောင်းလဲသွားပုံ၊ မျက်လုံးများ လျှို့ဝှက်စွာ ကျဉ်းမြောင်းသွားပုံ၊ ပြင်းထန်စွာ ခံစားတတ်သော ဆုံးဖြတ်ချက်ခိုင်မာသော အမူအရာတို့ကိုလည်း တွေ့ရသည်။ ဤသတင်းများ အလွန်အရေးပါသော လေ့လာမှုများဖြင့် သူ၏ ရေးဆွဲမှုကို ပြည့်စုံစေသည်။ သူတွေ့ခဲ့ရသော လူနှစ်ဦးအကြောင်းကိုတွေးရင်း ရှုမိလင် ပြုံးမိသည်။ နှစ်ဦးလုံး အစိုးရခေါင်းဆောင်များဖြစ်သည်။ တစ်ဦးက ဘရန်းစဝစ်၊ အစိုးရသမ္မတ နောင် ပြန်မပေါ်လာတော့မည့်သူ၊ တစ်ဦးက အာဏာရသည်မှာ သုံးနှစ်သာရှိသေးပြီး ရှေ့ဆက်ပြီးလည်း တည်ရှိဦးမည့်သူပင်။

မကြုံဖူးသော စိတ်ပိုင်းဆိုင်ရာ ခံစားမှုတစ်ရပ် ရှုမိလင်အပေါ် လွှမ်းခြုံနေသည်။ နှလုံးခုန်သံ မြန်နေသလို လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသော အလွန်လိုချင်သော ဆန္ဒထင်ရှားစွာ ဖြစ်ပေါ်လာသည်။ လူများစွာ လီနင့်ထံ လာကြသည်။ စကားပြောရန်ဖြစ်သည်။ သူက ပန်းချီဆရာတစ်ဦး၊ သူ့ဆန္ဒက သန်းချီသော ပြည်သူများအလို့ငှာ သူ့ကို ပုံတူကားတစ်ချပ် ရေးဆွဲခွင့်ရရန်သာဖြစ်သည်။ ထို့သို့ နောက်ခံအကြောင်းအရာ အတွက်သာ ဖြစ်သည်။ ထိုအခွင့်အရေးကို မည်သို့ရအောင်ယူမလဲ သူစဉ်းစားသည်။ လီနင်၏ အပြုံးက မျက်နှာပေါ်မှ ကြည့်ကောင်းသော အသွင်အပြင်နှင့် ဖျတ်ခနဲ ကြည့်သော အကြည့်တို့ကို အမိဖမ်းယူရမည်လား တွေးကြည့်မိသည်။

ရှုမိလင် သူ ရေးဆွဲနေသည်ကိုလည်း ပြန်ကြည့်ခဲ့သည်။ ထိုရေးဆွဲမှုကလည်း ကောင်းမွန်ကြောင်း သံသယမရှိပေ။ အလျင်အမြန်ရေးသော ကောက်ကြောင်းများဖြစ်၍ လုံးဝ ပြည့်စုံမှု အကောင်းဆုံး မရှိတာတော့ သေချာသည်။ သို့သော် လီနင်ကိုယ်တိုင်

တွေ့လျှင် ဘယ်သို့ဖြစ်မလဲ သူ'စဉ်းစားကြည့်သည်။ လူအုပ်ကြီးကလည်း သူ့ကို ရှေ့သို့ တွန်းပို့နေသည်။ ဖြစ်နိုင်သော စိတ်ကူးတစ်ခုရသည်။ ရှေ့ဆုံးအတန်းကို မီအောင် သူ'သွားသည်။ လီနင်လျှောက်သော အတန်းအထိဖြစ်သည်။ အသက်ကို ပြည်ညင်းစွာ ရှူထုတ်လိုက်သည်။ သူ'လိုချင်သော ရည်မှန်းချက်ကို တွေ့နေရပါပြီ။ သို့သော်လည်း ဖြစ်နိုင်မဖြစ်နိုင် မသေချာသေး။ နောက်ဆုံးအဆင့်ကို ပြုလုပ်ရန် သတ္တိမွေးလိုက်သည်။ ပြီးတော့ လီနင့်အနားသို့ ချဉ်းကပ်လိုက်သည်။

*"ကျွန်တော် ဆန္ဒရှိခဲ့လို့ပါ"*

ဟု သူ'စပြောပြီး ချက်ချင်း သူ'ဘာပြောဆိုသည့် အဓိပ္ပာယ်ကို မေ့သွားကြောင်း စဉ်းစားမိသည်။

*"ဗလာဒီမီယာအိုင်းရှစ်ချ် ဒီပုံဆွဲထားတာကို ဘယ်လိုထင်ပါသလဲ"*

ဟု မေးမြန်းလိုက်သည်။

လီနင်က ဖျတ်ခနဲ အသံလာရာ လှည့်ကြည့်၍ ပုံကြမ်းဆွဲထားသော စာအုပ်ကိုယူလိုက်သည်။ အပေါ်မှ ကုန်း၍ ဆွဲထားပုံကိုကြည့်သည်။ မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် စာအုပ်ကို ဘေးသို့ဖယ်၍ စိတ်ရွှင်လန်းစွာ ပန်းချီဆရာကို ပြန်ပေးရင်း လှမ်းကြည့်သည်။ လီနင်က • • • •

*"ခင်ဗျားရော ဘယ်လိုထင်သလဲ"*

ဟု ရင်းနှီးသော လေသံဖြင့် ပြန်မေးသည်။

*"မရှိပါဘူး။ ဒါပေမဲ့ ဒါဟာ ပုံသဏ္ဌာန်တူ ဖြစ်တယ်လို့ပဲ ကျွန်တော် ယုံပါတယ်"*

*"ကျွန်တော် သဘောထားတော့ မပေးနိုင်ဘူး။ ပန်းချီပညာရှင် မဟုတ်လို့ပါ"*

ဟု လီနင်က လျင်မြန်စွာပြောသလို မျက်လုံးများ စိတ်ရွှင်လန်းသည့်အရောင်များ တစ်ချက်လက်သွားသည်။

သူ၏ခေါင်းကို နောက်သို့လှည့်ကြည့်သည်။ ရှမီလင်ကို အားပေးသည့် အနေဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ သူ့ကို ဦးတည်နေသည့်အလား တစ်စုံတစ်ဦးကို လှည့်၍ စကားပြောလိုက်သည်။

ရှမီလင် ရှေ့ဆုံးတန်းမှ ပြန်တိုးထွက်ရာ ဒုတိယနောက်တန်းသို့ ပြန်ရောက်သည်။ သူနှင့် အဖြစ်အပျက်သည် ဘာတွေဖြစ်ခဲ့သလဲ။ ယင်းက စိတ်ပျက်သလိုများ ခံစားစေခဲ့ရသလား။ သို့မဟုတ် စိတ်အနှောင့်အယှက် ဖြစ်သွားခဲ့သလား။ တစ်သီတစ်တန်းကြီး စဉ်းစားကြည့်သည်။ သို့သော် ထိုအတွေ့အကြုံသည် ပြီးဆုံးကျော်လွန်

သွားပြီဖြစ်သည်။ လီနင်၏ စကားလုံးတို့ သို့မဟုတ် သတိထားကြည့်နေရခြင်းတို့မရှိတော့။ သူက လီနင်ကို ပြလိုက်သော ပုံတစ်ချပ်သည် ထင်ရှားသိသာအောင် ကောင်းမွန်ခြင်းမရှိခဲ့လျှင် ဘာဖြစ်နိုင်သလဲ။ စာအုပ်ကို ဖွင့်ကြည့်လိုက်သည်။ ရုတ်တရက်ရိုက်လိုက်သော ပုံတစ်ခုလို ဖြစ်နေသည်ထင်ရသည်။ ရေးဆွဲမှု မအောင်မြင်ခဲ့ဟု ထင်မိသည်။

တစ်စုံတစ်ဦးက သူ့လက်ကို လှမ်းဆွဲလိုက်ကြောင်း ခံစားရ၍ လှည့်ကြည့်လိုက်ရာ ဂျာမန်ဘရန်းစဝစ်။

*"ခင်ဗျား ကျုပ်ကို ပုံတစ်ပုံ ဆွဲခွင့်တောင်းခဲ့သေးတယ်လေ သူငယ်ချင်း"*

ဟု ကျယ်လောင်သော အသံနှင့်ပြောသည်။

*"ဒီနေ့ အခွင့်အရေးကောင်းကောင်း မရခဲ့ဘူးဆိုရင် မနက်ဖြန် ပေးနိုင်တယ်"*

ဟု ရှည်လျားစွာပြောရင်း ရှမိလင်၏ပခုံးကို လှမ်းပုတ်သည်။

*"ဒီနေ့က တော်တော်ပူတယ်၊ ခင်ဗျားတို့နိုင်ငံရဲ့ ရာသီဥတုကို မကြိုက်ဘူး"*

ဟု သူ ပြောသည်။

*"ဘာကို ပြောတာပါလိမ့်"*

ရှမိလင်က သူ့ကို ပြန်မေးသည်။

*"ကျွန်တော် စိတ်ပြောင်းသွားပြီ၊ ပုံဆွဲပေးဖို့ မဖြစ်နိုင်တော့ဘူး"*

*"အို... ဘယ်လိုသဘောမျိုး ဖြစ်ရတာတုန်း"*

ရှမိလင် ကြားသော်လည်း နောက်တွင် ကျန်ခဲ့ပြီ။ သူ ဦးတည်ရာက လူအုပ်ကို ဖြတ်ကျော်ထွက်နိုင်ဖို့။

ဂျာမန်ဖြစ်သူအကြောင်းကို တစ်ခဏအတွင်း မေ့သွားသည်။ တစ်စုံတစ်ဦးက သူ့လက်ကို လှမ်းပုတ်သည်။ ဒီတစ်ကြိမ်တော့ အလွန်ရင်းနှီးသည့် အထိအတွေ့ဖြစ်သည်။ ယင်းမှာ သူ၏ ဆရာဖြစ်သူနှင့် အခြားပန်းချီဆရာတစ်ဦး ဖြစ်သည်။ ကွန်ဂရက်တွင် မီဒီယာဝင်းထဲ၌ တွေ့ခဲ့သူများဖြစ်သည်။

*"ဟော့... ကျွန်တော်ပြောမယ်၊ အခု ဒီမှာ ကျွန်တော် ဘာပုံမှ မဆွဲနိုင်ခဲ့ဘူး။ မင်းကော"*

သူက နူးညံ့စွာမေးလိုက်ရာ စိတ်အားထက်သန်မှုနှင့် ရင်းနှီးမှုတို့ သူ့အသံ၌ ပါဝင်နေသည်။

*"ကျွန်တော်လည်း အတူတူပါပဲ"*

ရှမီလင်က ပြန်ဖြေလိုက်ရင်း ရင်းနှီးစွာ လက်ကိုဆုပ်ကိုင်ပြီး စိတ်အားထက်သန်စွာ ဆက်ပြောခဲ့သည်။

*"တကယ်ပြောတာပါ၊ မလုပ်နိုင်ခဲ့တာ သေချာပါတယ်"*

**.A Drawing of Lenin by Konstant in Fedin**

**Translated from thre Russian**



လီနင်၊ ခရုပ်စကာယာတို့နှင့် ယင်းတို့၏ တူများဖြစ်သော အူလ်ရာနော့ဗ်ရာတို့နှင့်အတူ
(ဂေါ်ကီ၏ အိမ် ၁၉၂၂၊ ဩဂုတ်လ)

## တစ်ပတ်တစ်ကြိမ်နှင့် နှစ်ပတ်တစ်ကြိမ်

နိုင်ငံသည် ပြည်တွင်းစစ်အတွင်း၌ ရုန်းကန်လှုပ်ရှားနေရသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဂျူး၊ ပြောင်း မလုံလောက် ပြတ်လပ်မှုကို ခံစားနေရရာ အထူးသဖြင့် လောင်စာဆီတို့လည်း ပါဝင်သည်။ ရေနံလောင်စာကြွယ်ဝရာအဖြစ် ထိုကာလက တွေ့နိုင်သည်မှာ ဘာကူးနှင့် ဂရိုင်နီကစ်ဝိုက်ဖြစ်သော်လည်း ရှည်ကြာသော စစ်ပွဲကာလအတွင်း ထိုနေရာတို့သည် ရန်သူနှင့် လက်တစ်ကမ်းအကွာ၌ ဖြစ်လျက်ရှိသည်။

အမ်ဘာမြစ်သည်လည်း ရေနံထုတ်လုပ်ရာ ဒေသတစ်ခုဖြစ်သည်။ လီနင်၏ ရည်မှန်းချက်များဖြစ်သော ၁၉၁၉ တွင် စူးစိုက်အကောင်အထည်ဖော်ခဲ့ခြင်းတစ်ခုမှာ အမ်ဘာမြစ်ပတ်ဝန်းကျင်တွင် ရေနံ စတင်တူးဖော်ရန်ဖြစ်သည်။ ထို့အတွက် မလွှဲမရှောင်သာ ပြုလုပ်ရမည့်အရာတစ်ခုမှာ မီးရထားလမ်းသစ်တစ်ခုကို ဖြစ်နိုင်သမျှ မြန်မြန် ဖောက်လုပ်ရန်ဖြစ်သည်။ လီနင်က မီးရထားလမ်း အင်ဂျင်နီယာများကို ညွှန်ကြားချက် ကြေးနန်းတစ်စောင် ပို့လိုက်ရာ နှစ်ပတ်တစ်ခါ အလုပ်တိုးတက်မှုကို အစီရင်ခံရန်ဖြစ်သည်။

အင်ဂျင်နီယာများသို့ ထောက်ပံ့ရမည့် မီးရထားသံလမ်းများ၊ ဇလီဖားတုံးများ၊ တည်ဆောက်ရေးကိရိယာများ အခြားလိုအပ်သည့်ပစ္စည်းများ ပေးရမည့်လုပ်ငန်းများကို သူက ရှာဖွေထားသည်။ ထို့နောက် လုပ်ငန်းအားလုံးသို့ ကြေးနန်းများပို့ရန် သူ စီစဉ်ဆောင်ရွက်သည်။ ကြေးနန်းအတွင်း သူ၏ လက်မှတ်နေရာနှင့် တစ်ပတ်လျှင် တစ်ကြိမ် သူ့ထံ အစီရင်ခံစာတင်သွင်းရန် ညွှန်ကြားထားသည်။ ရထားလမ်းအတွက် မရှိမဖြစ် ပစ္စည်းများအားလုံး မည်သို့ ပို့ဆောင်ခဲ့သည်ကိုဖြစ်သည်။ ပစ္စည်းပေးသွင်း

သူတို့သည် သူတို့က ဗလာဒီမီယာအိုင်းရစ်ချ်ထံ အစီရင်ခံရသည်က တစ်ပတ်လျှင် တစ်ကြိမ်ဖြစ်ပြီး အင်ဂျင်နီယာများက နှစ်ပတ်လျှင်တစ်ကြိမ်သာ ဖြစ်သည်ကို တွေ့ရှိသွားသည်။

*"ဒါ ဘယ်လိုဖြစ်တာတုန်း"*

*"ဒီတစ်ခုတည်းက ဘာကြောင့် နှစ်ပတ်ကို တစ်ကြိမ် ဖြစ်နေတာတုံး'*

*"ဒီမှာက တစ်ပတ်ကို တစ်ကြိမ်ပါလား"*

"ကျွန်တော်တို့က တာဝန်ပိုနည်းရမှာ မဟုတ်ဘူးလား"

ထို့နောက် သူတို့က အမှားတစ်ခုဖြစ်နိုင်သည်ဟု ဆုံးဖြတ်ပြီး လီနင်၏ အတွင်းရေးမှူးများထဲမှ တစ်ဦးကို အကြောင်းကြားလိုက်သည်။ မီးရထားလမ်း အင်ဂျင်နီယာများက ဗလာဒီမီယာအိုင်းရစ်ချ်ထံ အစီရင်ခံရန် ညွှန်ကြားထားသည်က မည်သို့ ဖြစ်နေသည့်အကြောင်းကို သူတို့ ရှင်းပြကြသည်။ မီးရထားလမ်းဆောက်လုပ်ရေးက နှစ်ပတ်လျှင် တစ်ကြိမ်သာ အစီရင်ခံရမည်ဖြစ်လျက် သူတို့ကို ပစ္စည်းပေးသွင်းသူများက တစ်ပတ်လျှင် တစ်ကြိမ် အစီရင်ခံရမည်ကဲ့သို့ ဖြစ်နေခြင်းအပေါ်၌ဖြစ်သည်။

*"ဒါ သိသာလွန်းတဲ့ အမှားတစ်ခုပါ"*

ဟု ပြောရင်း သူတို့ အဆုံးသတ်သွားကြသည်။

အတွင်းရေးမှူးက ကြေးနန်းများကို စစ်ဆေးသည်။ နေ့စွဲများက ကွဲပြားသည့် အလျောက် သေချာလောက်သည်။ ကြေးနန်းရိုက်သူ၏ အမှားတစ်ခုများဖြစ်နေသလား။ သူစုံစမ်းမှုများလုပ်ကြည့်တော့ သူနှင့်လည်း မဆိုင်ကြောင်း တွေ့ရသည်။ လက်နှိပ်စက်ရိုက်သူများ လွဲချော်ရိုက်မိခြင်းလား လက်နှိပ်စက်ရိုက်သူက သူ့သံသယရှိ၍ စဉ်းစားမိသော်လည်း ဗလာဒီမီယာအိုင်းရစ်ချ်က သူမထံ တိတိကျကျ ရည်ညွှန်းထားခြင်းဖြစ်ကြောင်း သိရသည်။ ထိုအခါ အတွင်းရေးမှူးဖြစ်သူသည် လီနင်ကိုသာ ပြန်စစ်ဆေးကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

*"ဗလာဒီမီယာအိုင်းရစ်ချ်ခင်ဗျား၊ အမ်ဘာရထားလမ်း အင်ဂျင်နီယာတွေနဲ့ ပစ္စည်းပေးသွင်းသူတွေကိုပို့တဲ့ ကြေးနန်းမှာ သိသာတဲ့အမှားငယ်တစ်ခု ဖြစ်နေပါတယ်၊ ဘယ်ဟာက မှားတယ် မှန်တယ်ဆိုတာ ဗလာဒီမီယာအိုင်းရစ်ချ် ဆုံးဖြတ်ပေးပါ။ ကျွန်တော့်အထင် လက်နှိပ်စက်ရိုက်သူက သင့်ရဲ့မှန်ကန်မှုကို နားမလည်တာ ဖြစ်နိုင်ပါတယ်"*

သူက ကြေးနန်းစာ နှစ်ခုလုံးကို ဗလာဒီမီယာအိုင်းရစ်ချ်ထံ ပြလိုက်သည်။

လီနင်က ယင်းတို့ကို တစ်ချက်ကြည့်ပြီးနောက် မေးသည်။

"ဘယ်မှာ မှားနေလို့လဲ၊ အားလုံး မှန်ပါတယ်"

*"ကြည့်ပါဦး ဗလာဒီမီယာအိုင်းရစ်ချ်"*

အတွင်းရေးမှူးက လီနင် အာရုံစိုက်မိစေရန် တစ်ပတ်နှင့်နှစ်ပတ်ဆိုသော စာပုဒ်အကြောင်းကို ဆွဲပြလိုက်သည်။

*"အို... သိပြီ"*

လီနင်က ပြောသည်။

*"မဟုတ်ဘူး မဟုတ်ဘူး၊ အဲဒီနေရာက အားလုံးမှန်တယ်"*

အတွင်းရေးမှူးဖြစ်သူကို ကြည့်ရင်း ဆက်ပြောသည်။

"ပစ္စည်းသွင်းသူတွေက ချလိုက်ပြီဆိုပေမဲ့ ရထားသံလမ်းတွေ၊ ဇလီဖားတုံးတွေ တည်ဆောက်ရေးကိရိယာတွေဟာ အချိန်မီ မရောက်နိုင်ခဲ့ရင် အင်ဂျင်နီယာတွေက ဘာလုပ်မယ်လို့ မျှော်လင့်နိုင်မှာလဲ။ ပစ္စည်းပေးသွင်းသူက နှစ်ဆပိုပြီး တာဝန်များတယ်၊ ဒါကြောင့် အချိန်ချင်း အတူတူ သူတို့ကို ကျွန်ုပ်က နှစ်ကြိမ် အစီရင်ခံစေချင်တာလေ"

**One Week and Two Weeks**

**By Sergei Alexeyev**

**Translated by Jan Butler**



လယ်သမားကိုယ်စားလှယ်များ လီနင်ထံ လာရောက်စဉ်

## ပါတီဝင်တော်လှန်ရေးတပ်သားတို့နှင့် လီနင်တွေ့ဆုံခြင်း

စစ်ပွဲသည် ဆိုက်ဘေးရီယားပြည်နယ်ကို ကျော်ဖြတ်နေသည်။ ရုရှား ကုန်းမြေကို အမေရိကန်နှင့် ဂျပန်တို့၏ ဝင်ရောက်လုယက်မှု နှောင့်ယှက်မှုတို့ကြောင့် ဘိုင်ကယ်ရေအိုင် အရှေ့ဘက်တွင် ရှေ့တန်းစစ်မျက်နှာမှာ နောက်သို့ ပြန်ဆုတ်ရသည်။

ရှည်လျားသော လမ်းကြောင်းတစ်လျှောက် အပူပေးနိုင်ခြင်းမရှိသော မီးရထားဘူတာရုံများ တည်ဆောက်ရန်မှာ ခက်ခဲလှသည်။ အရာရှိများက စိတ်ဆိုးစွာ ငြင်းဆိုကြသည်။ မီးရထားကို အချိန်များစွာ ပြောင်းလဲရသည်။ လမ်းကြောင်းတစ်လျှောက်နှင့် ပွိုင့်များတွင် မဆုံးနိုင်အောင် စောင့်ဆိုင်းကြရသည်။ ရထားက ပါတီဇန်တော်လှန်ရေးသမားတို့ကို မော်စကိုအနားအထိ ခေါ်ဆောင်သွားသည်။

နှင်းခဲသော နံနက်ဖြစ်သည်။ ညဘက်တွင်ဖြစ်သော မြူများမှာ အပင်များပေါ်တွင် နွေးကွေးစွာ ဖုံးအုပ်ကျန်နေဆဲဖြစ်သည်။ တောင်ကုန်းငယ်များပေါ်မှ နှင်းတို့ မြေပြင်ပေါ်သို့ အရည်ပျော်ကျစပြုနေပြီ။ မီးခိုးရောင် အညိုရောင် ရောင်စုံသန်းနေသော အစောင့်တပ်သားတို့၏ ဦးထုပ်ကဲ့သို့ဖြစ်သည်။

တောအုပ်ငယ်များအတွင်းမှ ထင်းရှူးပင်၊ ဘုဇပတ်ပင်တို့က ဘေးတစ်ဖက်တစ်ချက်တွင် ဖြန့်ကားလျက်ရှိသည်။ ထိုလမ်းကြောင်းအတိုင်း အဝေးကိုကြည့်လျှင် မြင်ကွင်းက ရှင်းလင်းနေသည်။ မြစ်ဝှမ်းတောင်ကြားတစ်လျှောက်မှ ရွာငယ်အနည်းငယ် တစ်ခုနှင့်တစ်ခု ပူးကပ်နေသည်ကိုလည်း တွေ့နိုင်သည်။ ထိုနေရာတွင် လိပ်ခုံးပုံ အဆောက်အအုံ ရွှေရောင်ဘုရားကျောင်းနှင့် သစ်သားအိမ်များ အရောင်တဖျပ်ဖျပ်

ပေါ်တွင် မြူများက ရွှေ့လျားနေကြသည်။ ပါတီဇန်တော်လှန်ရေးတပ်သားတို့၏ ဟောင်းနွမ်းသော မြင်းရထားဖြတ်မောင်းသွား၍ အထိတ်တလန့် ဖြစ်ကြသည်။ လေတိုးသံကြားတွင် တကျိုကျိုဖြင့် အဖုအထစ်များဖြင့် တိုက်မိသံတို့က ပြိုကျလု ခနော်ခနဲ့ လှုပ်နှင့်တူနေသည်။ ပါတီဇန်တို့ မသက်မသာမှုပေါင်းစုံကို စတင်ခံစားရသည်။ သတိပြုမိလောက်အောင် အေးမြသည်ကိုလည်း မကြုံဖူးချေ။ သူတို့ ပြတင်းပေါက်နားတွင် စုဝေး၍ မော်စကိုမြို့တစ်ပိုက် မြင်ကွင်းကို စိတ်အားထက်သန်စွာ ကြည့်မှတ် နေကြသည်။

သူတို့ထဲမှ အသက်အကြီးဆုံး ဖစ်ရှိကာက အထူးပင် စိတ်လှုပ်ရှားနေသည်။ အကြောင်းက ထိုနေရာများကိုဖြတ်သန်းလာရင်း ဆိုက်ဘေးရီးယားသစ်တောများရှိရာမှ အိမ်ကို အမှတ်ရလာ၍ဖြစ်သည်။

*"ကြည့်စမ်းပါဦး မတ်ဗိုင် ကြည့်ပါဦး"*

သူက အော်ဟစ်ပြောနေသည်။

*"ဒီနေရာက အစက်လေးဟာ ကျွန်တော်တို့နားက ယက်ဆာမြစ်နဲ့ မတူဘူးလား၊ ဘယ်ဘက်က ရွံ့နွံတော ဒီအပေါ်က ဗီဆွိုင်းလျှိုမြောင်ကို အမှတ်မရဘူးလား"*

ထို့နောက် သူကပင် ဘီလာယက်ကို စတင်ပြီး စိတ်အားထက်သန်စွာ မေးပြန်သည်။ မော်စကိုတစ်ပိုက်မှ ကုန်းမြေတို့တွင် ဘယ်သီးနှံများ ထုတ်လုပ်နိုင်သည်၊ မည်သည့် တိရစ္ဆာန်နှင့် ငှက်များကို ထိုသစ်တောများ၌ တွေ့နိုင်သည်။ သူတို့သည်လည်း အချိန်ပြည့် ထိုနေရာတွင် နေမနေ သို့မဟုတ် ရာသီတစ်ခုသာရှိမည်။ အစားအစာရှာဖွေရန် တစ်နေရာမှတစ်နေရာသို့ လှည့်လည်သွားလာမည် စသည်တို့ဖြစ်သည်။ စီလန်တီဘာကူလင်နှင့် မိုင်ယွန် ဗီဒိုဗင်တို့မှာ ဖစ်ရှိကာ၏မေးခွန်းများကို ဘီလာယက်က ကြည်နူးစွာ ပြန်ဖြေနေသည်ကိုနားထောင်ရင်း ပျော်ရွှင်နေကြသည်။ မတ်ဗိုင် တစ်ဦးတည်းသာ စကားပြောဆိုမှုတွင် ပါဝင်ခြင်းမပြုပေ။ သူ့တွင်ရှိနေသော စိတ်ကူးက လီနင်ကို တွေ့ရန်လာရသော ပထမဆုံးရောက်ဖူးသောနေရာနှင့် ခရီးကိုသာဖြစ်သည်။ သူကိုယ်တိုင်လည်း ကာလရှည်လျားစွာ ထိန်းသိမ်းထားသော အကြောင်းတစ်ခုလည်း ဖြစ်ပေသည်။ အန်တွန်တိုပီလ်ကင်ကမူ ယုံကြည်မှုကင်းမဲ့သောအတွေးများ ခံစားနေရသည်။ စိတ်အားထက်သန်စွာဖြင့် သွားရောက်လိုခြင်းကို ဒေသအုပ်ချုပ်ရေး တာဝန်ရှိသူတို့က မေးမြန်းပြီး ပါတီဝင်တို့၏ကိုယ်စားလှယ်အဖွဲ့တစ်ခုအဖြစ် မော်စကိုသို့ စေလွှတ်လိုက်ခြင်းဖြစ်သည်။

မတ်ဗိုင်သည် သစ်သားပြတင်းမှ ပြင်ပကို ကြည့်ရာ ဘုရားရှိခိုးကျောင်းများ။

ဝါခင်းများကိုတွေ့ရသည်။ တစ်ဖက်မှလည်း ဘီလာယက်နှင့် သူ့ရဲဘော်များ ပြောသော စကားကိုလည်း နားထောင်ရသည်။ သို့သော် သူ တွေးနေသည်ကို လီနင်နှင့် တကယ် တွေ့ဆုံနိုင်ရန်ကိုသာ။

အိမ်များက စတင်ပြီး တဖြည်းဖြည်း သေးငယ်လာသည်။ သစ်သားအိမ်ငယ်နှင့်အတူ ဝရန်တာများ၊ အိမ်ရှေ့တွင် ပန်းခြံများက အဆုံးသတ်နေသည်။ ရှေ့တွင် လမ်းခင်းကျောက်များနှင့် လမ်းများ၊ ကြီးမားသော အနီရောင်အုတ်နှင့် မီးခိုးရောင်ကျောက်တို့နှင့် အိမ်ကြီးများကိုတွေ့ရသည်။ ထိုနေရာ ဒီနေရာအပေါ်မှ ထိပ်မြင့်ခေါင်မိုးနှင့် ရုတ်တရက်ပေါ်လာသော စက်ရုံ မီးခိုးခေါင်းတိုင်ရှည်တို့ကို လှမ်းမြင်ရသည်။

*"ငါတို့ ဒီနေရာက မော်စကိုမြို့ဟောင်းကို ဝင်လာပြီဟေ့"*

ဟု ဘီလာယက်က ကျူးရင့်လိုက်သည်။

*"အိုး… ငါ ဘယ်တုန်းကမှ မမြင်ဖူးဘူး၊ ဒါလောက်ကြီးတာကို"*

ဖစ်ရှ်ကာက အံ့သြဝမ်းသာစွာ အော်ဟစ်ပြောဆိုသည်။ များပြားသော ကျောက်စီအဆောက်အအုံများနှင့် မီးခိုးခေါင်းတိုင်များပေါ် ကျော်ကြည့်နေသည်။ မတ်ဗိုင်လည်း ပြတင်းပေါက်နားကပ်လာသည်။ လည်ပင်းကိုဆန့်၍ မော်စကိုမြို့ကို စီလန်တင်ဘာကုလင်၏ ပခုံးပေါ်မှကျော်ကြည့်သည်။ မြင်နိုင်သော အကွာအဝေးတွင် မြင့်သော အဆောက်အအုံတစ်ခုနှင့် လိပ်ခုံးပုံအဆောက်အအုံတစ်ခုမှ အလံတစ်ခု လွှင့်ထူထားသည်။ သူက ဘီလာယက်ကို မေးသည်။

*"ဒီအိမ်အပေါ်က နေရာက လီနင်အလုပ်လုပ်တဲ့ နေရာမဟုတ်လား"*

ဘီလာယက် မျက်လုံးကိုပင့်၍ကြည့်သည်။ စက္ကန့်အနည်းငယ် တိတ်သွားပြီး ဦးခေါင်းကို လှုပ်ရမ်းသည်။

*"မဟုတ်ဘူး၊ ကရင်မလင်ကို ဒီနေရာကနေ မမြင်နိုင်ဘူး"*

သူက ပြန်ပြောရင်း လက်ကို မတ်ဗိုင်၏ ပခုံးပေါ်တင်ရင်း ခင်မင်ရင်းနှီးစွာ

"နည်းနည်း ထပ်ပြီး မစောင့်နိုင်ဘူးလား"

ဟု မေးသည်။

ဘီလာယက် မျက်ခုံးပေါ်တွင် အရေးအကြောင်းများထင်နေသည်။ သူက မတ်ဗိုင်ကိုကြည့်လိုက်ရာ စိတ်ဝင်စားမှုဖြင့် အရောင်ထွက်နေသော မျက်လုံးတို့နှင့်အတူ နုပျိုသော စိတ်အားထက်သန်မှုဖြင့် ရှိနေပေသည်။ သူက အသံကိုနှိမ့်ရင်း

*"မတ်ဗိုင်ရေ ကျွန်တော် သတိရတယ်"*

"စစ်မတိုင်မီ ပါတီက အလုပ်ကိစ္စနဲ့ နိုင်ငံခြားကို လွှတ်ခဲ့တုန်းကအကြောင်းကို။ ကရာကောင်းကိုရောက်ပြီး ဘူတာရုံထဲကထွက်လာတော့ သည်းမခံနိုင်လောက်အောင် ဖြစ်မိတယ်။ ရဲဘော်တွေကိုရှာဖို့ ကျွန်တော့်ကို မှာလိုက်ကြတယ်။ အဲဒီလိုနဲ့ လမ်းပေါ်မှာ ယောင်ပေပေလုပ်နေရတယ်။ ဖြတ်သွားတဲ့လူတွေကို ကြည့်နေရတယ်။ လီနင်က ဘယ်လိုတွေးနေလဲမသိဘူး၊ အနီးအနား တစ်နေရာရာကနေ လွယ်လွယ်ကူကူပဲ တွေ့ပြီး လျှောက်လာတယ်။ လူအုပ်ထဲက ထွက်လာတာဖြစ်ပေမဲ့ ဘယ်တော့မဆို ကြည့်ကောင်းတဲ့ ပုံသဏ္ဌာန်မျိုး။ ကျွန်တော်က သူ့ကို သေသေချာချာကြည့်တယ်၊ ဒါဟာ လီနင် ဟုတ်မဟုတ် စွန့်စားရမယ့်အခြေအနေ။ နောက်ဆုံးတော့ သူ နဲ့ဆုံတာပဲ၊ သေချာကြည့်ရင် သူက အရပ်မရှည်ဘူး။ တုတ်တုတ်ခိုင်ခိုင် ကိုယ်လုံးမျိုးပါ"

"ကျွန်တော် အမြဲ စဉ်းစားနေတာ လီနင်က ခန္ဓာကိုယ် အလွန်ကြီးမားတယ်လို့ ဒီက ရဲဘော် စီလန်တီကလည်း ပြောတယ်လေ"

ဟု မတ်ဗိုင်က ပြောသည်။

"အိုး... မဟုတ်ဘူး၊ သူက သိပ်အရပ်မရှည်ပါဘူး၊ အန်ကယ်ဖစ်ရှ်ကာထက် နည်းနည်းလောက်ပဲ ပိုမယ်"

ဟု ဘီလာယက်က ပြောသည်။

ဖစ်ရှ်ကာက ပြောသမျှစကားလုံးတိုင်းကို လိုက်မှတ်သည်။ ပြီးတော့-

"ဒီအလုပ်တွေလုပ်ရင်း ချည့်နဲ့နေလို့ တစ်ခါတလေ ကျိန်ဆဲမိတာတောင်ရှိတယ်၊ အေး... ဒါပေမဲ့ ငါက နည်းနည်း ပိုငယ်ပါတယ်၊ အလုပ်ကသာ ငရဲလိုဖြစ်နေတာ မတ်ဗိုင်လည်း ပြောပါဦး"

ဟု ပင်ပြောသည်။

ဘီလာယက်၏ ရယ်သံက ပွင့်ထွက်လာရာ စီးကရက်မီးခိုးများ သီးကုန်သည့်အထိ ဖြစ်သည်။

မြင်းရထားက မြေပေါ်တွင် ရပ်တန့်သည်။ ဘူတာရုံပလက်ဖောင်းနားသို့ တကျွိကျွိမြည်သံဖြင့် တဖြည်းဖြည်း သူတို့မြင်းရထား ရပ်တန့်သည်။ ချမ်းအေးနေသော ခရီးသည်များမှာ ကပျာကယာ ခုန်ဆင်း၊ တံခါးရှိရာ အလျင်အမြန်သွားရသည်။ သူတို့နှင့်ပါလာသော ခရီးဆောင်အိတ်များ၊ အထုပ်များ ထိုနေရာရောက်မှ ချကြသည်။ ပါတီဇန်တော်လှန်ရေးတပ်သားတို့ စောင့်ဆိုင်းရဦးမည်။ ဘီလာယက်က ယင်းတို့အား ဟောခန်းမထဲသို့ခေါ်သွားရာအထဲ၌ လူပေါင်းစုံကိုတွေ့ရသည်။ ကြီးမားသော ဝက်သစ်ချ

သား ခုံရှည်များပေါ်တွင်ထိုင်ရန် သူတို့ကို ဘီလာယက်က အကြံပေးသည်။

*"အလုပ်အမှုဆောင်ကော်မတီဆီကို ကျွန်တော် သွားဦးမယ်၊ အိပ်လို့ရမယ့် နေရာ ရှာပေးခဲ့မယ်၊ ရဲဘော်လီနင်ကို ကျွန်တော်တို့ တွေ့ရတော့မှာပါ"*

ဘီလာယက်သည် ရဲဘော်များအတွက် စီမံပေးရာ သူတို့လည်း ခုံရှည်များ ရှိရာသို့သွားကြသည်။

*"ကဲ... ကံကောင်းပါစေ၊ နောက်မှတွေ့မယ်"*

ဟု ဖစ်ရှ်ကာက ကျွန်လူများကိုယ်စားပါ ပြောလိုက်သည်။

ဘီလာယက်က ဘူတာရုံသို့ပြန်ရောက်လာသောအခါ မွန်းတည့်လောက်ရှိနေပြီး ပျော်ရွှင်သော ခံစားမှုနှင့် စိတ်လှုပ်ရှားလျက်ရှိသည်။

*"အားလုံးက သိပ်ကောင်းတယ် ရဲဘော်တို့"*

*"အလုပ်အမှုဆောင်ကော်မတီက ကျွန်တော်တို့ ကြေးနန်းရထားတယ်၊ ယူရိုပါ ဟိုတယ်မှာ ကျွန်တော်တို့ကိုတည်းဖို့ ငှားပေးထားတယ်"*

သူက ပြောသည်။

*"လီနင်အကြောင်းကကော ဘယ်လိုလဲ"*

မတ်ဗိုင်ကမေးရာ

*"ဗလာဒီမီယာအိုင်းရစ်ချ်က ကျွန်တော်တို့ကို သုံးလေးရက်အတွင်းမှာ တွေ့မယ်လို့ ကတိပေးတယ်"*

ဟု ဘီလာယက်က ပြန်ဖြေသည်။

*"အဲဒီအချိန်အတွင်းမှာ ကျွန်တော်တို့ မော်စကိုမြို့ကို လျှောက်ကြည့်လို့ ရမယ်၊ ရုံးအမျိုးမျိုးကို သွားလည်လို့ရလိမ့်မယ်"*

ပါတီဝင်တို့ သူတို့၏ ကုတ်အင်္ကျီများကိုချုပြီး ခါးပတ်များကိုတင်းအောင်ချည်သည်။ ထို့နောက် အိတ်များကိုသယ်ပြီး ဘီလာယက်ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့သည်။

ဟိုတယ်အတွင်း သူတို့ရောက်လာသောအခါ အလွန်ကြီးမားသောနေရာဖြစ်ကြောင်း တွေ့ကြသည်။ သို့သော် အခန်းအတွင်း၌ အေးမြနေသည်။ အုံသြဖွယ်ရာ နူးညံ့သော အိပ်ရာများ၊ မဟော်ဂနီရောင် စာရေးစားပွဲတစ်ခု၊ တယ်လီဖုန်းတစ်လုံး ရှိသည်။ ဘီလာယက်က တစ်နေရာရာမှ ကြီးမားသော ရေနွေးကရားနှစ်လုံး၊ ရေနွေးများနှင့်ရောက်လာသည်။ မတ်ဗိုင်က သူ့အိတ်အတွင်းမှ ဘီစကစ်နှင့် ဝက်သားခြောက်များထုတ်ပြီး ပါတီဝင်တို့ ထိုင်စားကြသည်။ ထို့နောက် သူတို့၏ ခါးပိုက်အိတ်အတွင်းမှ

ဒေသထွက် ဆေးရွက်ကြီးတို့ကိုထုတ်လိုက်ပြီး လမ်းမအပေါ် မြင်ကွင်းကောင်းသော ပြတင်းပေါက်အနီးထိုင်ချ၍ စီးကရက်လိပ်ကြသည်။ ထို့နောက် လီနင်နှင့်မော်စကို အကြောင်း သူတို့၏ဝေးကွာသော ဆိုက်ဘေးရီးယားအကြောင်းတို့ကို သတိတရဖြင့် စကားစမြည် ပြောကြသည်။ ညနေဘက်သို့ရောက်သောအခါ ရေချိုးကြသည်။ သူတို့၏ ရှည်လျားသော ခရီးအပြီး၌ ပထမဆုံးတစ်ကြိမ် ချိုးခြင်းလည်းဖြစ်သည်။ ထိုညက နူးညံ့သော အိပ်ရာခုတင်ပေါ်တွင် အနားယူရသည်မှာ သူတို့အတွက် ကောင်းသော ညချမ်းတစ်ခု ဖြစ်ပေသည်။

နောက်တစ်နေ့ မနက်တွင် သူတို့အားလုံး အပြင်ထွက်ရန် အဆင်သင့်ဖြစ်နေကြသည်။ ရင်ပြင်နီနှင့် ကရင်မလင်နန်းတော်ကိုကြည့်ကြမည်။ ထိုစဉ် တယ်လီဖုန်းက ရုတ်တရက် မြည်လာသည်။

ဘီလာယက်က ဖုန်းခွက်ကို လျင်မြန်စွာ ကောက်ကိုင်လိုက်သည်။ ပါတီဝင်တို့ အသက်ရှူသံမကြားရဘဲ တစ်ဖက်မှ စကားကိုစောင့်နေကြသည်။

*"ဗလာဒီမီယာအိုင်းရစ်ချ်က သင်တို့ကိုစောင့်မျှော်နေပါတယ် ရဲဘော်"* ဘီလာယက်က ပြောရင်း မီးခိုးရောင် သိုးမွေးစစ်ဝတ်စုံပေါ်တွင် ဂျာကင်အတိုကို ထပ်ဝတ်လိုက်သည်။

အစီအစဉ်က မမျှော်လင့်ဘဲ အပြောင်းအလဲဖြစ်သွားသည်။ သူတို့အားလုံး စကားမပြောနိုင်ဘဲ အံ့အားသင့်ပြီး အလျင်အမြန် ပြောင်းဝတ်ကြရသည်။ ဖစ်ရှ်ကာက သူ၏ သိုးရေကုတ်အင်္ကျီကိုချွတ်ပစ်ပြီး အိပ်ရာအောက်ရှိ အိတ်ထဲမှ လိုင်နင်ရှပ်အင်္ကျီ သစ်ကို ကမန်းကတန်း ရှာဝတ်သည်။ သို့ဖြင့် သူတို့ အလျင်အမြန် သွားကြသည်။ ဘီလာယက်က သူတို့ကို ရင်ပြင်နီအကြောင်း တစ်စုံတစ်ရာပြောရန် ကြိုးစားသေးသည်။ နားထောင်နေသော်လည်း အာရုံကပျံ့လွင့်၍လာတော့မည့် ဗလာဒီမီယာအိုင်းရစ်ချ်နှင့် အစည်းအဝေးသို့သာ စူးစိုက်နေကြသည်။

ကရင်မလင်ဂိတ်ဝတွင် ရိုင်ဖယ်သေနတ်ကိုင် စစ်သားတစ်ဦးက သူတို့ကို ရပ်တန့်စေသည်။ ဘီလာယက်က စတင်၍ သူ့ကို တစ်စုံတစ်ရာရှင်းပြသည်။ သို့သော် နောက်ထပ် စစ်သားတစ်ဦး ဂိတ်နောက်မှထွက်လာပြီး အထောက်အထားတို့ကို တာဝန်ယူ စစ်ဆေးသည်။

*"ဆိုက်ဘေးရီးယား ပါတီဝင်တွေအားလုံးလား"*

စိတ်ကြည်လင်စွာ သူက မေးသည်။

*"အားလုံး ဟုတ်ပါတယ်"*

ဟု ဘီလာယက်က ဖြေ၏။

*"သူတို့ကို ဖြတ်ခွင့်ပေးလိုက် ကေဆီနိုဖွန်တော့၊ သူတို့ ဗလာဒီမီယာအိုင်းရစ်ချ်ဆီ သွားမှာ"*

စစ်သားက ပြောရင်း ပါတီဝင်တို့ကို တစ်ချက်ကြည့်၍ သွားပေါ်အောင်ပြုံးလိုက်ရာ ဖြူဖွေးသောသွားများကို မြင်နေရသည်။

ဖစ်ရှ်ကာက ထိုအချိန်၌ တစ်ဦးတည်း နောက်ဆုံးမှဖြစ်နေ၍ မီအောင်လိုက်ရသည်။ နောက် စစ်သားတစ်ဦးက အလားတူ ကြည်လင်သောအသံဖြင့်ပင်–

*"သင် ဘယ်လို ကောင်းကောင်းတိုက်ခဲ့တယ်ဆိုတာ ဘာလို့ မပြောတာလဲ အဘိုး"*

ဟု မေးရာ ဖစ်ရှ်ကာက

*"ဘာမှမဟုတ်ပါဘူး လူကလေးရယ်၊ ကြက်ကလေးတွေဖမ်းပြီး အမွေးနုတ်ရသလိုပါပဲ"*

ရုတ်တရက် ပြန်ဖြေသည်။ အရာရှိဖြစ်သူက ကျယ်လောင်စွာပင် ရယ်မောရင်း ရပ်နေပြီး ပါတီဇန်တို့ ဝေးသွားသည်အထိ လေးစားစွာ စိုက်ကြည့်နေသည်။

လီနင်၏ ရုံးခန်းတံခါးပွင့်နေပြီး အမျိုးသမီးတစ်ယောက်ထွက်လာသည်။

*"ကျေးဇူးပြုပြီး အထဲဝင်ပါ ရဲဘော်၊ ဗလာဒီမီယာအိုင်းရစ်ချ် သင်တို့ကို စောင့်မျှော်နေပါတယ်"*

သူက ပြောရင်း ကြိုဆိုသော အပြုံးနှင့် တံခါးဘေးမှ ဖယ်ပေးလိုက်သည်။

ပါတီဝင်တို့ရပ်လိုက်ပြီး အကြည့်ချင်း ဖလှယ်ကြသည်။ ဘီလာယက်ကို ရှေ့မှဦးဆောင်ပြီးဝင်စေရန်ဖြစ်သည်။ အခု မကြာမီ လီနင်နှင့်တွေ့ဆုံရတော့မည်။ မတ်ဗိုင် ရုတ်တရက် အသက်ရှူရန် ခက်ခဲသလို ခံစားရသည်။

ဗလာဒီမီယာအိုင်းရစ်ချ်က သူ၏ စားပွဲမှ ထရပ်လိုက်၍ သူတို့ထံလျှောက်လာသော ခြေလှမ်းတို့က ကျေနပ်အားရဟန်နှင့် ပေါ့ပါးနေသည်။

*"ကောင်းသောနေ့ပါ ရဲဘော်ဘီလာယက်"*

ဟု သူက ကြည်နူးကျယ်လောင်စွာ ပြောလိုက်သည်။ ပါတီဝင်တို့ကို စိတ်အားထက်သန်စွာကြည့်ရင်း လျင်မြန်စွာပြောခြင်းဖြစ်သလို ထိုအရှိန်ဖြင့်ပင် ကျန်လူများကိုပါ

*"ကောင်းသောနေ့ပါ ရဲဘော်"*

ဟု ထပ်ပြောပေသည်။

သူ၏ နှုတ်ဆက်မှုကို ပါတီဇုန်တို့က ပြန်လည်နှုတ်ဆက်ရာတွင် စိတ်လှုပ်ရှားမှုအသံကြောင့် အနှောင့်အယှက် ဖြစ်ကြသည်။ ဗလာဒီမီယာအိုင်းရစ်ချ်က ဘီလာယက်၏လက်ကို လှုပ်ရမ်းနှုတ်ဆက်ပြီး ကျန်သူများကိုပါ နှုတ်ဆက်သည်။ ကျန်ပါတီဝင်တို့က တံခါးနားတွင် ရပ်လျက်ရှိကြသည်။

ဘီလာယက်က အဖွဲ့ဝင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသလို လီနင်ကလည်း တစ်ဦးချင်းကို လက်ဆွဲနှုတ်ဆက်သည်။ ဖစ်ရှ်ကာ၏အလှည့်သို့ရောက်သောအခါ ဘီလာယက်က အပြုံးနှင့်–

*"ဒီလူကတော့ ကျွန်တော်တို့ရဲ့ မသေဘဲ ကျန်တဲ့အထဲက တစ်ယောက်ပါ၊ ပီနီဂျန်ဒန်နီလိုဗစ် တက်ချီနင်၊ ကျွန်တော်တို့ရဲ့ကျော်ကြားတဲ့ ပါတီဝင်နဲ့ အမဲလိုက်သမားပါ"*

*"သေလောက်တဲ့အကြောင်းက ဘာအစီပွာယ်လဲ ဆိုပါဦး"*

ဟု ဗလာဒီမီယာအိုင်းရစ်ချ်က ဘီလာယက်ကိုလှည့်မေးသည်။

*"ကျွန်တော် ကွပ်မျက်ခံရဖူးတယ် ရဲဘော်လီနင်၊ တပ်ဖြူတွေကြောင့် ဒဏ်ရာတွေရထားတာလည်း ခုထိ ရှိပါတယ်"*

ဖစ်ရှ်ကာ၏အသံမှာ ခံစားမှုဖြင့် တုန်ရီနေသည်။

*"သင့်ကို ဖမ်းမိသွားပြီး သူတို့ ဘာလုပ်သလဲ"*

လီနင်က လေးနက်စွာ မေးသည်။

*"ဟုတ်ကဲ့ သူတို့လုပ်ခဲ့တာ တကယ် မကောင်းဆိုးဝါးလိုပါ၊ တစ်ရွာလုံးကို ချွေနိုင်းပါတယ်၊ ဒါပေမဲ့ ရဲဘော်လီနင် သိပါတယ်၊ ကျွန်တော်တို့ လွယ်လွယ်နဲ့ချွေလို့ မရပါဘူး၊ ဒါကြောင့်လည်း ဒီအကြောင်းကို ပြောပြနိုင်တာပါ"*

*"ဒါ မှန်တယ် ရဲဘော်တက်ချီနင်၊ တန်ပြန်တော်လှန်ရေးက ကျွန်တော်တို့အားလုံးကို ဒီလို လုပ်ချင်ခဲ့တာ၊ ဒါပေမဲ့ ကျွန်တော်တို့က လုပ်ခွင့်မပေးခဲ့ဘူး၊ ကျွန်တော်တို့ကို လွယ်လွယ်နဲ့ သူတို့ မတိုက်နိုင်ခဲ့ဘူး"*

လီနင်က တိုတောင်းလေးနက်စွာ ပြောနေသည်။ သူ၏ဦးခေါင်းက ပေါ့ပါးစွာ တစ်ဖက်သို့စောင်းရင်း အညိုရောင်မျက်ဝန်းများ စိတ်ကြမ်းလှုကြမ်းပုံမျိုး ဖြစ်နေပေသည်။ စကားပြောနေစဉ် လက်တစ်ဖက် ခြေဟန်လက်ဟန် ပေါ့ပါးစွာလုပ်ရင်း ပြော

*မယ်လို့လည်း မျှော်လင့်ကြပါတယ်''*

*''ဒါ လူတိုင်းလိုချင်တာပါ ရဲဘော်လီနင်၊ ဒါဆိုရင် ဘာကြောင့် ကိုးလ်ချက်ကို သူတို့ စွန့်လွှတ်ကြသလဲလို့ ပြောနိုင်ပါတယ်၊ သူ့ရဲ့ကြေးစားနိုင်ငံခြားတပ်တွေက ဖိနှိပ်နေလို့ပါ''*

နက်ရှိုင်းသောအသံနှင့် ဆီလန်တီဘာကူလင်က ဝင်ပြောသည်။

*''ကောင်းပြီ အကောင်းဆုံး စတင်နိုင်ဖို့ သူတို့ဘာလုပ်ရမယ်လို့ စဉ်းစားထားသလဲ''*

ဗလာဒီမီယာအိုင်းရစ်ချ်က ရှေ့ကို အနည်းငယ်ကိုင်း၍မေးသည်။

*''ဘာကြောင့်လဲ ဒါကို ဆိုဗီယက်အစိုးရက ဆုံးဖြတ်ရမှာ မဟုတ်လား''*

မတ်မိုင်က ပြန်ပြောသည်။

*''မရှိဘူး၊ မရှိသေးဘူး၊ လယ်သမားတွေမှာရှိတဲ့ သူတို့ကိုယ်ပိုင်အယူအဆ အကြောင်းအရာတွေပဲ၊ အဲဒါ မရှိဘဲလုပ်လို့မရဘူး''*

ဗလာဒီမီယာအိုင်းရစ်ချ်က ဒေါသဖြင့်ငြင်းသည်။

*''ဒီအတိုင်းဆိုရင် လူတိုင်းက သူ့အတွက် အကောင်းဆုံးကဘာလဲဆိုတာ သိကြတာပဲ''*

ဖစ်ရှ်ကာက စကားလုံးတစ်ခုချင်းကို ရှည်လျားစွာ ထည့်သွင်းရင်းပြောသည်။

*''ဒါဆို ကောင်းပြီ၊ ဆိုဗီယက်အစိုးရက အဲဒီ စာရင်းအတွင်းကနေယူမယ်''*

ဗလာဒီမီယာအိုင်းရစ်ချ်က ပြောသောအလှည့်။

*''ဟုတ်ပါတယ်၊ လယ်သမားတွေသိပေမဲ့ ဆိုဗီယက်အစိုးရက ကောင်းစွာ စတင်နိုင်ဖို့ထက် တစ်စုံတစ်ရာကို သူတို့ထံ ရအောင် မလုပ်ပေးနိုင်ဘူးလို့ထင်မယ်၊ အားလုံးပြီးသွားတဲ့နောက် ဆိုဗီယက်အာဏာအတွက် သူတို့ ဘာကြောင့်တိုက်ခဲ့သလဲ''*

မတ်မိုင်က ယုံကြည်စွာ မှတ်ချက်ဝင်ပေးသည်။

*''ဒီလိုဖြစ်တဲ့အတွက် သူတို့က ကျွန်တော်တို့ကို သစ္စာရှိတယ် မဟုတ်လား''*

ဗလာဒီမီယာအိုင်းရစ်ချ် လေးနက်စွာ မေးလိုက်သည်။

*''ဘာကြောင့်လဲ ဟုတ်ပါတယ်၊ သူတို့ ဒီအတိုင်း လိုက်ခဲ့တာပဲ ရဲဘော်လီနင်''*

ဆီလန်တီဘာကူလင် ထပ်မံ၍ ကျယ်လောင်စွာ ဝင်ပြောပြန်၏။

ထိုစကားလုံးတို့ကိုတော့ လီနင် ကျေနပ်သည်က ထင်ရှားသိသာသည်။ အဘယ့်ကြောင့်ဆိုသော် လီနင်၏ မျက်လုံးများ လက်ခနဲ မြင့်တက်သွားပြီး နဖူးပေါ်

*မလုံလောက်တဲ့ အစားအစာကို ချမ်းသာတဲ့ လယ်သမားတွေမှာရှိတဲ့အထဲက အမိန့်အာဏာနဲ့တောင်းရင် ရနိုင်တယ်၊ ဒါကြောင့် ကောင်းအောင်လုပ်လည်း တစ်ဦးဦးကတော့ ထပ်ပြီး နေမကောင်း ထိုင်မကောင်း ဖြစ်နေမှာပဲ၊ သူတို့ဟာ ဆိုးတဲ့အခြေအနေမှာပဲ ရှိသေးတယ် ရဲဘော်လီနင်"*

*"နောက်ပြီး တပ်ဖြူကို ထောက်ခံသူတို့က အနှောင့်အယှက်ပေးနိုင်တဲ့အထိ ကြီးထွားမလာနိုင်ပါဘူး၊ သူတို့ကို တစ်နည်း အသုံးချနိုင်ပါတယ် မတ်ဗိုင်"*

မိုင်ရှုန်ဗီဒိုဗင်က စိုးရိမ်စွာ ဝင်ပြောရင်း ပထမဆုံး ချောင်းတစ်ကြိမ် ဆိုးလိုက်သည်။ ဆီလန်တီဘာကူလင်က . . .

*"ဒါက အဓိက မကျပါဘူး ရဲဘော် လီနင်"*

*"သူတို့ကြီးထွားလာလည်း ဘယ်နည်းနဲ့မဆို ဖယ်ရှားနိုင်ပါတယ်၊ အရင်နေရာကို ဘယ်နည်းနဲ့မှ ပြန်မရောက်နိုင်တော့ပါဘူး၊ အကူအညီသာမရရင် ဘယ်လောက်ကြာကြာ သူတို့ အနိုင်မရနိုင်တော့ဘူး၊ သူတို့ရှိစဉ်ကလည်း နိုင်ငံကလည်း ဝမ်းနည်းစရာဖြစ်ခဲ့တယ်"*

*"ဒါဆိုရင် မြို့ပေါ်ကပစ္စည်း သူတို့ ဘာတွေလိုမလဲ"*

ပလာဒီမီယာအိုင်းရစ်ချ် မေးရင်း ဘီလာယက်နှင့် အကြည့်ချင်းဖလှယ်သည်။

ပါဘီဇန်တို့သည်း တစ်ဦးကိုတစ်ဦးကြည့်ပြီး မတ်မိုင်က . . .

*"မြို့ပေါ်က အကူအညီမပါဘဲ လယ်သမားတွေရှင်သန်ဖို့ အခွင့်အရေးမရှိပါဘူး"*ဟု ဆိုသည်။

ဆီလန်တီဘာကူလင်က လက်များကိုဆန့်ပြီး လေးနက်စွာဖြင့်ပြောသည်။

*"သူတို့ ဝတ်စားဆင်ယင်တာ စာခြောက်ရုပ်နဲ့တူတယ် ရဲဘော်လီနင်၊ မြို့ပေါ်က အဝတ်အထည်တွေ သူတို့ဆီရောက်သင့်တယ်"*

လီနင်က သူ့စားပွဲပေါ် ကွေးညွတ်ပြီး သီးခြားစာရွက်တစ်ခုဖြင့် တစ်စုံတစ်ရာကို ချရေးသည်။ ပြီးသောအခါ ဆက်မေးသည်။

*"နောက်ပြီး မြေနဲ့ပတ်သက်တာ ဘာရှိသေးလဲ"*

*"မြေတွေကို အတွင်းမှာ ရှည်လျားကျဉ်းမြောင်းစွာ ပိုင်းခြားထားခဲ့လို့ ကျွန်တော်တို့ကို အများကြီး ထိခိုက်နစ်နာစေခဲ့ပါတယ် ရဲဘော်လီနင်"*

မတ်မိုင် ကသောကမျော ပြန်ဖြေခြင်းပင်။

*"ချမ်းသာတဲ့သူတွေက အနီးအနားက လက်လှမ်းမီသမျှ အကောင်းဆုံး*

*မြေကွက်တွေကို သိမ်းယူကြတယ်၊ အဲဒီလိုယူ ကျန်တဲ့လူတွေကို မောင်းထုတ်ပြီး သူတို့အိမ်တွေနဲ့ မိုင်ချီဝေးတဲ့နေရာတွေမှာ ဆင်းရဲသားတွေရဲ့ လယ်တွေဖြစ်သွားတယ်၊ အများစုက မြင်းတစ်ကောင်တောင် မရှိဘူး၊ အဲဒီတော့ သူတို့လယ်ကွက်တွေကို လမ်းလျှောက်သွားရတဲ့အတွင် နေ့တစ်ဝက်လောက် ကြာသွားတယ်၊ ဒါကို ဘယ်လို ဖြေရှင်းမလဲ၊ သူတို့မြေတွေ ပြန်ရရမယ်၊ ဒါပေမဲ့ ဘာမှမရှိတာထက်စာရင် သင့်တော် သလောက်က အကောင်းဆုံးပါ''*

ဆီလန်တီ၊ မိုင်ရွှန်၊ ဖစ်ရှ်ကာ တိုးညင်းစွာ သဘောတူမှုကို ပြကြသည်။

တစ်ချိန်လုံး တိတ်ဆိတ်နေသော ဘီလာယက်က သူ၏ပခုံးကို တည့်မတ် လိုက်ပြီး–

*''ဒါ ဆိုက်ဘေးရီးယားမှာ ဖြစ်နေကျတွေပါ။ ဗလာဒီမီယာအိုင်းရစ်ချ်''*

ချက်ချင်း ဝင်ပြောသည်။

လီနင်က တစ်ချက်ကြည့်ပြီး မေးခွန်းဖြင့် ပြန်မေး၏။

*''နောက်ပြီး ဘယ်လိုတိုင်းတာသင့်တယ်လို့ အကြံပြုချင်လဲ''*

*''မြေကို ပြန်ပိုင်းခြားရပါမယ်''*

ဘီလာယက်က ပြန်ဖြေ၏။

*''အနည်းဆုံး ဘယ်နေရာတွေက အရေးပါဆုံး လုပ်ရမယ်ဆိုတာမျိုးပေါ့''*

လီနင်က ငြင်းပယ်ဟန်ဖြင့် လက်ကို ဝှေ့ယမ်းလိုက်သည်။

*''မဟုတ်ဘူး၊ ကျွန်တော်တို့လိုအပ်တာက စုစုပေါင်း ဘယ်လောက်လဲနဲ့ ချက်ချင်း ပြန်ပိုင်းခြားရမယ့်မြေက ဘယ်လောက်လဲဆိုတာပဲ ရဲဘော်ဘီလာယက်၊ ဆင်းရဲတဲ့သူတွေအတွက်ပဲ ချမ်းသာတဲ့ လယ်သမားတွေမပါဘူး''*

*''မှန်ပါတယ် ရဲဘော်လီနင်''*

လီနင် သွားမည့်လမ်းကြောင်းသည် သူ၏ဆုံးဖြတ်ချက်များကို ထည့်သွင်း၍ မဖြစ်နိုင်ဘူးလား။ မတ်ပိုင်က အထင်ကြီးလေးစားခံလိုသည်။ နောက်ထပ် အကြံပြုမှု တစ်ခု သူ ပြုလုပ်လိုက်၏။

*''ဒါလည်း ကောင်းတဲ့ အယူအဆပါ ရဲဘော် လီနင်၊ အမြဲတမ်း မြေတွေကို ပိုင်ဆိုင်တဲ့ ထိန်းချုပ်မှုမျိုးကို ရောက်ရှိခဲ့တာကို''*

*''သင် စိတ်ထဲမှာရှိတာကို တိတိကျကျ ပြောပါ''*

*''ဒီလိုယူတဲ့ ဥပမာအရ ထင်းရှူးတောတွေရှိတဲ့ ဝုလ်လိုင်ယာ ရွာအရပ်ဆို*

ပါတော့၊ တစ်ရွာလုံးက စိုက်ပျိုးရေးမှာ ဝင်အကူအညီပေးရတယ်၊ ဒါပေမဲ့ ကုလက်ချ်တွေက သူတို့ကိုပိုင်ဆိုင်ဖို့ ကြိုးစားပြီးခါစပဲ ရှိပါတယ်''

မတ်ပိုင်က ရှင်းပြသည်။

''အခု ကျွန်တော်တို့ကလည်းပဲ ကုန်သည်တွေရဲ့မြေတွေကို ထိန်းချုပ်ခဲ့တယ်၊ ကျွန်တော်တို့ရဲ့ သစ်တောတွေကို သူတို့ကိုယ်ပိုင်အဖြစ် အသုံးပြုခဲ့ကြတယ်။ သူတို့အတွက်ကို အလုပ်လုပ်ပေးပြီး ဆုံးရှုံးရတဲ့ ပဲနိတိုင်းအတွက် ဘယ်လောက်လူတွေ ရှိတယ်ဆိုတာ ရေတွက်နိုင်မှာ မဟုတ်ဘူး၊ ကုလက်ချ်တွေက သူတို့လက်နဲ့ ဒီလူတွေကို ပေးနိုင်တာကို နှစ်သက်တယ် ရဲဘော်လီနင်၊ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ဒီလို မဖြစ်နိုင်ဘူးလား''

''ဘာကြောင့်လဲ''

''ရိုးသားတဲ့ လူတွေအနေနဲ့ ဒီမြေနဲ့ပတ်သက်ပြီး တစ်ခုခုလုပ်ခဲ့ရင် သူတို့ ပြန်ရဖို့ ကြိုးစားထားတာ ပျက်ပြားသွားမှာ စိုးတာပါ''

''ဒါ တကယ် အမှန်ပါ ရဲဘော်လီနင်''

ဆီလန်တီဘာကူလင်က ပြောသည်။

''မတ်ပိုင်ရဲ့အဖေနဲ့ တစ်မိသားစုလုံးဟာ ကုမ်မင်လို့ခေါ်တဲ့ ကုန်သည်တစ်ယောက်ဆီမှာ နှစ် ၃၀ လုံး မြင်းတွေလို အလုပ်လုပ်ခဲ့ကြရတယ်၊ သူတို့ ဘာပြန်ရခဲ့သလဲ၊ ကုမ်မင်က သူ့ရဲ့အိမ်ကနေ သူတို့အားလုံးကို မောင်းထုတ်လိုက်တာပဲလေ''

''နောက်ပြီး ဒီလို ကုမ်မင်မျိုး တစ်ဦးတည်းသာရှိတာ မဟုတ်ဘူး၊ ကျွန်တော်တို့အားလုံး ဂိုလိုဗန်နော့၊ ဘီလင်နဲ့ ဆိုင်ဘရီကော့ ညီအစ်ကိုတွေအတွက် အလုပ်လုပ်ခဲ့ရတာ မမေ့သေးဘူး၊ ကျွန်တော်တို့ထဲမှာ မလုပ်ခဲ့ရတဲ့သူ မရှိဘူး''

မတ်ပိုင်က ဆက်ပြောနေခြင်းဖြစ်သည်။

ကိုလ်ချက်မှာ တန်ပြန်တော်လှန်ရေးကို ဦးဆောင်သူများတွင် အဓိကတစ်ဦးဖြစ်သည်။ အန်တန်တီ၊ ဆိုက်ဘေးရီးယားနှင့် ယူရယ်ဒေသတို့တွင် သူ့ကို အားပေးထောက်ခံသူများ ပြည်တွင်းစစ်အတွင်း၌ရှိခဲ့သည်။ ထိုကာလက ၁၉၁၈ ဖြစ်ပြီး ၁၉၁၉ ဒီဇင်ဘာတွင် ကိုးလ်ချက်က ရုရှားနိုင်ငံအုပ်ချုပ်သူအဖြစ် သူ့ကိုယ်သူ ကြေညာခဲ့သည်။ နောက်ဆုံး တပ်နီတော်ကိုထောက်ခံသော ပါတီဇန်တော်လှန်ရေးတပ်တို့ကို သူ ရှုံးနိမ့်သွားခဲ့သည်။

ဗလာဒီမီယာအိုင်းရစ်ချ်က တံတောင်တစ်ဖက်ကိုအားပြု၍ ကွေးညွတ်လိုက်

သည်။ အတိတ်ဆီသို့ငေးရင်း ပါတီဖနိတို့အတွင်းသို့ ဝေးကွာသောနေရာကို ရောက်နေသည်ဟု ယင်ရသည်။

ထို့နောက် သူ ရုတ်တရက် ထလိုက်သည်။ လက်များကို အင်္ကျီအိတ်အတွင်း ထည့်ထားသည်။ စားပွဲရှေ့ထွက်လာသည်။ အလုပ်သမားလူတန်းစား တော်လှန်ရေး မည်သို့ဖြစ်ခဲ့သည်ဆိုသောအကြောင်းကို ခံစားမှုဖြင့် ရိုးရှင်းစွာ စတင်ပြောသည်။ ထိုတော်လှန်ရေးတွင် ပုဂ္ဂလိကမြေပိုင်ဆိုင်မှုကိုဖယ်ရှားပေးပြီး လူအများ ပိုင်ဆိုင်အောင် ယခုမည်သို့ လုပ်နေသည်ကို ရှင်းပြသည်။ ထို့နောက် လူ့အဖွဲ့အစည်းအတွက် ဝင်ငွေအရင်းအမြစ်တစ်ခုသည် အားလုံးအတွက်ဖြစ်ကြောင်း ထင်ရှူးသစ်တောကိုလည်း လူ့အဖွဲ့အစည်းကသာ ပိုင်ဆိုင်သူဖြစ်ကြောင်း လူတစ်ဦး သို့မဟုတ် အုပ်စုတစ်ခုမှ လူများက အဆိုပါဥပဒေနှင့်ဆန့်ကျင်ပြီး သိမ်းပိုက်တိန်းချုပ်ရန် မည်သို့သော ကြိုးပမ်းမှုမဆိုသည်လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားနှင့်ဆန့်ကျင်၍ ဆိုဗီယက်အစိုးရမှ ခွင့်ပြုမည် မဟုတ်ကြောင်းတို့ဖြစ်သည်။ ကုန်သည်တို့၏ မြေများသည်လည်း အလားတူပင်ဖြစ်ပြီး ယခု နိုင်ငံတော်ကပိုင်ဆိုင်သည့်အရာဖြစ်သည်။ ဆိုဗီယက်အစိုးရက ယင်းတို့ကို ချထားနိုင်ရန် စိတ်ထက်သန်နေကြောင်း စုပေါင်းစိုက်ပျိုးခြင်းက ဆင်းရဲဒုက္ခရောက်ခဲ့လျှင် ဖယ်ရှားပစ်မည်။ လယ်သမားများကို များစွာ ချမ်းသာလာမည်မဟုတ်သော်လည်း ယင်းတို့နှင့် ကိုယ်ပိုင်ကိုက်ညီသည်ကို တည်ထောင်ပေးမည်ဟု အကျယ်တဝင့် ပြောကြားလေသည်။

ပါတီဝင်တို့လည်း ထိုသို့ကြားရပြီး အကြည့်ချင်း ဖလှယ်ကြသည်။ ဖစ်ရှ်ကာက သက်ပြင်းချသည်။ လီနင်က ထိုလူများ လိုချင်နေကြသည်ကို အာရုံခံစားမိသည်။ ထိုင်ခုံပေါ်တွင် ပြန်ထိုင်သောအခါ သူ့ကို စိတ်အားထက်သန်စွာကြည့်လျက်ရှိကြသည်။ ဖစ်ရှ်ကာက စတင်ပြီး စိတ်ရှုပ်ထွေးစွာ အက်ကွဲသံဖြင့် . . .

*"ကောင်းပါပြီ၊ ဒါကိုလည်း နားထောင်ကြည့်ပါဦး ရဲဘော်လီနင်၊ ဇီမော့စကီ မိသားစုက ယာဆာသစ်တောနားမှာ အိမ်ရှိပြီး အဲဒီနေရာကို သိမ်းထားတယ်၊ ဘယ်သူမှ အဲဒီနားကိုလာလို့မရဘူး။ ဘုရားသခင် သစ်တောထဲမှာ အပင်စိုက်တယ်၊ တိရစ္ဆာန်တွေ ငှက်တွေထားတယ်ဆိုရင်တောင်မှ သူတို့အတွက်ပဲ၊ စတီဖန်အိုင်ဗန်နိုဗစ်က လူတိုင်းထဲက ပထမဆုံးထွက်လာတဲ့သူ၊ ညီအငယ်ဆုံး ရီဂေါ်ကလည်း သူ့ခြေလှမ်းအတိုင်း လိုက်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ သူနဲ့ သူရဲ့အပေါင်းအသင်းတွေဟာ အိုးထဲကို အများကြီးရောက်အောင် ပစ်နိုင်ခဲ့ကြတယ်၊ ဘယ်သူ့ကိုမှ ကြောက်လန့်မနေဘဲ သူတို့အတွက်*

*လုံလောက်အောင် ရှာဖွေခဲ့တဲ့ မုဆိုးတွေပါ၊ အင်ဒရီဖက်လိုနေ့ဆိုရင် ခြေနှစ်ဖက်လုံး ဆုံးရှုံးခဲ့ရတယ်၊ သင့်ရဲ့သဘောထားကိုပြောပါဦး ရဲဘော်လီနင်၊ မြေပေါ်မှာ မုဆိုးတစ်ယောက် အသက်မွေးဖို့ သစ်တောတစ်ခုမှမရှိဘဲနဲ့ပေါ့"*

ဖစ်ရှ်ကာ၏စကားကိုနားထောင်ရင်း ဗလာဒီမီယာအိုင်းရစ်ချ် ပြုံးလိုက်သည်။ ထိုတွေ့ဆုံမှု၌ ပထမဆုံးတွေ့ရသောအပြုံးပင်။ နောက်ပိုင်းပြောသော ထိုစကားလုံးတို့သည် သူ့ရင်ထဲသို့ ရောက်ရှိပုံရသည်။ သူ မတ်တတ်ထရပ်လိုက်ပြီး တရားဝင်အတည်ပြုသောအသံဖြင့် . . .

*"ရဲဘော်ဘီလာယက်ကို အစိုးရပြည်သူ့ကောင်စီဌာနရဲ့ ဥက္ကဋ္ဌအဖြစ်ခန့်အပ်တယ်၊ မုဆိုးတွေကအစ ဖိနှိပ်မှုကြောင့် ဇာတ်ပြဖြစ်သူတွေ တီထွင်သူတွေအထိ သူတို့ရဲ့အခွင့်အရေးကိုကာကွယ်ဖို့ အုပ်ချုပ်ခွင့်ကို ကျွန်ုပ်ပေးတယ်"*

*"ကျွန်တော် အကောင်းဆုံး လုပ်ပါ့မယ် ရဲဘော်လီနင်"*

လီနင် ဘာပြောခဲ့သည်ဆိုသော လိုရင်းအနှစ်ချုပ်က ဖစ်ရှ်ကာထံ မရောက်သေး။ တူဖြစ်သူ မတ်ဖိုင်ကိုကြည့်လိုက်တော့ နှစ်ခြိုက်စွာပြုံးနေသည်။ ဒီထဲမှာ အရေးကြီးတာတစ်ခုခု ပါဝင်ခဲ့သလား၊ အဓိပ္ပာယ်ကို စဉ်းစားသော်လည်း သတိမပြုမိဘဲ ရှိသည်။

ဆက်၍ လီနင်က . . .

*"ဆိုဗီယက်အစိုးရ၏ ရဲဘော်တက်ချီနင်သည် လယ်သမားတို့အပေါ် လယ်မြေများကို လွှဲပြောင်းပေးရမည်။ မုဆိုးများနှင့် ဆန့်ကျင်ဘက်ဖြစ်၍ တွန့်တိုမှုမရှိရ။ သင်ကမူ အမဲလိုက်ခြင်းကို သင်နှစ်သက်ရာ မည်သည့်တောမှမဆို လိုက်နိုင်သည်။ မည်သူမှ သင့်ကို ဟန့်တားခြင်းမရှိစေရ"*

ယခုမှပင် အရာရာကို ဖစ်ရှ်ကာက နားလည်ပြီး ပျော်ရွှင်မှုနှင့်အတူ မျက်ရည်များ စီးကျလာသည်အထိ ဖြစ်သည်။

သူက စိတ်လှုပ်ရှားစွာဖြင့် . . .

"ရဲဘော်လီနင်"

ဟု အော်ပြောမိသည်။

*"ပြည်သူတွေက ဒီမှာရှိနေတဲ့ ကျွန်တော့်လို ဒါကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ကျွန်တော်လည်း ဒါကို သေတဲ့အထိ ကျေးဇူးတင်နေမှာပါ"*

ယက်ဆာ သစ်တောအတွင်းမှ သားကောင်တို့ကို ဖစ်ရှ်ကား စိတ်ကြိုက်ဖမ်းယူနိုင်သောအချိန်ရောက်ပြီ။ မတ်ဖိုင်သည်လည်း ပါဝင်ခံစားလိုခွင့် ရှိနေမည်ဟု

သူ့စိတ်အတွင်းက လီနင်နှင့်အတူ တွေးမိသည်။ လီနင်နှင့်အတူရှိနေသော မိနစ်များက ကုန်ဆုံးနေသည်။ သူ စိတ်ဓာတ်မြင့်တက်လာရန်သာ ခံစားရသည်မဟုတ်။ လယ်သမားတို့၏ဘဝ ရှင်သန်အောင် တန်ဖိုးထားသော လီနင်၏အရည်အချင်းကိုပါ နက်ရှိုင်းစွာ အထင်ကြီး လေးစားမိသည်။ လီနင်၏ ကြီးမားသောစွမ်းရည်ကို သတိပြုမိမှု တိုးပွားလာခြင်းနှင့် သူ့ကို ကူးစက်လာသော ရှုပ်ထွေးသော ခံစားမှုတို့နှင့်အတူ ဖြစ်လေသည်။

*"ရဲဘော်လီနင် ကျွန်တော်တို့ရဲ့ ယက်ဆာသစ်တောဟာ ရွှေကြောင့် ကျော်ကြားပါတယ်"*

သူက ဆက်ပြောသည်။

*"ဒီနေရာမှာ ကျောက်မီးသွေးကိုလည်း ရှာတွေ့ခဲ့ပါတယ်။ အဲဒီက ရေကန်တွေရဲ့ ပတ်လည်အကွာအဝေးမှာ ရေနံ သယံဇာတရင်းမြစ်တွေ ရှိပါတယ်။ ဟိုအရင်တုန်းက အဲဒီကထွက်လာတာတွေနဲ့ ချမ်းသာသွားတဲ့သူတွေ အများကြီးရှိခဲ့ပါတယ်။ ရည်မှန်းချက်နဲ့ စုံစမ်းရှာဖွေသူထဲမှာ ပရိဘာတ်ကင်နဲ့ အင်ဂျင်နီယာတစ်ဦးဖြစ်တဲ့ မန်ရှိကော့တို့ဟာ ဒီနေရာမှာ ရရှိအောင် ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ အဆုံးမသတ်နိုင်ဘဲ ကံမကောင်းခဲ့ဘူး။ လွန်ခဲ့တဲ့နှစ်က ပါတီဝင်တပ်မတော် ဆဗက်လှိုင်ကန်နားမှာ တပ်ချနားတုန်းက ချောင်းလေးတစ်ခုထဲမှာ လူတွေ ရွှေတွေ ရခဲ့ကြတယ်။ အခြားတစ်နေရာမှာရှိတဲ့ လှိုဏ်မြောင်တစ်ခုအောက်မှာ ကျောက်မီးသွေးကြောဖြတ်သွားတယ်။ လူတွေဟာ နောက်ပိုင်းမှာ သူတို့ရဲ့မီးလင်းဖိုတွေမှာ အပူပေးဖို့ ယူသွားကြတယ်၊ ကျွန်တော်တို့တပ်ရဲ့ကောင်စီက ဒါကို ဆုံးဖြတ်ခဲ့ပါတယ်၊ ရဲဘော်လီနင် စစ်ပွဲပြီးလျှင်ပြီးချင်း သူတို့ဟာ ဆိုဗီယက်အစိုးရကို သိပ္ပံပညာရှင်တွေ ယက်ဆာသစ်တောကို စေလွှတ်ပေးဖို့ တောင်းဆိုမှာပါ၊ ကျွန်တော်တို့ပြည်သူတွေ သူတို့ရဲ့ ကိုယ်ပိုင်ရွှေသတ္တုမိုင်းတွေ၊ ကျောက်မီးသွေးမိုင်းတွေ ထူထောင်လိုကြပါတယ်၊ ယက်ဆာမြစ်ဘေးက အဲဒီနေရာမှာ အလုပ်လုပ်ပြီး အိမ်ပြန်ချင်နေကြပါတယ်"*

ဖစ်ရှ်ကာ ရုတ်တရက် ပေါ့ပါးစွာပင် ခြေအစုံပေါ်တွင် ရပ်လိုက်သည်။

"သင် ကျွန်တော်နဲ့ မတ်ဗိုင်ကို ဒီနေရာမှာသိစေခဲ့တဲ့ လမ်းညွှန်မှုအတိုင်း ကျွန်တော်တို့ သွားပါမယ်"

လီနင်က သွားပေါ်အောင်ပြုံးရင်း စိတ်အားထက်သန်စွာ ပြောနေသော အရွယ်အတော်ရနေပြီဖြစ်သော ထိုသူကို ကြည့်နေသည်။

၄

ယဉ်မှုတအုပ်တိုက်

*"ဒါပေမဲ့ ရဲဘော်တက်ချီနင် စိတ်ထဲမှာ မမေ့နဲ့နော်၊ သင့်ရဲ့ သစ်တောတွေကို လက်မလျှော့လိုက်နဲ့"*

သူက မေးမြန်းရင်း မျက်လုံးကို သူတို့၏ လျှို့ဝှက်သော အရောင်လက်နေသော မျက်လုံးတို့ကို တိမ်းရှောင်လိုက်သည်။

*"ဘာကြောင့်လဲ၊ တကယ်တမ်း စိတ်မှာ လက်လျှော့ ရမယ်ဆိုတဲ့ အဓိပ္ပာယ်က ဇီမော့စကီလို မကောင်းဆိုးဝါးတွေကိုလား၊ ဒါပေမဲ့ ပြည်သူတွေကို စိတ်ထဲမှာ ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး။ ပြည်သူတွေအတွက် စဉ်းစားနေရတာကို သဘောကျတယ်၊ ကျွန်တော့်အတွက်လည်း ကောင်းတယ်၊ နောက်ဆုံးအချိန်ထိ ဒီလိုပဲ သွားနေမှာ"*

ဖစ်ရှ်ကာ လီနင်ကို ပြန်ပြော၏။

*"အို... ဒါပေမဲ့ တကယ်ကော သူတို့က လိုက်လုပ်ကြမှာလား"*

အရောင်လက်နေသော လီနင်၏ မျက်လုံးတို့က စိတ်ချမ်းမြေ့စွာ လူတိုင်းကို လိုက်ကြည့်နေပြီးနောက် ရယ်ရွှင်ဖွယ် ပြောဆိုလိုက်သည်။

*"ဒါပေမဲ့ ဘယ်သူမှလည်း သင့်ကို မြေမြှုပ်သင်္ဂြိုဟ်ချိန်ကျရင် မရှိတော့ဘူး ထင်တယ်"*

"ကျွန်တော်လည်း ကျွန်တော့်အမေလို အသက် ၁၀၃ နှစ်အထိ နေသွားရမယ်နဲ့တူတယ်"

လုံးဝ စိတ်အားထက်သန်စွာ ဖစ်ရှ်ကာ ပြောလေသည်။

*"ဟုတ်တယ်၊ သင်လည်း သင့်အမေထက်ပိုပြီး အသက်ရှည်ရင် ကောင်းတာပေါ့"*

ဗလာဒီမီယာအိုင်းရစ်ချ် ပျော်ရွှင်စွာ ပြောလိုက်သည်။

*"ဟုတ်ပါတယ်၊ ဘုရားသခင် ဆန္ဒရှိမှာပါ ဘုရားသခင်က သင့်ကိုလည်း အသက်ရှည်အောင် အာမခံပေးနိုင်တာပဲ ရဲဘော်လီနင်"*

ဖစ်ရှ်ကာက အလားတူ စိတ်ဓာတ်ဖြင့် ပြန်ပြော၏။

ထိုအခါ အခြား ပါတီဖန်တို့ကလည်း ကျယ်လောင်စွာ ရယ်မောကြလေ၏။

လီနင် လက်ကိုင်ပဝါကို အိတ်ထဲမှဆွဲထုတ်ပြီး သူ့မျက်ခုံးနှင့် မျက်လုံးတို့ကို တို့ပြီးနောက် အိတ်ထဲ ပြန်ထည့်၍ ဘီလာယက်သို့ပြော၏။

*"သင့်ရဲ့ ဒေသအုပ်ချုပ်ရေးတွေအနေနဲ့ ရဲဘော်တွေ ကျွန်တော်နဲ့ပြောခဲ့*

*ကြတဲ့အကြောင်း အစစအရာရာကို လုပ်နိုင်တယ်မဟုတ်လား''*

*''ဟုတ်ကဲ့ သူတို့ လုပ်မှာပါ၊ ဗလာဒီမီယာအိုင်ရစ်ချ် တော်လှန်ရေးမတိုင်မီက ရွှေအကြောင်းပြောကြတာ ကျွန်တော်လည်း ကြားမိပါတယ်။ ဒါပေမဲ့ သင်လည်း သိမှာပါ။ ဘယ်နေရာက စလုပ်ရမယ်ဆိုတာ ကျွန်တော်တို့လည်း မသိကြတော့ အခက်အခဲ ရှိပါတယ်''*

*''ဒီအကြောင်းနဲ့ပတ်သက်တဲ့ ရဲဘော် ဘီလာယက်ရဲ့ ပြည့်စုံတဲ့ အစီရင်ခံမှု တစ်ခုရဖို့ မျှော်လင့်ပါတယ်''*

ထို့နောက် မတ်ဗိုင်ရှိရာ လှမ်းကြည့်သည်။ လီနင် ပြောနေသည်က တည်ငြိမ်ပြီး နူးညံ့သည်။ သူ၏စိတ်ကူးစိတ်သန်းတို့ ကွန့်မြူးလာကြောင်း သက်သေလည်းဖြစ်သည်။

*''အစိုးရနဲ့ပါတီက သင့်ကို ပေးနိုင်ပါတယ် ရဲဘော်၊ အလားအလာတိုင်းကို အားပေးထောက်ခံနေပါတယ်၊ ရွှေတွေ၊ ကျောက်မီးသွေးတွေ၊ ရေနံတွေ စတဲ့ သတ္တုတွင်းတွေကို ပေးအပ်နိုင်ပါတယ်၊ ကျွန်တော်တို့ ကျေနပ်လောက်တဲ့ ပမာဏအထိ အလုပ်တွေကို အခုစပြီး လုပ်နိုင်ခဲ့ရင် ရုရှားရဲ့ထုတ်လုပ်မှုစွမ်းအားဟာ တစ်မူ ထူးခြားတဲ့ အဆင့်ဇာစ်ခုအထိ တိုးတက်လာလိမ့်မယ်၊ ဒေသတွေ ပြုပြင်ပြောင်းလဲမှုအတွက် သုံးစွဲနိုင်ပြီး အပြင်ဘက် အသွင်သဏ္ဍာန်တွေပါ ပြောင်းလဲထွက်ပေါ်လာမယ်၊ ကျွန်တော် သုံးနှစ်လောက် ပြည်ပြေးဘဝနဲ့နေရတုန်းက ဆိုက်ဘေးရီးယားကို မင့်စ်နဲ့ ယူရဲလ်က နှစ်ကြိမ်လောက် ဖြတ်သွားဖူးတယ်၊ ဘယ်လောက် အံ့ဩဖို့ကောင်းတဲ့ သယံဇာတ ရတနာတွေဟာ အဲဒီတောင်တွေပေါ်မှာနဲ့ တောင်အောက်က မျက်နှာပြင်ထဲမှာ များပြားစွာ ရှိနေကြတယ်၊ ကျွန်ုပ်တို့ ပထမဆုံးအနေနဲ့ ဒီရတနာတွေကို ဂုဏ်ပြုနိုင်အောင် ရှာဖွေရမယ်၊ ဒီလို ကြီးမားလှတဲ့နေရာက ဘဝတွေဟာ ရာစုနှစ်တွေချီပြီး လျစ်လျူရှုခံရခြင်း အလဟဿ လိမ်လည်နေခြင်းတွေဖြစ်ခဲ့တယ်၊ ကျွန်ုပ်တို့ မှန်မှန်ကန်ကန် အခု စတင်ရမယ်၊ နှောင့်နှေးနေလို့မဖြစ်ဘူး။ နေ့တိုင်းနေ့တိုင်းကို မှတ်ပြီး နေ့ဆက်သွားရမယ်၊ အံ့ဩစရာ စိတ်လှုပ်ရှားစရာ အလုပ်တွေဟာ ဆိုက်ဘေးရီးယားမှာ သင့်ရဲ့ဦးဆောင်မှုအောက်မှာ ရှိနေတယ် ရဲဘော်''*

သူ့ကိုယ်သူ ဘေးသို့ရောက်နေသည်ထင်သော မတ်ဗိုင် ပျော်ရွှင်သွားသည်။ စိတ်အားထက်သန်သော မျက်နှာမှာလည်း မီးတောက်နေသည်ဟု ထင်ရသည်။

*''ကျွန်တော်တို့လုတိုင်း ဒီအလုပ်ပေါ်မှာ ထမ်းဆောင်နေမှာပါ ရဲဘော် လီနင်''*

နောက်က ကျန်လူများအားလုံး ထရပ်၍ ကတိပြုကြသည်။

လီနင်က သူ့စားပွဲကို ပတ်လျှောက်ပြီး သူတို့ ရှေ့သို့ရောက်လာသည်။ ဆိုဗီယက်အစိုးရ ကျေးလက်များတွင် ယခု ရင်ဆိုင်နေရသော တာဝန်များအကြောင်း စတင် ပြောဆိုသည်။

သူ ပြောဆိုမှု ပြီးစီးသွားပြီးနောက် အစည်းအဝေးသည်လည်း ရှင်းလင်းသွားပြီး ပြီးဆုံးသွားခဲ့သည်။ မတ်ဗိုင်က . . .

"ကျေးဇူးတင်ပါတယ် ရဲဘော်လီနင်၊ သင့်ရဲ့အကြံဉာဏ်တွေအားလုံးအတွက်ပါ၊ ကျွန်တော်တို့ ဆိုက်ဘေးရီးယားကို ပြန်ပြီး လူတိုင်းကို ပြောပြပါမယ်၊ ဆိုဗီယက်အစိုးရရဲ့ ဘယ်လို ကြီးမားတဲ့တာဝန်တွေကို ယူကြရမယ်ဆိုတာကိုပါ"

ပါတီဝင်တော်လှန်ရေးတပ်သားတို့ လီနင်ကို နှုတ်ဆက်ကြသည်။ ပြီးတော့ နောက်သို့လည်း ပြန်လှည့်ကြည့်ကြသည်။ လီနင်က ဘယ်လိုပုဂ္ဂိုလ်ဆိုသည်က သူတို့ ရင်ထဲတွင် ထာဝရကျန်ခဲ့ပြီဖြစ်သည်။ ရုံးခန်းမှ ဖြည်းညင်းစွာ အပြင်သို့ ထွက်သွားကြသည်။

လာဒီမီယာအိုင်ရစ်ချ်(လီနင်)ကား အခန်းအလယ်တွင် တစ်ဦးတည်းရပ်၍ ကျန်နေခဲ့ချေ၏။

Siberian Partisans Meet Lenin
By Nikolai Tikhonov
Translated by Raissa Bobrova



ဂေါ်ကီ၏အိမ်၌ ရှိစဉ် အပျင်းပြေ လမ်းလျှောက်ထွက်လာသော လီနင်
(နီကိုလိုင်းဖူးကော့ ရေးဆွဲသော ပုံတူ)

## ဂေါ်ကီ အိပ်အသွား

*"လာပါ"*

နာဒက်ဇ်ဒါကွန်စတန်တီနော့က ခေါ်လိုက်သည်။

*"မိုလိုဒါကော"*

မာရီယာက ထပ်ပြောသည်။ ထို့နောက်တွင် သူငြင်းပယ်လိုက်မှာကို ကြောက်ရွံ့နေကြသည်။ သို့သော် ဗလာဒီမီယာအိုင်းရစ်ချ်ကတော့ ငြင်းပယ်ခြင်းမပြုပေ။ တနင်္ဂနွေနေ့နံနက်ပြီးအောင် ရေးရမည့်ဆောင်းပါးအတွက် ဘိုပ်သိတ်စွာ စဉ်းစားနေသည်။ ထို့ပြင် အရေးကြီးသော ပေးစာများလည်း ရေးရန်ရှိသည်။

လျင်မြန်သော အောက်တိုဘာနေ့များကား တရိပ်ရိပ် ကုန်ဆုံးနေသည်။ တစ်တိုင်းပြည်လုံး နိုးထအောင် မည်သို့ လုပ်လုပ်ပပ လုပ်နိုင်မည်နည်း။ လီနင်သည် သတိထားရမည့် အရာအားလုံး မမေ့လျော့အောင် ဖိုးရိမ်ပူပန်ခြင်းများ တစ်နေ့လုံး ဖြစ်နေခဲ့သည်။ စတီဖင်ဂီးလ်က ဘီးကို စတင်လိမ့်လိုက်သည်။ သူတို့ ဂေါ်ကီဆီသို့သွားရန်ပင်။

သူတို့ မြို့ထဲမှ ထွက်လာသည့်အချိန် ဗလာဒီမီယာအိုင်းရစ်ချ်က အိပ်မောကျသွားသည်။ သူ အိပ်ချိန်က နည်းပါးပေသည်။ တိုက်လာသည့်လေက အေးမြလတ်ဆတ်နေသည်။ နံနက်ခင်း ပန်းနုရောင်ကောင်းကင်ကလည်း ခမ်းနားသော ပန်းချီတစ်ခုလို။ နေက ထွက်ပေါ်လာပြီ။ ကျေးလက်တစ်ခွင်လုံး နွေးထွေးစွာ တောက်ပစွာ လွှမ်းခြုံနေပေပြီ။ လမ်းကတော့ ရေခဲနေသည်။ သူတို့ကား အဖုအထစ်များပေါ် ဖြတ်သန်းသွားသော ဘီးရာတို့က နောက်တွင် ကျန်ခဲ့သည်။ ဂီးလ်က ဖြည်းညင်းစွာ သတိထားပြီး မောင်းသည်။ ဗလာဒီမီယာအိုင်းရစ်ချ်မှာမူ လျင်မြန်စွာ မြင်းစီးရသလို

ဖြစ်ပြီး သူ့နှလုံးသားက စိတ်ချမ်းမြေ့နေသည်။

*''သင် ကားမောင်းနေတဲ့ပုံက ဒူးလေးကွေးပြီး လမ်းမှာတွေ့တဲ့ ကြက်ပေါက်လေးတိုင်းကို အရှိအသေပေးနေသလိုပဲ''*

ဂီးလ်က လီနင်၏အပြောင်အပြက်စကားတိုင်းကို ကြိုက်သည်။ သို့သော်လည်း သူ'ကားကို ဆီမဖြည့်နိုင်သေး။ သူသည် ကားပေါ်မှ ခရီးသည်တို့ထက် လမ်းမှ ရွာတွေထဲက ကြက်ကလေးတွေကို အလေးထားတာလည်း အမှန်ဖြစ်သည်။

ဂေါ်ကီက အိမ်ခြံဝင်းအဟောင်းတစ်ခု၌နေသည်။ ခြံဝင်းထဲဝင်လိုက်လျှင် အဖြူရောင်ပေါ်တီကိုအောက်သို့ ရောက်မည်။ ဘေးနှစ်ဖက်တွင် လှပသော ပန်းခြံက ဝန်းရံနေသည်။ ရှေ့တွင် အပင်ပုကလေးများက ရှင်းလင်းနေသည်။ တောင်ကုန်းငယ်လေးများတစ်ခုပေါ်မှတစ်ခု ဆင်းလာသောအခါ မြင်ကွင်းက ကျယ်ပြန့်လာသည်။ ကျယ်ပြောသော မြို့မြင်ကွင်းနှင့်အတူ ပိုဒိုလက်မြို့။

လီနင်က အဝေးမှတွေ့ရသော မြင်ကွင်းကို နှစ်သက်နေ၏။ မျက်လှည့်ပြသလို မြို့ကို ကျော်လွန်လာသောအခါ သစ်တောအုပ်များနှင့် အရောင်တောက်ပနေသော ပတ်ခါရာမြစ်၊ ၁၉၀၀ ပြည့်နှစ် ပြည်ပြေးဘဝနှင့် ရှုရှန်ကိုရီတွင် နေခဲ့ရပြီးနောက် ပိုဒိုလက်ကို ပြန်ရောက်ခြင်းဖြစ်သည်။ မော်စကိုမှ ပြည်နှင်ဒဏ်ပေးထားသော ညီအငယ်မစ်ယာနှင့် အမေဖြစ်သူတို့လည်း ထိုမှာနေကြသည်။ ညီအစ်မများလည်း ရှိကြသည်။ ဆွစ်ဇာလန်သို့မသွားမီက ထိုနေရာကို ရောက်ဖူးသည်။ ထိုအချိန်က ဗလာဒီမီယာ အိုင်းရစ်ချ်သည် တော်လှန်သောအလုပ်သမားတို့၏ အစွကာရာသတင်းစာထုတ်ဝေဖို့ ပြင်ဆင်ရန် ရောက်လာခြင်းဖြစ်သည်။

ပန်းခြံများကိုဖြတ်ကျော်ပြီးနောက် မြောက်ဘက်မှ အဆောင်ငယ်သို့ရောက်သည်။ ဗလာဒီမီယာအိုင်းရစ်ချ်သည် ပင်မအဆောင်ကြီးကိုမကြိုက်။ မြောက်ဘက်အဆောင်မှ တံခါးများနှင့် ပြတင်းများကလည်း သေးငယ်သည်။ မျက်နှာကြက်ကလည်း နိမ့်သည်။ ယခင် အိမ်ရှင်နေစဉ်က ထိုနေရာသည် အစေခံတို့အတွက်နေရာဖြစ်သည်။ အောက်တိုဘာတော်လှန်ရေးအပြီး ချမ်းသာသော ခြံပိုင်ရှင်များ နိုင်ငံခြားသို့ ထွက်ပြေးကြပြီးနောက် ထိုခြံဝင်းကျယ် အိမ်ကြီးမှာ အနားယူရာ အိမ်တစ်လုံးဖြစ်လာသည်။ ဆရာဝန်များက လီနင်ကို အနားယူဖို့ လေကောင်းလေသန့်ရဖို့ ညွှန်ကြားပြီးနောက် ကျန်းမာရေးထိခိုက်နေသော လီနင်သည် ဂေါ်ကီထံ ထွက်ခွာလာသည်။ လောင်ပိတ်မွန်းကျပ်နေသော ညီလာခံခန်းမတို့မှ အနားယူရန် အခွင့်အရေးရခြင်းလည်းဖြစ်သည်။

ရုတ်ရုတ်သဲသဲ မော်စကိုဘဝကနေ ဂေါ်ကီနှင့်အတူ အနားယူရန်ဖြစ်သည်။ ထိုနေရာတွင် သူ့ကို အနှောင့်အယှက်ပေးနေသော ခေါင်းကိုက်ခြင်းကလည်း ပျောက်ကင်းသွားသည်။

*''ခဏလေး လေကောင်းလေသန့်ရှူလိုက်တာနဲ့ မျက်နှာက ပန်းရောင်သန်းလာပြီ''*

နာဒက်ဇ်ဒါကွန်စတန်တီနိုဗာက မှတ်ချက်ပေးသည်။

*''ချစ်လှစွာသော အမျိုးသမီးများ ကျွန်တော့်ရဲ့ခရီးရှည် စတင်ပါပြီ''*

လီနင်က ရွတ်နောက်နောက် ပြောသည်။

ခြောက်သွေ့သော နေ့တစ်နေ့ဖြစ်ပြီး တစ်ချက်တစ်ချက် လေပြည်လေးက တိုက်သည်။ ရေခဲနေသောမြေကြီး သူတို့ ခြေဖဝါးအောက်တွင် ရှိနေသည်။ အပင်များပေါ်မှ အရွက်တို့က ကြွေကျနေသည်။ ပန်းခြံကို ညာဘက်မှ ဖြတ်ကျော်သွားကြသည်။ ပန်းခရမ်းခြံတစ်ခုက မားမားမတ်မတ် ရပ်နေသည်။ မိုန်ပျပျအရွက်များ ညှိုးငယ်စွာ တန်ဆာဆင်ထားသလိုရှိချေ၏။ လိမ္မော်ရောင်ဘယ်ရီသီးများ များပြားစွာ အပြွတ်အခိုင်လိုက်ရှိနေသော တောင်တန်းပြာတစ်ခုက ရုတ်တရက် မီးတောက်သလို ထွက်ပေါ်လာသည်။

စာကလေးငှက်တို့က ချုံတစ်ချုံမှ တစ်ချုံသို့ ဆူညံစွာ ကူးသန်းလျက်ရှိသည်။

အူရာနေ့ ပြည်နှင်ဒဏ်ခံရစဉ် နိုင်ငံခြား၌ ကိုယ်နှင့်မရင်းနှီးသော လမ်းများပေါ်တွင် စက်ဘီးစီးရင်း တောင်ပေါ်တက်ရင်း အချိန်များ ကုန်လွန်ခဲ့ရသည်။ သိပ်သည်းသော သစ်တောတစ်ခု မြင့်မားသော ချောက်ကမ်းပါးယံတစ်ခုတို့ထက် ပို၍ ဗလာဒီမီယာအိုင်းရစ်ချ် တွေ့လိုက်၏။

ဆွစ်ဇာလန်နိုင်ငံ၏ တောင်တန်းများနှင့် ရေကန်များမှာ အလွန်ခမ်းနားသည်။ သို့သော် ရုရှားကျေးလက်မြင်ကွင်းက သူ့နှလုံးသားအား ပို၍ နူးညံ့စေသည်။

*''ကြည့်ပါဦး ရေကန်လေးတစ်ခုပါလား''*

ဗလာဒီမီယာအိုင်းရစ်ချ် အော်ပြောသည်။

*''ချစ်စရာကောင်းတဲ့ နေရာလေးပဲ''*

မာရီယာကလည်း သဘောကျသည်။ ရေကန်၏အပေါ်လွှာက မီးခိုးပြာရောင်ထွင်းဖောက်မြင်နိုင်သော ပါးလွှာသော ရေခဲသားက ဖုံးအုပ်နေသည်။ မှန်ချပ်ဖုံးအုပ်ထားသလိုနှင့်လည်းတူသည်။ တောင်ကတုံးတို့ကလည်း အောက်သို့ အရိပ်ဖုံးလွှမ်းနေသည်။ ရှုပ်ထွေးနေသော ချုံပုတ်များက ကုန်းမြင့်တစ်လျှောက် သွယ်ဆင်းနေသည်။

ရေခဲတို့အောက်၌ ပေါင်းမြက်တို့က လွင့်မျောနေသည်။

ရုတ်တရက် ရေကန်ထက်မှ ခေါင်းလောင်းသံကဲ့သို့ ထွက်ပေါ်လာသည်။ တစ်စုံတစ်ဦးက တူရိယာတစ်ခု တီးခတ်နေသံမျိုးဖြစ်သည်။ ထိုအသံတို့ ဆက်လက် တုန်ခါနေဆဲ။

ကျောက်စရစ်ခဲတစ်လုံးကို ရေခဲပေါ်သို့ ပစ်တင်လိုက်သည်။ ရေကန်ထဲသို့ လျှောကျသွားပြီး ရေခဲမြည်သံတစ်ခုပြုသလို ရှိချေ၏။

*"အံ့ဩစရာပဲ"*

ဗလာဒီမီယာအိုင်းရစ်ချ် အသက်ရှူရင်းပြောသည်။

ချုံပုတ်နောက်တွင်ရပ်နေသော ကလေးနှစ်ဦးကို သူတို့ သတိပြုမိကြသည်။ မိန်းကလေးတစ်ဦး ယောက်ျားလေးတစ်ဦးဖြစ်ပြီး အသက်က ရှစ်နှစ်ခန့်ဝန်းကျင်ဖြစ်သည်။ ယောက်ျားလေးက ကျောက်ခဲကို ပစ်ချလိုက်ခြင်းဖြစ်သည်။

*"သီချင်းသံကိုကြားလား၊ ရေကန်ကိုဖြတ်ပြီး လာတဲ့အသံလေ"*

မိန်းကလေးက ပြော၏။

*"ရေခဲနေတဲ့ အပေါ်ကနေ တစ်နေ့လုံးမြည်အောင်လုပ်ယူလို့ရတယ်"*

ယောက်ျားလေးက ရှင်းပြသည်။ ရေခဲတွေက ပါးလာတယ်၊ ဒါမှမဟုတ် နှင်းတွေက ကျနေတယ်ဆိုရင် သီချင်းသံ မထွက်တော့ဘူး"

*"နောက်တစ်လုံးလောက် ပစ်လိုက်ဦး"*

နောက်ထပ် ခဲတစ်လုံး ရေကန်ထဲသို့ကျသွားသည်။ ရေခဲမြည်သံတစ်ခု နောက်တစ်ကြိမ် ဖြစ်ပြန်သည်။

*"အိုး..."*

မိန်းကလေးက ကြောက်ရွံ့သွားသည်။ လူစိမ်းများကို သတိပြုမိ၍ ဖြစ်သည်။

*"ဟဲလို..."*

ယောက်ျားလေးက ဦးထုပ်ကိုချွတ်၍ နှုတ်ဆက်သည်။

ဗလာဒီမီယာအိုင်းရစ်ချ်ကလည်း 'ဟဲလို'ဟု ပြန်နှုတ်ဆက်သည်။ အနားသို့ လျှောက်သွားပြီး မေးသည်။

*"ဘယ်က လာသလဲ"*

*"ဂေါက်ဒီဇိမ်က လာတာ၊ ဒီပေါ်မှာ"*

ယောက်ျားလေးက ပြန်ပြောသည်။

ဂေါ်ကီက အနီးနားရှိ ရွာတွင်ရှိသည်။

*"ကျွန်တော် လောင်းရဲတယ်၊ ခင်ဗျားတို့ မော်စကိုက လာတာဖြစ်မယ်"*

ယောက်ျားလေးက ဆို၏။

*"ပြောတာ မှန်တယ်၊ မင်း ရေခဲပွက်အပိုင်းလေးလုပ်တဲ့ပုံကို သဘောကျတယ်"*

*"အခုလေးတင် သိသွားတယ်နော်၊ အများကြီး ပစ်မချရဘူး"*

ယောက်ျားလေးက ကြွားလိုက်သလိုပြောသည်။

*"သင်က အရေးကြီးတဲ့သူဆိုတာ လောင်းရဲတယ်၊ ဟုတ်တယ်မဟုတ်လား"*

*"အခု အားလုံး အလင်းရောင် ရနေပြီး"*

မိန်းကလေးက ပြော၏။

*"အဲဒါ အလက်ထရစ်စီတီလို့ခေါ်တယ်၊ အဲဒီလိုကောင်းအောင် မော်စကိုက လုပ်တာ၊ ချက်ချင်း မှောင်နေရာကနေ တစ်ရွာလုံး လင်းလာတယ်"*

ယောက်ျားလေးက ဆက်ပြောနေ၏။

*"အဲဒီလို မြင်နေရတာ ကြိုက်တယ် မဟုတ်လား"*

လီနင်က နောက်ပြောင်လိုဟန်နှောလျက် ပြောသည်။

*"ဟုတ်တာပေါ့ ဘာကြောင့် မကြိုက်ရမှာတုန်း၊ နောက်ပြီး အားလုံး ဆက်ပြီး ကောင်းနေမယ်ဆိုတာလည်း လောင်းရဲတယ်"*

ကလေးတို့ အကြည့်ချင်း ဖလှယ်ကြသည်။ ယောက်ျားလေးက ဦးထုပ်ကို နောက်တစ်ကြိမ် ချွတ်၍နှုတ်ဆက်သည်။ 'ဂွတ်ဘိုင်' ထိုအချိန်လေး ပြီးဆုံးသွားပြီး နောက် သူတို့လည်း မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားသည်။

ဗလာဒီမီယာအိုင်းရစ်နှင့် အမျိုးသမီးနှစ်ဦးသည် ပန်းခြံအတွင်းသို့ ဖို၍ ဖို၍ တိုးလျှောက်သွားကြသည်။ သူက အမျိုးသမီးတို့ကို စကားဆက်ပြောနေသည်။ သူတို့ ကား ခရီးတစ်ခုကို သွားခဲ့ကြသည်။ ရေကန်ငယ်လေးမှနေ အိမ်ပေါ်သို့လျှောက်သွား သော လမ်းကလေးကမူ တိုတောင်းပါသည်။

When The Ice Rang By Maria Prileghyeva
Translated by Fainna Glagoleva

ယဉ်မိုးစာအုပ်တိုက်